
# ထောင်နှင့်မိခင်

လူထုဒေါ်အမာ



မျက်နှာဖုံးဒီဇိုင်း – ဘငွေးကြည်

၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ

ပထမအကြိမ်

အုပ်ရေ – ၁၀၀၀

တန်ဖိုး – ၁၀၀၀ ကျပ်

ထုတ်ဝေသူ – ဦးငြိမ်းချမ်း (မြဲ – ၀၁၂၇၁)
ကြီးပွားရေးစာအုပ်တိုက်
၂၂၁၊ ၈၄ လမ်းနှင့် ၃၃ လမ်းထောင့်၊
မန္တလေး။
ဖုန်း ၀၂ – ၃၉၇၁၇၊ ၆၀၁၃၆

ပုံနှိပ်သူ – ဦးငြိမ်းချမ်း (မြဲ – ၀၃၁၉၅)
လူထုကြီးပွားရေးပုံနှိပ်တိုက်
၂၂၁၊ ၈၄ လမ်းနှင့် ၃၃ လမ်းထောင့်၊
မန္တလေး။
ဖုန်း ၀၂ – ၃၉၇၁၇၊ ၆၀၁၃၆

၈၉၅.၈၃

လူထုဒေါ်အမာ

ထောင် နှင့် မိခင် / လူထုဒေါ်အမာ။

မန္တလေး။

ကြီးပွားရေးစာအုပ်တိုက်၊ ၂၀၁၃။

၁၃၉ – စာ၊ ၁၂.၅ စင်တီ x ၁၈.၅ စင်တီ။

(၁) ထောင် နှင့် မိခင်။

# ထောင်နှင့် မိခင်

လူထုဒေါ်အမာ

# မာတိကာ

ထောင်နှင့်မိခင် ■ လူထုဒေါ်အမာ


| | | စာမျက်နှာ |
|---|---|---|
| ၁။ | အမှာစကား | ၇ |
| ၂။ | အကျဉ်းသားလွှတ်တဲ့ (၈) နှစ်မြောက်နေ့ | ၁၁ |
| ၃။ | လေထဲကဇာတ်လမ်း | ၁၇ |
| ၄။ | သားကြီးမွေးနေ့ | ၂၅ |
| ၅။ | သားဆီကပထမဆုံးရတဲ့စာ | ၂၉ |
| ၆။ | သတင်းစာဆရာဘဝ လွမ်းနေတဲ့ကလောင် | ၃၂ |
| ၇။ | ဖိုးသံရဲ့ စာပေအရည်အသွေး<br>ရွှေမန်းတင်မောင် ဝေဖန်ချက် | ၃၆ |
| ၈။ | သားဖိုးသံကို လွှတ်ပေးမယ်ပြောပြီ | ၄၂ |
| ၉။ | မျှော်တုန်းမျှော်ဆဲ | ၅၀ |
| ၁၀။ | လွှတ်တော့လွှတ်မှာပါပဲ | ၅၆ |
| ၁၁။ | ချင်းတောင်ခရီး | ၅၉ |
| ၁၂။ | သစ္စာတရားက အောင်ပွဲခံရမယ် | ၆၃ |
| ၁၃။ | သားတစ်ယောက် ပြန်ရောက်တဲ့နေ့ | ၆၆ |
| ၁၄။ | သားလွတ်တဲ့နေ့ | ၇၈ |
| ၁၅။ | ( ၂၉ ဩဂုတ် ၁၉၇၆ ) သားသွားတဲ့နေ့ | ၉၂ |
| ၁၆။ | သားငယ်လေးဆီကစာ | ၉၉ |

စာမျက်နှာ


| | |
|---|---|
| ၁၇။ အဖမ်းအဆီး ၁၉၄၅ | ၁၀၄ |
| ၁၈။ အဖမ်းအဆီး ၁၉၅၃ | ၁၁၃ |
| ၁၉။ အဖမ်းအဆီး ၁၉၇၈ | ၁၃၄ |


■



# အမှာစကား

အမေရေးတဲ့စာတွေကို စုထုတ်လိုက်တဲ့ စာအုပ်ထဲမှာ ကျွန်တော်က အမှာရေးမယ်လုပ်တော့ အတော်ကလေး မဝံ့မရဲ ဖြစ်မိတယ်ဆိုတာကို အရင်ဆုံး ဝန်ခံလိုပါတယ်။ နောက်ပြီး ရေးထားတာကလည်း ကျွန်တော့် အကြောင်း အကောင်းတွေချည်း ရေးထားတာဆိုတော့ ပိုပြီးတွေဝေမိပါတယ်။ ဒါပေမဲ့ အခြေအနေက ကိုယ်မှမရေးရင် ဘယ်သူမှ ရေးနိုင်တာမဟုတ်တော့ မျက်နှာကိုငုံ့ပြီး ရေးလိုက်ပါတယ်။

တကယ်က ဒီအမေ့ရေးသားချက်လေးတွေ ကျွန်တော့်လက်ကို ရောက်နေတာက အတော်ကိုကြာသွားပါပြီ။ အမေရေးခဲ့တဲ့အချိန်ကတော့ ပိုလို့တောင်ကြာတာပေါ့။ လွန်ခဲ့တဲ့ နှစ်ပေါင်းလေးဆယ်ကျော်လောက်က ရေးထားတာတွေပါ။ ကျွန်တော် တရုတ်ပြည်ထဲမှာ ရောက်နေတယ်။ လူကြုံ ပါးရင် ဖြစ်မယ်ဆိုတာကို သိတာနဲ့ အမေက ကျွန်တော့်ဆီကို သူရေးထားတာ လေးတွေကို ကျွန်တော့်ဆီ အရောက်ပို့ပေးခဲ့ပါတယ်။ ဒါ့ကြောင့် ဒီ အမေ့ မှတ်တမ်းလေးတွေ ကျွန်တော့်လက်ထဲကိုရောက်နေတာ အနှစ်နှစ်ဆယ်နီးပါး တောင် ရှိပါပြီ။ ကျွန်တော် ထောင်ကလွတ်ပြီးနောက် အဖေအမေနဲ့နေခဲ့တဲ့ လေးနှစ်တာကာလအတွင်း အမေက သူ ဒီလိုရေးထားတာတွေရှိတယ်လို့ ပြောတောင်မပြောဖူးပါဘူး။

ကျွန်တော့်ဆီကို ပို့ပေးတုန်းက အမေက ငါ့သားဖတ်ဖို့ ဆိုပြီးတော့သာ ပေးလိုက်တာကတစ်ကြောင်း၊ တခြားလူတွေ ထိခိုက်ကုန်မှာကလည်း

တစ်ကြောင်းကြောင့် ကျွန်တော်က ဘယ်စာစောင်မှာမှ မထည့်ခဲ့၊ ဘယ်ဝက်ဘ်ဆိုက် ဘလော့ဂ်ဆိုက်မှ မတင်ခဲ့ပါဘူး။ အခုမှ ပြည်သူ့မျက်စိအောက် မပို့ရသေးတဲ့ အမေ့လက်ရာတွေကို ရောက်အောင် ပို့သင့်တယ်လို့ သုံးသပ်ဆုံးဖြတ်ပြီး ကိုရဲငြိမ်းတို့တစ်တွေကို အကူအညီတောင်းလိုက်တာပါ။ စာအုပ်ထုတ်တဲ့ အချိန်ကာလကိုတော့ ကျွန်တော် ထောင်ကလွတ်တာ (အဖေနဲ့ အမေတို့ အင်းစိန်ထောင်ကို လာကြိုတာ) အနှစ်လေးဆယ်ပြည့်တဲ့ ဒီနှစ်ကို ရွေးလိုက်ပါတယ်။

တကယ်တော့ အမေဟာ ကျွန်တော်တို့ မြန်မာပြည်ထဲက သောင်းဂဏန်းလောက်ရှိတဲ့ အကျဉ်းကျသားသမီးတွေရဲ့ မိဘတွေထဲက တစ်ယောက်သာပါ။ (သူကိုယ်တိုင်တောင် ထောင်ထဲဝင်လိုက်ရပါတယ်။) သူများတွေနဲ့ မတူတာက သူက စာရေးသိပ်ဝါသနာပါပါတယ်။ ဒါ့ကြောင့် သူ့ဝါသနာ၊ သူ့ကလောင်ကို မထိန်းချုပ်ဘဲ သူ့ခံစားချက်လေးတွေကို မှတ်တမ်းတင်ထားတဲ့ စာတွေလို့ ဆိုနိုင်ပါတယ်။ ဒီအထဲမှာ တခြားကိစ္စတွေအပြင် ကျွန်တော့် အဖေနဲ့ အမေတို့ ဗိုလ်ချုပ်နေဝင်းနဲ့ တွေ့ကြပုံ၊ ကျွန်တော့်ကိုလွှတ်ဖို့ ထောက်လှမ်းရေးဗိုလ်တစ်ဦးကို သွားတွေ့ရပုံ စတာတွေဟာ စိတ်ဝင်စားစရာကောင်းလှပါတယ်။ ကျွန်တော် ထောင်ကလွတ်လာတော့ "မင်း ထောင်ထဲမှာ ရှိနေတုန်းမှာ တို့က မင်းလွတ်ဖို့အတွက် ဘယ်သူ့ကိုမှ သွားမပြောဘူး၊ ထောင်ထဲမှာ ရှိနေတဲ့ ငါ့သားကို ဂုဏ်ထိခိုက်အောင် မလုပ်ဘူးဆိုပြီး အောင့်အည်းကြိတ်မှိတ်နေခဲ့ကြတာ" ဆိုတဲ့စကားကို ကျွန်တော် အမြဲသတိရနေပါတယ်။ ကျွန်တော် ထောင်ထဲတုန်းက အမေ့မှာ အတူကြိတ်ခံစားဖို့ အဖော်ရှိခဲ့ပေမယ့် ကျွန်တော့်ညီ ဆယ်နှစ်နီးပါး ထောင်ထဲရောက်သွားတော့ အမေ့ခမျာ တစ်ယောက်တည်း ကြိတ်ခံရရှာမှာပဲလို့လည်း တွေးနေမိပါတယ်။

အမေက ဒီစာတိုတွေကို စာအုပ်ထုတ်ဖို့ ပို့လိုက်တာမဟုတ်လေတော့ အခု စာအုပ်ထုတ်မယ်လုပ်တဲ့အခါ စာအုပ်ကို နာမည်ပေးဖို့တာဝန်လည်း ကျွန်တော့်အပေါ်ပဲ ရောက်လာပါတယ်။ အရင် ကျွန်တော်အိမ်မှာနေတုန်းက အမေရေးတဲ့ စာအုပ်တချို့အတွက် နာမည်တွေကို အမေက ပေးခိုင်းတာနဲ့ ကျွန်တော်ပေးခဲ့တာတွေ ရှိပါတယ်။ ဒါပေမဲ့ အခုပေးရမှာက မတူပါဘူး။ ဟိုတုန်းက ကျွန်တော်က နာမည်ပေးပြီး အမေက အတည်ပြုတာပါ။ အခုဟာက ကျွန်တော်တစ်ဦးတည်း ထင်ရာစိုင်းသလို ဖြစ်နေပါတယ်။ ဒီလိုနဲ့ အဖေရေးခဲ့တဲ့ စာပေဗိမာန်ဆုရခဲ့တဲ့ "ထောင်နှင့် လူသား" ဆိုတဲ့ စာအုပ်ကို အတုယူပြီး "ထောင်နှင့် မိခင်" လို့ နာမည်ပေးလိုက်ပါတယ်။ အမေသာရှိနေရင် အမေက သဘောတူမှာပဲလို့ အောက်မေ့လိုက်ပါတယ်။

နောက်ဆုံးအနေနဲ့ ကျွန်တော့်လက်ထဲကို ဒီစာမူလေးရောက်အောင် ပို့ပေးတဲ့လူတွေနဲ့ စာအုပ်လေးဖြစ်လာအောင် ဝိုင်းဝန်းကူညီပေးကြတဲ့ ကိုရဲငြိမ်းနဲ့ အလင်းအိမ်အဖွဲ့ စာပေစစ်သည်များကို အထူးကျေးဇူးတင်ရှိကြောင်း ဖော်ပြလိုက်ပါတယ်။

■ ဖိုးသံ (လူထု)



## အကျဉ်းသားလွတ်တဲ့ (၈) နှစ်မြောက်နေ့

၂-၃-၉၀

ကနေ့ တောင်သူလယ်သမားနေ့ တော်လှန်ရေးအစိုးရတက်တဲ့ ၈ နှစ်မြောက် နေ့ပဲ။ မနက်ကတည်းက တောင်သူ လယ်သမားနေ့ လူထုစည်းဝေးပွဲကို ချီ တက်ဖို့ ဆော်ဩသံတွေနဲ့ ဆူညံနေတယ်။

၈ နာရီခွဲလောက်ရောက်တော့ ဝမ်း တွင်းက လေဘာတီမမြရင်ရဲ့မောင်ဝမ်းကွဲ ဦးအောင်ကင်းလာတယ်။ ပျားရည်ပုလင်း နဲ့ လက်သုတ်ပဝါ ပါလာတယ်။ သူငှား ထားတဲ့ မဏိစည်သူ အောင်ဗလ ဓာတ် ပြားတွေနဲ့ စာအုပ်တွေ ပြန်တောင်းရ အောင် လာတာပဲ။ ဓာတ်ပြားထုပ်တော့ ပြန်ပေးလိုက်တယ်။ စာအုပ်ထုပ်က ရှာ မတွေ့လို့ မပေးလိုက်ရဘူး။ ဘယ်များ ပျောက်နေသလဲမသိဘူး။ သူ့ဆီကို မလှိုင်

လား၊ မိတ္ထီလာလား၊ မလှိုင် အလှူထင်ရဲ့ သွားရင်း ဝင်ဖူးတယ်။ ဒီလို ကိုယ်ဝင်လို့ပဲ သူ့ကို မိတ္ထီလာ M.I.S က တစ်နေ့လုံး ခေါ်စစ်လိုက်တာတဲ့။ ည ၈ နာရီခွဲမှ ပြန်လွှတ်သတဲ့။ သူက သူတို့ ဆီက အဆင်မပြေတဲ့ ကိစ္စတွေကို ဗိုလ်မှူးချုပ် တင်ဖေဆီကို စာရေးတိုင်ဖူးသတဲ့။ အဲဒီစာရဲ့မိတ္တူကို သူတို့ဆီ ပြန်ပို့လိုက်တော့ နလက,က သူ့ကိုအငြိုးထားပြီး ဒီလိုဒုက္ခပေးတယ်လို့ ထင်သတဲ့။ M.I.S က ဦးလှနဲ့ ဒေါ်အမာ ဘာလုပ်လာသလဲ၊ မော်စီတုန်းတံဆိပ် တွေ ပေးမသွားဘူးလား ဆိုတာမျိုးတွေ မေးလိုက်တာ၊ ချော့တစ်ခါ ချောက်တစ်လှည့်နဲ့တဲ့။ ခြိမ်းခြောက်မှုကလည်း တယ်ကြီးသကိုး။

ညပိုင်းကျတော့ စောအုံးကြူဆီက ဖုန်းရတယ်။ ဦးထွန်းမြင့် လွှတ်ပြီတဲ့။ ကိုထွန်းဖေလည်း လွှတ်ပြီတဲ့။ သနားပါတယ်။ ၈ နှစ် တိတိ အဖမ်းခံရတာပဲ။ ဒါနဲ့ နေ့လယ်ကမှ အိမ်ကပြန်သွားတဲ့ ဦးထွန်းမြင့်သမီး မီးမီးလေးဆီကို ဖုန်းဆက်ပြောလိုက်ရတယ်။ ကိုယ့် သားကလေးများ ဒီလိုလွှတ်လာရင် ဘယ်လောက်ကောင်းမယ်လို့ သူ့အဖေကတော့ ငါ့သားလွှတ်လာရင် မိန်းမပေးစားမယ်တဲ့လေ။ ဩော်...အဖေ အဖေ သားတွေကို လွမ်းရတာလည်း မနားဘူး။ အမေကလည်း ထိုနည်းလည်းကောင်းပဲ။ နို့ပေမယ့် ဖွင့်မပြောဘဲ ကြိတ်ထားကြတာ များပါတယ်။

မနေ့ညက အိပ်ခါနီးတော့ စောအုံးကြူတစ်ယောက်တော့ ဒီည အိပ်လို့ပျော်မှာမဟုတ်ဘူးလို့ ဦးလှကို ပြောမိပါတယ်။ အိပ်ရာ ဝင်တော့ ထီပေါက်တဲ့လူ ရှုံးမှာစိုးလို့ မရှုံးအောင် သတင်းပေးကြရာမှာ တကယ်ပေါက်တဲ့လူက မရှုံးဘဲ လာပြောတဲ့လူကို ပေါက်ရင် တစ်ဝက်ခွဲပေးပါရဲ့ဗျာလို့ပြောလို့ လာပြောတဲ့လူ ရှုံးရတယ်ဆိုတဲ့ ပုံပြင်လိုပဲ စောအုံးကြူကတော့ အိပ်ပျော်မပျော် မသိဘူး၊ ဒီမှာဖြင့်

လင်မယားနှစ်ယောက်စလုံး အိပ်မရကြဘူး။ သူအိပ်မပျော်တာလည်း ကိုယ်သိ၊ ကိုယ်အိပ်မပျော်တာလည်း သူသိ ဖြစ်နေကြတယ်။ သား ကလေးများ လွတ်လာမလားဆိုတဲ့ စိတ်ကူးနဲ့၊ စိတ်လှုပ်ရှားပြီး အိပ်လို့ကို မရတော့ဘူး။ မနက် ၃ နာရီအထိ မပျော်သေးဘူး။ မနက် ၄ နာရီနီးမှ အိပ်ပျော်သွားတယ်။ အိပ်ပျော်တော့လည်း အိပ်မက်အပြည့်နဲ့။ သားလေးဖိုးသံသာမကဘူး၊ သားကြီးကိုဝင်းပါ ပြန်လာသတဲ့။ သူ့ကိုတွေ့နေရပြီ၊ မြင်နေရပြီ။ M.I.S က စကား မပြောနဲ့ဦးဆိုလို့သာ သားအမိ စကားမပြောရသေးဘဲ ဖြစ်နေတာတဲ့။ မိုးလင်းတော့ အိပ်မက်တွေနဲ့ စိတ်ကူးတွေနဲ့ ရောလို့ ထွေးလို့။

ဒါပေမဲ့ မနက်မှာ ဦးချစ်ဆွေရဲ့နှမ မင်္ဂလာဆောင်သွားရမှာမို့ ကပျာကယာ အဝတ်လဲပြီး မင်္ဂလာဆောင်သွားကြရတယ်။ အဲဒီက ပြန်တော့ ညနေခင်းမှာ ဦးစောသမီးကလေး ဈေးစပ်ကြောင်းလမ်းတာ ကို မိန်းကလေးဘက်က လက်ခံသူ လုပ်ပေးပါဦးလို့ မိန်းကလေး အဖေက ပြောတာနဲ့ သွားရပြန်တယ်။ သတို့သားက ရှမ်းပြည်စကား စော်ဘွားသားတဲ့။ သူတို့ချင်းချစ်လာတာကို မိဘက လက်ခံရတဲ့ အဖြစ်။ မိန်းကလေးက M.A FII ဆိုတော့ စာသင်ရင်းတန်းလန်းမို့ ဖအေက ဘဝင်မကျရှာဘူး။ မျက်နှာမပျက်အောင် မနည်းကြီး ဟန် လုပ်နေရှာတယ်။ ဦးလှက သမီးချင်းစာနာလို့ ချစ်တဲ့မိတ်ဆွေရဲ့ သမီးကလေးဟာ သူ့သမီးလေးလိုပဲ အောက်မေ့ပြီး သူလည်း စိတ် မကောင်းဘူး။ မင်္ဂလာလက်ခံစကားပြောတော့ အသံတွေများ တုန်လို့၊ ကလေးမလေးက အိမ်ကိုလည်း ဝင်ထွက်နေတာကိုး။

သူများသားသမီး အိမ်ထောင်ရေးတွေကြည့်ပြီး ကိုယ့်သားသမီး တွေအားလုံး အရွယ်ရောက်ကြပြီ။ အိမ်ထောင်ရေးပြဿနာ ဘယ်သူ့ အတွက်မှ ဘာမှလည်း မကြုံရသေးတော့ စိတ်ပူတာလား၊ ခေါင်းကြီး

တာလား၊ ဖြစ်စေချင်တာလား၊ မဖြစ်စေချင်တာလား ဝေခွဲလို့မရတဲ့ အဖြစ်တွေ ဖြစ်လာလိုက်တာ၊ ဦးစောမိန်းမ ဒေါ်သန်းလှိုင်က အစ်မကြီးရယ် လောကဟာ ကိုယ်ဖြစ်စေချင်သလိုမဖြစ်တဲ့ လောကပါတဲ့။ သမီးအကြီးကို အရွယ်လွန်သွားပြီး အမှားမှားအယွင်းယွင်းတွေ ဖြစ်မှာစိုးလို့ အိမ်ထောင်ပြုစေချင်လိုက်တာ။ ဒါပေမဲ့ သမီးအကြီးက မပြုဘူးတဲ့။ သမီးကြီးအသက် ဘယ်လောက်ရှိပလဲမေးတော့ ၂၆ နှစ် ရှိပါပကော။ သူ့အတွက်တော့ ဒီလိုဟာတွေ မစိုးရိမ်ရဘူးလား၊ သူကောတစ်သက်လုံး အပျိုကြီးလုပ်မတဲ့လား။ သူကလည်း သူ့ကြိုက်တဲ့လူ ခုထိမတွေ့သေးဘူးဆိုပြီး ပူရပင်ရပြန်တယ်။

အဲဒီ သူများကိစ္စတွေ ပြီးသွားတဲ့အခါ ဖိုးသံကလေးများ လွတ်လာမလား၊ ခုနေ ကိုကိုးကျွန်းက ခေါ်လာပြီး ရန်ကုန်များ ရောက်နေပလား ဆိုတာတွေလည်း တွေးမိသေးရဲ့။

ကိုထွန်းဖေက တယ်လီဖုန်းဆက်တယ်။ သူ အပါတို့အိမ်ကို ရောက်နေပတဲ့။ ဖိုးသံအကြောင်းလည်း စုံစမ်းခဲ့မတဲ့။ လင်မယားနှစ်ယောက် မျက်နှာချင်းဆိုင်ရင် ဖိုးသံအကြောင်း ပြောမိတယ်။ ပြီးတော့ မမျှော်နဲ့၊ မျှော်လင့်ချက် သိပ်မထားနဲ့။ သူတို့က ဖိုးသံလေးကို အဖေအမေနဲ့ အစ်ကို့နောက်ခံကားကြီးပေါ်မှာ တင်ထားပြီး မှန်ဘီလူးနဲ့ ပုံကြီးချဲ့ကြည့်နေတာ။ ကိုကိုးကျွန်းခေါ်သွားတယ်ဆိုတာ ဧရာမ နိုင်ငံရေးလူဆိုးစာရင်း သွင်းတာမို့ ခေါ်သွားတာ၊ လွတ်တော့ လွတ်လိမ့်မပေါ့။ အစကစာရင် အခု ၃ နှစ်နဲ့ ၈ လ ရှိပါပြီ။ နီးပါပြီလို့ တွက်ရတယ်။ ဘယ်ကလာလိုက်လာလိုက် ဖိုးသံကလေးသတင်းကဖြင့် "သိပ်ခေါင်းမာတယ်" ဆိုတာကို မြည်မြည်ကြီးတစ်သံတည်းလာတယ်။ M.I.S ကပဲ လွှင့်နေတဲ့သတင်း ဖြစ်လိမ့်မယ်။ ဒါမှ ဒီကောင်ကို မလွှတ်ဘဲထားတာ တရားရာရောက်မှာပေါ့။

စိတ်တွေလှုပ်ရှားလွန်းလို့ စာရေးတာ ရေးလို့မရဘူး။

အစိုးရအာဏာသိမ်းတာ ၈ နှစ် ပြည့်တဲ့နှစ်မှာ နိုင်ငံရေးအကျဉ်းသမား ၂၀၀ ကျော် အကျဉ်းထောင်တွေက လွှတ်လိုက်တယ်။ မန္တလေးက ၂၃ ယောက် လွတ်တယ်။ လွတ်တဲ့အထဲမှာ သံချောင်းဆိုတဲ့နာမည်ပါလို့ သတင်းစာပထမဆုံးဖတ်တဲ့ သားဘိုညိုက အမေ့ဆီတော့ စာတွေလာတော့မှာပဲတဲ့။ ဘာလို့လဲဆိုတော့ လွတ်တဲ့စာရင်းမှာ သံချောင်းဆိုတဲ့နာမည် ပါလို့တဲ့။ သူပြောလို့မှ သိပ်မကြာသေးခင် ဆရာမြမျိုးလွင်မိန်းမ ဒေါ်သောင်း ရောက်လာတယ်။ ဖိုးသံချောင်းလွတ်ပြီမို့လား၊ လွတ်ရင် သူ့ဘကြီးက အိမ်လွှတ်လိုက်ပါဦးတဲ့။ ဒါကြောင့် ခုထိတော့ အိမ်မရောက်လာသေးဘူး။ သတင်းလည်းမရဘူး။ သတင်းစာထဲက သံချောင်းလည်း သူမဟုတ်ဘူး ထင်တယ်လို့ ပြောလိုက်ရတယ်။

နေ့လယ်ကျတော့ ရန်ကုန် မစိန်ဆီက အင်္ကျီပေးလာပြန်ရော။ အင်္ကျီစနဲ့အတူ ရေးလိုက်တဲ့စာထဲမှာ ဖိုးသံလွတ်တယ်လို့ ရန်ကုန်မှာ သတင်းဖြစ်နေလို့ သူ့ကို တမေးမေးနဲ့ နေကြသတဲ့။

တော်တော်ကလေးနေပြန်တော့ ဖိုးသံရဲ့ သူငယ်ချင်းကလေး တစ်ယောက် လာမေးပြန်ရော။ ရန်ကုန်က လွှတ်လာတဲ့ လူတစ်ယောက်က မန္တလေးထောင်က ရွှေ့ခံရတဲ့လူကိုး။ သူလည်း အတူနေခဲ့ရတဲ့ ဖိုးသံအကြောင်း လာပြောပြန်ရော။

ရန်ကုန်က ဦးလှထွန်းလွင်ဆီက ဖုန်းလာသတဲ့။ ဖိုးသံ လွတ်သလားလို့၊ ဖုန်းသံကြားရင် ရန်ကုန်က ဖိုးသံလွတ်ပြီလို့ အကြောင်းကြားမယ့် ဖုန်းလားလို့ အမေနဲ့အဖေက ရင်တဖိုဖိုနဲ့ နားစွင့်ရတာကလည်း အမောပဲ။ ပြီးတော့ တစ်ခါ သိပ်လည်း မျှော်လင့်ချက်မထားကြနဲ့လို့ အချင်းချင်း သတိပေးရပြန်ရော။

လွတ်လာတဲ့ လူတစ်ယောက်ကတော့ သူတို့လွတ်တာ (၁) အာဏာသိမ်းတဲ့ နှစ်လည်နေ့မို့၊ (၂) ထိန်းသိမ်းထားရတာ စားရိတ်ကြီးလို့ နှစ်ကြာတဲ့လူကို လွှတ်တာလို့ ထင်သတဲ့။ ဟုတ်ပါလိမ့်မယ်။ ၈ နှစ်သမား၊ ၅ နှစ်သမား၊ ၄ နှစ်သမားတွေ အများကြီးဟာကိုး။ လွတ်ကြတဲ့လူစာရင်းမှာ ဒေါက်တာဆင်ဖိုးပါတာ တော်တော် ဝမ်းသာစရာကောင်းတယ်။ သူ့မိန်းမကို သနားလွန်းလို့ သူတို့သားအမိသားအဖတစ်တွေတော့ ပျော်နေရှာကြရော့မယ်။ ကလေးလူစဉ်မမီတာ ကလေးတွေနဲ့ သူ့မိန်းမ ဒုက္ခများရှာတဲ့သူမို့ ပိုသနားရတယ်လေ။

▣

၁၅ – ၆ – ၇၀

လွန်ခဲ့တဲ့ ဆယ်ရက်လောက်က ကျွန်မနဲ့ တွေ့ချင်လို့ဆိုတဲ့ တယ်လီဖုန်းသံတစ်ခု လာပါတယ်။ ဒါနဲ့ သွား နားထောင်လိုက်တော့–

"ဒေါ်ဒေါ် ဖိုးသံချောင်း အိမ်မှာ ရှိသလား" တဲ့။

"ဖိုးသံချောင်း မလွတ်သေးပါဘူး" လို့ ကျွန်မက ပြန်ဖြေလိုက်တော့–

"ကျွန်တော် ဖိုးသံချောင်း သူငယ်ချင်းပါ။ မန္တလေး စိုက်ပျိုးရေးတက္ကသိုလ်က နည်းပြဆရာပါ။ ကျွန်တော့်ဆီကို လူတစ်ယောက်လာပြီး ဖိုးသံချောင်းတို့ တောင်ငူနား ကားမှောက်လို့ အဲဒါ အရေးတကြီး ငွေလိုနေလို့ ငွေ ၁၀၀ ပေးပါလို့ တောင်းနေပါတယ်။ ကျွန်တော်က မပေးလိုက်ဘူး"

"လိမ်တောင်းတာ ဖြစ်မှာပေါ့"

"ဟုတ်ပါတယ်၊ ကျွန်တော်ကလည်း သံသယရှိလို့ မပေးလိုက်တာပါပဲ၊ ဒေါ်ဒေါ်တို့သိရအောင် ပြောထားတာပါ"

"ကျေးဇူးတင်ပါတယ်"

တယ်လီဖုန်းချသွားတော့ ကျွန်မသား လွတ်နေပြီဆိုတဲ့ အထင်နဲ့ လိမ်မလို့ကြံတဲ့ လူတစ်ယောက် ဖြစ်လိမ့်မယ်။ သူ့သူငယ်ချင်းက အကင်းပါးလို့ တော်ပါသေးရဲ့လို့ အောက်မေ့လိုက်ပါတယ်။

ပြီးခဲ့တဲ့ မတ်လတုန်းက အထိန်းသိမ်းခံတချို့ လွှတ်တဲ့အထဲမှာ မန္တလေးအကျဉ်းထောင်က လွှတ်တဲ့လူတွေရဲ့စာရင်းမှာ သံချောင်းဆိုတဲ့ နာမည်တစ်ခု ပါပါတယ်။ အဲဒါကို ကျွန်မတို့သား ဖိုးသံချောင်းခေါ်တဲ့ မောင်ချစ်ခင် လွှတ်တာလို့ထင်ပြီး မိတ်ဆွေတွေ တော်တော်များများဆီက လူကိုယ်တိုင် လာမေးကြ၊ ဖုန်းဆက်ပြီး ဝမ်းသာစကားပြောကြ၊ စာနဲ့ရေးပြီး ဝမ်းသာစကားပြောကြနဲ့ ကျွန်မက ကျွန်မတို့သား မဟုတ်သေးတဲ့အကြောင်း တော်တော်ကြာ ရှင်းပြောခဲ့ရတယ်။

အဲဒါကိုအမှီပြုပြီး ခုလည်း လိမ်ချင်တဲ့လူက ဖိုးသံချောင်းအပြင်ရောက်နေတယ်ဆိုတဲ့အထင်နဲ့ လိမ်ပေါက်ထွင်တယ် ထင်ပါရဲ့။ တော်ပါသေးရဲ့ အလိမ်မမိလိုက်လို့လို့ အောက်မေ့ပြီး ဒီကိစ္စ မေ့ပစ်လိုက်တယ်။ ဖိုးသံချောင်းသူငယ်ချင်း ကျူတာဆိုတဲ့ လူရဲ့နာမည်ကိုလည်း မှတ်မထားလိုက်မိဘူး။

မနေ့ကတော့ မနက်စောစောမှာ တယ်လီဖုန်းကနေပြီး ဒေါက်တာခင်မေလွင်ဆိုတာက ကျွန်မနဲ့ စကားပြောချင်လို့တဲ့။

ဒါနဲ့ ကောက်နားထောင်လိုက်တော့ မနေ့ညက သူ့အိမ်ကို လူတစ်ယောက်လာပြီး ဖိုးသံချောင်းတို့ တောင်ငူနားမှာ ကားမှောက်လို့ ငွေ ၁၀၀ ပေးလိုက်ပါဆိုပြီး တောင်းသွားတယ်။ သူနဲ့ ဖိုးသံချောင်းက သိပ်ခင်တယ်။ သူ့အိမ်က ဒီငွေပေးလိုက်တယ်လို့ ပြောပါတယ်။

ကျွန်မက ဖိုးသံချောင်းမှ မလွတ်သေးဘဲ ငွေလိမ်တောင်းသွားတာပေါ့လို့ ပြောတော့ ဟုတ်တာပေါ့တဲ့။ သူက မန္တလေးဆေးရုံကြီးမှာ ညဂျူတီဆင်းနေတာ၊ ငွေလာတောင်းချိန်က သူမရှိဘူး။ အခု သူပြန်လာမှ ဒီအကျိုးအကြောင်း သိရတယ်။ သူက ဒေါ်ခင်မေလွင်လို့ ခေါ်ပေမယ့် သူ့အသက်က ၂၂ နှစ်ပဲ ရှိပါသေးတယ်။ မနေ့ညက ဆေးရုံကြီး ၃ ထပ်က အလယ်ထပ်မှာ ညနေ ၆ နာရီက ည ၁၂ နာရီအထိ တာဝန်ကျနေလို့ တာဝန်ပြီးတော့ ဆေးရုံမှာပဲအိပ်ပြီး မနက်လင်းမှ အိမ်ပြန်လာတော့ ဒီအကြောင်းကို သိရတယ်။ အဲဒါ အန်တီ ဘယ်လိုလုပ်ချင်သလဲတဲ့။

ကျွန်မ ဘယ်လိုလုပ်ရမလဲ မသိသေးဘူး။ လွန်ခဲ့တဲ့ ၁၀ ရက်လောက်တုန်းကလည်း ဖိုးသံချောင်း သူငယ်ချင်းတစ်ယောက်ဆီကို ဒီလိုပဲပြောပြီး ငွေလာတောင်းသတဲ့။ ဒီပုံပြင်နဲ့ လိုက်လိမ်တောင်းနေတဲ့ လူတစ်ယောက်တော့ ရှိနေပြီပေါ့လို့ ပြန်ပြောတော့ ဒေါ်ခင်မေလွင်က သူလည်း သိပ်စိတ်ဆိုးတယ်။ ဒါကြောင့် ဒီကိစ္စကို M.I.S တိုင်မယ်၊ သူက နန်းတော်ထဲက ဗိုလ်မှူးထွန်းအောင်ကျော်ရဲ့ သမီးပဲတဲ့။

ဖုန်းချသွားတော့ ကျွန်မက တော်တော်စိတ်မကောင်း ဖြစ်လိုက်တယ်။ ဗိုလ်မှူးထွန်းအောင်ကျော်တော့ ငွေ ၁၀၀ အလိမ်ခံလိုက်ရပြီ။ လိမ်တဲ့လူတွေကလည်း တယ်ရဲပါကလားလို့ဆိုပြီး ဒီကိစ္စကို ဦးလှ ပြောပြတယ်။ ဦးလှလည်း စိတ်မကောင်းဘူး။ သူနဲ့ ကျွန်မနဲ့ ဘယ်လို လုပ်ရင်ကောင်းမလဲလို့ စဉ်းစားနေတုန်း တစ်ခါ တယ်လီဖုန်းလာပြန်ရော။

ဗိုလ်မှူးထွန်းအောင်ကျော်က ကျွန်မကို စကားပြောချင်လို့တဲ့။ ကျွန်မကောက်နားထောင်လိုက်တော့ မနေ့ညက ၇ နာရီခွဲလောက်

မိုးကလေးစိပ်စိပ်ရွာနေတုန်း လူတစ်ယောက် လာတယ်။ ဒီလူက ကျောက်ပေါက်မာသက်သက် အသားကပ်ကပ်တဲ့။ ဖိုးသံချောင်းနဲ့ သူ့သမီးနဲ့က သမီးရည်းစား ဖြစ်နေကြတယ်။ အဲဒါကို သူကသိတော့ လွန်လွန်ကျွံကျွံဖြစ်မှာစိုးလို့ နည်းနည်းဟန့်လိုက်တော့ ဖိုးသံချောင်း သူ့အိမ်ကို မလာတော့ဘူး။ နို့ပေမယ့် သူတို့ အခင်မပျက်ဘူး။ ဟိုလူ ငွေလာတောင်းတော့ သူက ယုံပြီးထုတ်ပေးလိုက်တာ။ အဲဒါ ဒေါ်အမာတို့ ဒီကိစ္စကို ဘယ်လိုလုပ်ချင်သလဲ၊ သမီး ခင်မေလွင်က တော့ သိပ်စိတ်ဆိုးနေတယ်တဲ့။

ကျွန်မလည်း ဟုတ်ရာမှာပဲ၊ လိမ်တဲ့လူကလည်း အတင့်ရဲလိုက်တာလို့ပြောတော့ ဒီအကြောင်း သတင်းစာထဲ ထည့်ကြေညာရင် ကောင်းမယ်ထင်သတဲ့။

ကျွန်မတို့စဉ်းစားပြီး သင့်ရင်လုပ်ရမှာပဲ။ ခင်မေလွင်ကတော့ M.I.S ကို တိုင်မယ်လို့ ပြောပါတယ်။ ကျွန်မတို့လည်း ရဲကိုတိုင်မှ ထင်ပါရဲ့လို့ ပြန်ပြောတော့ ဗိုလ်မှူးက သူတို့ အ,လို့ခံလိုက်ရတာပဲလို့ တော်တော်ခံပြင်းသံနဲ့ ပြန်ပြောပါတယ်။ ဒါနဲ့ ကျွန်မကလည်း အားနာပြီး အ,လို့ရယ်လည်း မဟုတ်ပါဘူး။ ကရုဏာစိတ်ကို အလွဲသုံးစား လုပ်သွားတာပါလို့ တောင်းပန်လိုက်ပါတယ်။

ပြီးတော့ ဦးလှနဲ့ ကျွန်မနဲ့ တိုင်ပင်ကြတယ်။ ရဲကိုတော့ အကြောင်းကြားမှ ဖြစ်မှာပဲဆိုပြီး ရဲကြီးကြပ်ရေးမှူး ဦးစောဆီကို ဖုန်းဆက်ရတယ်။ ကျွန်မရဲ့သားနာမည်ကို အလွဲသုံးစားပြုပြီး လူတစ်ယောက် လိုက်လိမ်နေပါတယ်။ လွန်ခဲ့တဲ့ ၁၀ ရက်လောက်ကလည်း တစ်ခါ ကျွန်မကြားပါတယ်။ အခုလည်း နန်းတော်ထဲက ဗိုလ်မှူးထွန်းအောင်ကျော်တို့အိမ်က ငွေ ၁၀၀ လိမ်တောင်းသွားပါသတဲ့လို့ပြောတော့ ဦးစောက ကျွန်တော် စုံစမ်းပါမယ်။ အခုပဲ နမခသွားစရာ ရှိပါသေးတယ်။ သွားရင်း စုံစမ်းခဲ့ပါမယ်တဲ့။

ကျွန်မတို့က နန်းတော်အရှေ့ဘက်မှာ ကျွန်မတို့နဲ့သိတဲ့ ဗိုလ်မှူးထွန်းအောင်ကျော်ရှိတယ်။ အခု နေမကောင်းလို့ မေမြို့စစ်ဆေးရုံတက်နေတယ်။ သူ့မှာလည်း သမီးကြီးမရှိဘူး။ နန်းတော်ထဲမှာ ဗိုလ်မှူးထွန်းအောင်ကျော် နောက်တစ်ယောက် ရှိသေးတယ်လို့လည်း မကြားဖူးပါဘူးလို့။

နောက်ပြီး ကျွန်မသားရဲ့ရည်းစား ဆရာဝန်မရယ်လို့လည်း ကျွန်မ မကြားဖူးဘူး။ ဘာပဲဖြစ်ဖြစ် ဆေးရုံကြီးမှာ စုံစမ်းဦးမယ်ဆိုပြီး ဆေးရုံအုပ်ကြီးကို ရန်ကုန်က အောင်လာပြီး မန္တလေးဆေးရုံကြီးမှာ အလုပ်သင်ဆရာဝန်လုပ်နေတဲ့ ဒေါက်တာခင်မေလွင်ဆိုတာ ရှိသလားလို့မေးတော့ ဆေးရုံအုပ်ကြီးက ဆရာဝန်စာရင်း လှန်ကြည့်ပြီး အဲဒီနာမည်မျိုး မရှိဘူးတဲ့။ ခင်မေရီ၊ ခင်မေစန်း၊ ခင်မိမိလွင်ဆိုတဲ့ နာမည်တွေပဲ ရှိသတဲ့။

ဒါနဲ့ သူတာဝန်ကျတယ်ဆိုတဲ့ မွေးရုံကို မနေ့ညက အလှည့်ကျ လက်ထောက်ဆရာဝန်ကို မေးကြည့်တော့လည်း အလှည့်ကျ လက်ထောက် ဆရာဝန် ဦးမြသွင်လင်းက အဲဒီအချိန် ကျွန်တော် ရှိပါတယ်။ ဒေါ်ခင်မေလွင်ဆိုတာ မရှိပါဘူးတဲ့။

ဒါနဲ့ မစဉ်းစားတတ်အောင် ဖြစ်နေတုန်း ဒေါ်ခင်မေလွင်ဆီက ဖုန်းလာပြန်ရော။

ဖုန်းက သူတို့ကို ဒီလိုလိမ်သွားတာ သူ့စိတ်ဆိုးတယ်။ ဒါကြောင့် M.I.S ကိုလည်း တိုင်မယ်၊ ရဲလည်းတိုင်မယ်၊ ဒေါ်ဒေါ့်ဆီကိုလည်း လာခဲ့မယ်တဲ့။

ခဏနေတော့ ဗိုက်မှူးထွန်းအောင်ကျော်ဆီက ဖုန်းလာပြန်ရော။ သူ့သမီးက သိပ်စိတ်ကြီးတယ်။ ဒါကြောင့် လာလို့ရှိရင် ဒေါ်အမာက ပြေရာပြေကြောင်း ချော့မော့လွှတ်ပါ။ ဆေးရုံကပြန်လာပြီး ကာဖီ

ကလေးတစ်ခွက်တောင် သောက်မသွားဘူး။ အဲဒီဘက်ကို ထွက်လာလေရဲ့။

မနေ့ကလာတဲ့လူက စာတစ်စောင်ယူလာတာ၊ စာကို ကျွန်တော်ဖတ်ပြမယ် နားထောင်။

*ဒေါက်တာဒေါ်ခင်မေလွှင်*

*မေ,*

*ကိုတို့ တောင်ငူနားမှာ ကားမှောက်တယ်။ ဒါကြောင့် ရန်ကုန်ဆေးရုံကို သွားမယ်။ အခုလာတဲ့ ရန်ကုန်တက္ကသိုလ် ပါဏဗေဒဌာန ကထိက ကို……ကို ငွေ ၁၀၀ ပေးလိုက်ပါ။*

*ဖိုးသံချောင်းတဲ့။*

"ဗိုလ်မှူးက ဖိုးသံချောင်းလက်ရေးကို မြင်ဖူးသလား"

"ကျွန်တော် မမြင်ဖူးဘူး။ ကျွန်တော့်သမီးနဲ့သာ ဆက်သွယ်နေတာ"

"နေပါဦး ဗိုလ်မှူးရယ် လိမ်တဲ့လူကလည်း အတင့်ရဲလှချည်လား၊ နန်းတော်ထဲက အပြင်လူတွေ ဒါလောက်အဝင်အထွက် လွယ်သလား"

"ကျွန်တော်တို့နန်းတော်က ညနေ ၄ နာရီကစပြီး ဝင်တဲ့လူတွေကို စစ်တယ်၊ ထွက်တဲ့လူတော့ မစစ်ဘူး။ အဲတော့ ၄ နာရီမတိုင်ခင်က ဝင်နေတာ ဖြစ်နိုင်တယ်"

"အပြင်ကလူမဟုတ်ဘဲ နန်းတော်တွင်းက လူတစ်ယောက်ယောက်များ ဖြစ်နေပါဦးမယ်"

"ဟာ မဟုတ်နိုင်တာပဲ၊ ကျွန်တော် ဖိုးသံချောင်းကိုတွေ့ပြီးမေးကြည့်ပြီးပြီ၊ အဲဒီလူကို သူမသိဘူးတဲ့"

"ဟင် ဗိုလ်မှူး ဖိုးသံချောင်းကို ဘယ့်နှယ်လုပ်တွေ့သလဲ၊ သူ ဒီမှာမရှိဘူးဆို"

"အို သူ့ကိုတွေ့နိုင်တဲ့လူကတစ်ဆင့် တွေ့တာပေါ့။ အဲဒီကို ကျွန်တော့်သမီးလာရင်သာ ဖျောင်းဖျလွှတ်လိုက်ပါ။ ဒေါ်အမာ့ကို ကျွန်တော် တစ်ခါမြင်ဖူးပါတယ်။ စီပီလိုင်းက ဆရာမကြီးဒေါ်သင်းထုံ အသုဘတုန်းက ဒေါ်အမာတို့ ဖိယက်ကားဖြူကလေးနဲ့ မသာပို့တယ် ဟုတ်လား၊ အဲဒီတုန်းက မြင်လိုက်တာပါ"

"ကျွန်မတို့တော့ သတင်းစာထဲမှာ လူလိမ်တစ်ယောက် ဒီလို လိုက်လိမ်နေပါတယ်လို့ ကြော်ငြာမယ်လည်း စိတ်ကူးတယ်၊ ရဲလည်း တိုင်လိုက်ပြီ"

"ရဲတိုင်လိုက်ပြီလား"

"ဟုတ်ပါတယ်၊ ဦးစောကို တိုင်လိုက်ပါပြီ"

"ဦးစောက ဘာပြောလဲ"

"နန်းတော်ထဲသွားမယ်၊ ဗိုလ်မှူးနဲ့ တွေ့မေးမယ် ပြောပါတယ်"

"အို ကျွန်တော်က အခု မေမြို့တက်တော့မှာ"

"ဒါဖြင့် ဦးစောကို ဖုန်းနဲ့ပြောပါ၊ သူ့ဖုန်းနံပါတ်က.........ပါ"

"ကောင်းပြီလေ"

ကျွန်မသားရည်းစားဆိုတဲ့ ဆရာဝန်မကလေး ဆေးရုံကြီးမှာ လည်း ခြေရာကောက်လို့မရတဲ့ မိန်းကလေးတစ်ယောက် အိမ်လာမယ် ဆိုလို့ ကျွန်မက တစောင့်စောင့်နဲ့ ဖြစ်နေပါတယ်။ ရွှေမန်းတင်မောင် စာအုပ်အတွက် ရွှေမန်းတင်မောင်နဲ့တွဲပြီး ဆိုင်းတီးသွားတဲ့ စိန်ငှက်ရိုး အကြောင်း မေးဖို့ခေါ်ထားတဲ့ ဆိုင်းဆရာ စိန်ဘမောင်ကြီးတို့လည်း ဧည့်ခန်းထဲက တစောင့်စောင့်ပေါ့။

ကျွန်မတို့လည်း ဗိုလ်မှူးထွန်းအောင်ကျော်နဲ့ သူ့သမီးဒေါက်တာခင်မေလွင်ဆိုတဲ့ လေထဲကအသံရှင်တွေ ပြောတဲ့ ဇာတ်လမ်းကို တဖြည်းဖြည်း စဉ်းစားမေးမြန်းကြည့်တော့ နန်းတော်ထဲမှာလည်း ဗိုလ်မှူးထွန်းအောင်ကျော်ဆိုတာ မရှိ၊ မန္တလေးဆေးရုံကြီးမှာလည်း ဒေါက်တာခင်မေလွင်ရယ်လို့မရှိ၊ ကျွန်မသားမှာ ရည်းစား ခင်မေလွင်ရယ်လို့လည်း မရှိတာမို့ အလိမ်အညာဇာတ်လမ်းမှန်း သူ့ကိုစောင့်ရင်းစောင့်ရင်း သိသိလာပါတယ်။

ဒါပေမဲ့ သူက ကျွန်မကို လာတွေ့ဦးမယ်ဆိုလေတော့ တကယ်ပဲ လာဦးမှာလား လာဦးမှာလားနဲ့ နေ့ခင်းအထိ တမွေးမွေး စောင့်နေခဲ့ရပါတယ်။

ဒီအကြောင်း ရေးနေတဲ့အထိ ခင်မေလွင်ဆိုတာကတော့ မပေါ်လာဘူး။ ရဲအရာရှိဦးစောဆီကိုလည်း ဗိုလ်မှူးထွန်းအောင်ကျော်က ဖုန်းဆက်သတဲ့။ ဦးစောက အိမ်မှာမရှိဘူး၊ သမီးကလေးနဲ့ပဲ သူတွေ့တယ်။ သမီးကလေးကို သူက ဘယ့်နှယ်မှာသလဲဆိုတော့ “ဦးစောကို ပြောလိုက်ပါ၊ ဒီအမှု ရှေ့ဆက်ပြီး ဘာမှမလုပ်ပါနဲ့” တဲ့။

ကျွန်မတို့က ရဲမတိုင်ရသေးဘူးဆိုရင် ကျွန်မဆီလာပြီး ငွေ ၁၀၀ “ဒေါက်တာခင်မေလွင်နဲ့ ဗိုလ်မှူးထွန်းအောင်ကျော်” ဆိုသူတွေက လိုချင်တယ်ထင်ပါရဲ့။ ခုတော့ ရဲတိုင်လိုက်ပြီဆိုလို့ ပေါ်မလာဘူး။

ဒီအကြောင်းကို မိတ်ဆွေတွေ ပြောပြတော့ ပုံစံအမျိုးမျိုးနဲ့ လိမ်ပြီး ငွေတောင်းသွားတာတွေ တော်တော်များများ ကြားရပါတယ်။ ■

## သားကြီးမွေးနေ့

စက်တင်ဘာ (၃၀) ရက်၊ ၁၉၇၀။

၃၀ – ၉ – ၇၀

ဒီကနေ့ သားကြီးမွေးတဲ့နေ့၊ သူ့အသက် ၂၉ နှစ် ပြည့်ပြီပေါ့။ ၂၈ ရက်နေ့ညက အိပ်မက်မက်တယ်။ သားဝင်း အိမ်ပြန်လာတယ်တဲ့။ သူ့ကို ကိုယ်က ဧည့်သည်တွေရှိနေလို့ ရတ်တရက် စကားမပြောရ၊ နှုတ်မဆက်ရဘူး။ ဧည့်ပြန်သွားမှ “ငါ့သား” လို့ အားရပါးရခေါ်ပြီး နှုတ်ဆက်ရတယ်။ အိမ်မှာနေတုန်းက အတိုင်းပဲ။

မိုးလင်းလို့ သမီးသန်းရင်မာကို အိပ်မက်ပြောပြတော့ နက်ဖြန်ခါ ကိုကို့ မွေးနေ့တဲ့။ ဟုတ်တာပေါ့။ စက်တင်ဘာ ၃၀ ရက်ဟာ သားမွေးနေ့ပဲ။ ပြက္ခဒိန် ကြည့်လိုက်တော့ တော်သလင်းလကွယ်နေ့ ဖြစ်နေတယ်။ (ဗမာမွေးရက်ကတော့

သီတင်းကျွတ်လဆန်း ၁၁ ရက် မို့ ၁၁ ရက်ကွာတယ်။) ဒါကြောင့် အေး မေမေ အဲဒီနေ့ ဥပုသ်စောင့်မယ်။ ပြီးတော့ အလှူတစ်ခုလည်း လုပ်ချင်တယ်။ သမီးတို့ဆေးရုံမှာ လူနာတွေ ဆေးထိုးအပ်မရှိလို့ အပ်ကောက်၊ အပ်တုံးကြီးတွေနဲ့ ထိုးနေရတာ၊ သွေးသွင်းတဲ့ Drip Set က အပ်တွေနဲ့ ထိုးနေရတာကို မေမေ စိတ်မကောင်းဘူး။ ဆေးထိုးအပ် ဝယ်လှူချင်တယ်။ ဆင်းရဲတဲ့လူနာတွေ ဝယ်မသောက်နိုင်တဲ့ဆေးလည်း ဝယ်လှူချင်တယ်။ ငွေ ၃၀၀ အမေလှူပါရစေလို့ ပြောလိုက်တယ်။



ညနေကျတော့ တောင်ကြီးစောအုံးကြူဆီက မိုးသဇင်ခြင်း တစ်ခြင်း ရောက်လာတယ်။ ဖွင့်လိုက်တော့ ပန်းတွေက လှလိုက်တာ စိမ်းလို့။ အပွင့်တွေကလည်း ဝေလို့။ ဒါနဲ့ မနေ့တစ်နေ့ကမှ သဇင်ပန်း ထည့်ဖို့ဆိုပြီး မှောင်ခိုက ဒေါ်သန်းဆယ် ဝယ်ပေးထားတဲ့ China Swallow တံဆိပ်ပါတဲ့ ကြွေပန်းကန်တွေထဲ သဇင်ပန်းတွေ ထည့်ပြီး ဘုရားကိုလည်းတင်၊ သူရဿတီကိုလည်း တင်လိုက်တယ်။ စိတ်ထဲ ချမ်းသာကြည်နူး ဖြစ်လိုက်တာ။ ဦးလှက အိမ်မှာမရှိဘူး။ ရန်ကုန်သွားနေတယ်။ ကျွန်တော်စတီးပွဲစား၊ ဆံန်နဲ့ ကျွန်တော် သတင်းထောက်ရေးဖို့ အချက်အလက်ရှာထွက်နေတယ်။ လဆန်း သုံးလေးရက်မှ ပြန်လာမှာတဲ့။

ဒါကြောင့် ည ဖုန်းဆက်တော့ သားမွေးနေ့ ဘုရားသွားပါ၊ ကုသိုလ်ကောင်းမှုလည်းပြုပါ၊ အမာ ဥပုသ်စောင့်မယ်၊ အလှူလှူမယ် လို့ ပြောလိုက်တယ်။ ဒီမနက်တော့ ဘုရားမှာ သီလယူတယ်၊ ပုတီးစိပ်တယ်၊ ပရိတ်ရွတ်တယ်။ ငွေ ၃၀၀ ကိုလည်း ဆေးရုံလှူဖို့ ကိုယ့်ဘာသာ ဘုရားရှေ့မှာ ရေစက်ချလိုက်တယ်။ ဒီကောင်းမှုအစုစု ကြောင့် အမျိုးသားအကျိုး၊ အများအကျိုး၊ ပြည်သူ့အကျိုး၊ စာပေ အကျိုးကို ဒီလင်၊ ဒီသား၊ ဒီသမီးတွေနဲ့ စုံစုံညီညီ အသက်ရှည်ရှည် အနာကင်းကင်း စိတ်ချမ်းသာသာနဲ့ အောင်အောင်မြင်မြင် တက်ညီ လက်ညီ ဆောင်ကြဉ်းနိုင်ပါရစေ။ အများအကျိုး သယ်ပိုးနေတဲ့ သားကြီးကိုစိုးဝင်း အန္တရာယ်ကင်းလို့ ဘေးရှင်းပါစေ။ ကြံတိုင်းအောင် ဆောင်တိုင်းမြောက်ပါစေ။ ကျန်းမာပကတိ ချမ်းသာစွာရှိပါစေ။ အောင်ပွဲအဆင့်ဆင့်ခံပြီး မိဘနှစ်ပါးထံ ပြန်လာနိုင်ပါစေ။ အနှောင် အဖွဲ့ခံနေရတဲ့ သားကိုသံချောင်း ကိုကိုးကျွန်း အကျဉ်းစခန်းမှ အမြန်

ဆုံးလွတ်မြောက် အိမ်ပြန်ရောက်ပါစေလို့လည်း ဆုတောင်းလိုက်တယ်။

စိတ်ကြည်ကြည်လင်လင်နဲ့ ရေးနေတဲ့ ရွှေမန်းတင်မောင် စာအုပ်ရဲ့အပြီးသတ်၊ နိဒါန်းကိုလည်း ကနေ့ အပြီးရေးမယ်။ အောက်တိုဘာ (၅) ရက်မှာ စက်တင်မယ်။ နိုဝင်ဘာလဆန်းမှာ ထွက်မယ်လေ။

## သားဆီကပထမဆုံးရတဲ့စာ

၅-၁၀-၇၀

ဒီကနေ့ သားကလေးဖိုးသံချောင်းဆီက စာနှစ်စောင် ရောက်လာတယ်။ ၄ နှစ်နဲ့ ၃ လအတွင်းမှာ ပထမဆုံးရတဲ့စာတွေပဲ။ သူရေးတာ ၃ စောင်ရှိပတဲ့။ တစ်လတစ်စောင် ရေးတာတဲ့။ ပထမစာကတော့ ရောက်မလာဘူး။ သားဆီက စာကိုဖတ်ပြီး စိတ်ထဲမငြိမ်မသက်နဲ့ လှုပ်ရှားနေလိုက်တာ။ ရွှေမန်းတင်မောင် ဖြည့်စရာ ရေးစရာကို လုံးလုံးရေးလို့မရဘူး။ သူရေးတုန်းက ဘယ်လိုများနေလေမလဲ မသိဘူး။ စာတစ်စောင်ကပျောက်သလား၊ မပို့တာလား၊ ဘာတွေရေးထားသလဲနဲ့ပေါ့။

ဒီစိတ်တွေ ကြွတက်လာရင် ဖိဖိထားရတာတွေ၊ ကနေ့ပဲ ထပ်ဖိရပြန်ပြီ။

သူ့စာထဲမှာ ရင့်ကျက်မှုပါတယ်။ ခံပြင်းနာကျည်းမှုပါတယ်။ သူ ဘာလို့ ဒီလိုဟာတွေ ရေးပါလိမ့်လို့လည်း တွေးမိတယ်။ ဒီလိုဟာတွေ မရေးတော့ ဘယ်လိုဟာတွေ ရေးရမလဲ။ ကိုယ်က ရေးရမယ်ဆိုရင် ကော ဘာတွေရေးရမှာလဲ။ အားလုံးကိုဖုံးဖိပြီး "ငါ့သားရေ အမေတို့ နေကောင်းကြတယ်၊ ဘာမှစိတ်မပူနဲ့ ငါ့သားလည်း နေကောင်းအောင် နေ" ဆိုတဲ့ စာသုံးကြောင်းပဲ ရေးရမှာလား။ အဲဒီတော့ သူက ဘယ်လိုအောက်မေ့မလဲ။ သူ ပစ္စည်းလိုချင်သတဲ့။ ပြန်စာလည်း ရေးခိုင်းသတဲ့။ လွှတ်တော့မယ်ကြားတဲ့ ကောလာဟလကြီးကို ယုံပြီး မပို့ဘဲ၊ မရေးဘဲ နေရမှာလား။ လွှတ်လွှတ်မလွှတ်လွှတ် လုပ်စရာ ရှိတာ လုပ်ရမှာလား။ ဘာလုပ်ရမှာပါလိမ့်။

စာမရတော့ မရမရနဲ့ ရတော့လည်း ရင်ထဲမှာ ခံစားရတာ တင်းတင်းကျပ်ကျပ်ကြီး ရှိလိုက်ပါဘိတော့တယ်။ မြညွန့်ဆီကလည်း စာလာတယ်။ မောင်စိန်ဝင်းဆီကလည်း စာလာတယ်။ သူတို့အမေ တွေဆီကို။

သူ့အဖေက ရန်ကုန်က ကနေ့မှ ပြန်လာတယ်။ ဖိုးသံတို့ကို သီတင်းကျွတ်ကျရင် လွှတ်တော့မယ်လိုလို သတင်းကြားခဲ့သတဲ့။ ၄ နှစ်နဲ့ ၃ လ ရှိပါပြီ။ သားကလေးအသက်လည်း ၂၅ ပြည့်ပါပြီ။ ဖမ်းသွားတုန်းက အသက် ၂၀ မပြည့်သေးဘူး။

▣



## သတင်းစာဆရာဘဝ လွမ်းနေတဲ့ကလောင်

၂၄ - ၅ - ၇၁

ကနေ့ Parker 41 ဖောင်တိန် တစ်ချောင်း မောင်မောင်ဝယ်လာခဲ့တယ်။ ၃၀ ကျပ်ပဲ ပေးရသတဲ့။ ဒီဖောင်တိန်ဟာ ဟိုသမဝါယမ ဆိုင်ခေတ်တုန်းက ၂၉ ကျပ်လောက်ပေးရတယ်။ ရေးလို့ အလွန် လက်တည့်တဲ့ ဖောင်တိန်ပေါ့။ နောက်ပြီး နစ်ဘေး ဓားဘေးကလည်း ခံလိုက်တာ အလွန်ပဲ။ မတော်လို့ အောက်လွတ်ကျ နစ်ဘက်ကကျလို့ ကောက်သွားရင် ပြန် ဖြောင့်လို့ရတယ်။ သူ့နစ်က တယ်လည်း မာကြောတယ်။ အရုပ်တော့ဆိုးဆိုးပဲ။ ဒီ့ပေမယ့် နစ်မာပုံကတော့ ကညစ်သား။ ဒါကြောင့် နေ့တိုင်းနေ့တိုင်း လက်နဲ့ ကလောင်နဲ့မကွာ ကိုင်တဲ့လူအဖို့ ဒီနစ် ဟာ တုံးပေကတ်သတ်ရတဲ့ နစ်မျိုးပဲ။

ပြီးတော့ စာရေးဆရာ သတင်းစာဆရာဆိုတာ ရရာစက္ကူကြမ်းနဲ့ ရေးရတာ။ တစ်နေ့တစ်နေ့ကို စာရွက်ပေါင်း မြောက်မြားစွာ ရေးရတာ ဖြစ်ပေတော့ နှစ်ဟာ စက္ကူကြမ်းကြီးပေါ် သွေးပစ်သလို ကုန်လွယ်တယ်။ တော်ရုံသဖြင့်နှစ်ဆိုရင် ခဏနဲ့ တုံးသွား စားသွား ပြားသွားတာပဲ။ ဒီပတ်ကား ၄၁ ကတော့ တော်တော်နဲ့ စာလုံးပြား မလာဘူး။ ဒါကြောင့် သိပ်ကြိုက်တယ်။ နို့ပေမယ့် သူက တော်လှန်ရေး အစိုးရခေတ်မှာ ဈေးတက်သွားလိုက်တာ ၇၉ ကျပ် ဆိုလားပဲ။ ဘာကြောင့်များ ဒါလောက် ခုန်ပြီးတက်ရတယ် မဆိုနိုင်ဘူး။ ဈေးတက်ချင်တက် သူ့တော့ ရတုန်းဝယ်ထားဦးမှဆိုပြီး တက်ဈေးနဲ့လည်း ဝယ်ထားရတယ်။

ခုတစ်ခါ ဒီကလောင်ပါပဲ တစ်ချောင်းကို ၃၀ ကျပ်တဲ့ ကျပြန်ပြီ ဒလဟော။ ဘယ်သူတွေက ဘယ်လိုဈေးတွက်ပြီး ဘယ်လိုရောင်းနေမှန်းကို မသိဘူး။ ပန်းချီ ဆီဈေး ကင်းဗတ် စုတ်တံတွေ အလွန့်အလွန် ဈေးကြီးနေလို့ ပန်းချီဆရာတွေ ဖျစ်ဖျစ်မြည်အောင် ညည်းကြ၊ ကာတွန်းဆရာတွေက ဒီအကြောင်း မနားတမ်း ကာတွန်းရေးကြနဲ့ ဖြစ်နေတာလည်း ဖောင်တိန်ဈေးလိုပဲ တစ်ယောက်ယောက်က တလွဲ ဝင်တွက်ထားလို့ ဖြစ်ပါလိမ့်မယ်။ ခု ဖောင်တိန်ဈေးကျသလို ပန်းချီ ပစ္စည်းဈေးတွေ ကျကုန်ရင်လည်း အကောင်းသား။ ခုဖြင့် ပန်းချီ ပစ္စည်းက မကျသေးဘူး။

ရေးလို့ကောင်းတဲ့ ဖောင်တိန်၊ ကိုယ်ကြိုက်တဲ့ ဖောင်တိန်ကို ဝယ်လို့ရတာကတော့ ဟုတ်ပါပြီ။ ရေးစရာမရှိတာက ခက်တယ်။ ရေးချင်တာ မရေးရ၊ မရေးချင်တာ ရေးရတဲ့ ဒုက္ခကလည်း သိပ်တော့ မသေးဘူး။

ကမ္ဘာ့နိုင်ငံရေးတွေ အပြောင်းအလဲ အလှုပ်အရှား သိပ်များနေတာကို သတင်းစာတကာမှာ ဖတ်ဖတ်ပြီး ကိုယ်က ဘာမှမရေးရတော့ တော်တော်ခက်တယ်။ အရှေ့တောင်အာရှက ပြည်သူနိုးကြားမှုကလည်း ကြီးလိုက်တာ လွန်ပါရော။ တဖြည်းဖြည်းနဲ့ အုံကြွတော်လှန်လာတဲ့ နယ်ပယ်ကြီးကလည်း ပြန့်ရာက ကျယ်၊ ကျယ်ရာက ထိလုစပ်လုမတတ် ဖြစ်လာပြီ။ အားရစရာ အားတက်စရာကြီးတွေပါပဲ။

အမေရိကန်ပြည်ထောင်စုမှာ ပြည်သူတွေရဲ့ လှုပ်ရှားရုန်းကန်မှုကြောင့် ဧရာမပေါက်ကွဲမှုကြီးတွေ ခဏခဏပေါ်လာတာကလည်း အားရစရာ အားတက်စရာကောင်းလိုက်တာ။

ဒီအတောအတွင်း "ပင်ပေါင် ဒီပလိုမေစီ" ရယ်လို့ အနောက်သတင်းထောက်တွေ နာမည်ပေးထားတဲ့ နိုင်ငံတကာဆက်ဆံရေး အခြေအနေကလည်း စိတ်ဝင်စားစရာကောင်းလိုက်တာ။

တရုတ်ပြည်နဲ့ ကုန်သွယ်ချင်တဲ့ ကုန်သည်တွေ အစိုးရတွေ ဣန္ဒြေမဆယ်နိုင်အောင် ဖြစ်လာကြပြီး သူ့ထက်ငါ လုယက်တိုးခွေ့နေတာကလည်း တယ်ကြည့်လို့ကောင်း။ ဒီအတိုင်းသာဆိုရင်ဖြင့် တရုတ်ပြည်ကြီးဟာ တရုတ်သန်း ၇၀၀ အတွက်သာမကပဲ ဟိုကကုန်ကိုဝယ်၊ ဒီကိုပို့ဆိုတဲ့ ကုန်စည်ဒိုင်ကြီးအလုပ်ကိုပါ လုပ်ပေးရတော့မလိုဖြစ်နေပြီ။

နယ်ချဲ့ကျူးကျော်ရေးစစ်ကြောင့် အမေရိကန်ဒေါ်လာဟာ အဖောင်းပွကြီး ဖောင်းပွလာပြီး ကယိမ်းကယိုင် ဖြစ်နေချိန်မှာ တရုတ်နဲ့ ကုန်သွယ်စမ်းပါရစေ၊ ကျွန်တော်တို့ဆီကဝယ်ပါ၊ သူ့ဆီက မယူပါနဲ့လို့ အလုအယက်ဖြစ်နေကြတဲ့ ကမ္ဘာ့ဈေးသည်တွေကိုကြည့်ရင်း နိုင်ငံရေးသံဝေဂလည်း ဖြစ်မိတယ်။ ရှုရှားဟာ အရင်းရှင်ဘက်ပြန်ယိမ်းတော့ ကမ္ဘာ့ခေါင်းဆောင်ဘဝက အရင်းရှင်နောက်လိုက်

ဖြစ်ရတယ်။ ထော်လှန်ရေးတပ်ဦးမှာ တရုတ်က ဦးဆောင်ချိတက်နေလို့ ကမ္ဘာ့ပြည်သူခေါင်းဆောင်နေရာကို တရုတ်တွေ အလိုလိုရောက်လာရတယ်။ ဒါတွေဟာ တကယ်တော့ ဘယ်သူမပြု မိမိမှုတွေပဲကိုး။

သားကိုသံချောင်းက ပြည်သူတွေအတွက် စာပေကတော့ လိုအပ်မြဲလိုအပ်လျက်ပါပဲတဲ့။ ဟုတ်တာပေါ့ သားရယ်၊ ဒီအချိန်မှာ အမေက မင်းသားမင်းသမီး ဇာတ်အငြိမ့်တွေအကြောင်းကိုသာပဲ ရေးနေရတယ်။ အမေ့ကလောင်က ယဉ်ကျေးမှုရေး၊ လူမှုရေးဆောင်းပါးလေးမတောက်တခေါက်၊ ဘာသာပြန်လေး မတောက်တစ်ခေါက်နဲ့ပဲ ပြီးနေရတယ်။ အမေဝယ်ထားတဲ့ ကလောင်တွေနဲ့ ရေးစရာရှိတာတွေရေးချင်ပါသေးတယ်။ ရေးနိုင်တဲ့အချိန်မှာ အမေ ကျန်းကျန်းမာမာထက်ထက်သန်သန် ရှိပါစေဦးလို့ အောက်မေ့ရတယ်။

ဒီစာရေးနေရင်း မိုးတွေရွာလာလိုက်တာ သဲသဲကြီးပဲ။ မိုးရွာရင်မိုးသည်းရင် ကိုကိုးကျွန်းမှာ အချုပ်အနှောင်ခံနေရတဲ့ သားကလေးဖိုးသံကို တယ်သတိရတယ်။ ဒို့ဆီမှာ ဒါလောက်ရွာရင် ပင်လယ်ထဲကသူတို့ကျွန်းကလေးမှာ ဘယ်လောက်များ ရွာနေမှာပါလိမ့်။ လှောင်ထားတဲ့ ကျဉ်းမြောင်းတဲ့ လှောင်အိမ်ထဲ မိုးရွာရွာနဲ့ ဘာများလုပ်နေကြလေမလဲ။ ကျားထိုး စစ်တုရင်ထိုးနေကြမလား၊ စာဖတ်နေကြမလား၊ စကားပြောနေကြမလား၊ စိတ်ညစ်နေကြမလားနဲ့ မွေးတဲ့အမေကတယ်သတိရတယ်။

▣

## ဖိုးသံရဲ့ စာပေအရည်အသွေး
## ရွှေမန်းတင်မောင် ဝေဖန်ချက်

၁၄–၆–၇၁

သားကလေး ဖိုးသံချောင်းဆီက စာမလာလို့ ဒီနေ့တော့ တနင်္လာနေ့ပဲ ပါချင်ပါမယ်ဆိုပြီး စာမျှော်လိုက်တာ ပြီးခဲ့တဲ့လကတော့ သူ့စာက လဆန်း (၅) ရက်မှာ ရတာကလား။ ဒီလတော့ တစ်ပတ်တောင် နောက်ကျနေပြီ။ စာက မျှော်ရင်းနဲ့ အားပျက်ရတာလည်း ရှိသေးတယ်။ မိုးတွင်းဆိုတော့ ကိုကိုးကျွန်းကို အသွားအလာ နည်းတယ်လို့ ကြားထားတော့ စာဟာ တစ်လတစ်ခါ မှန်မှန်မှ ဖတ်ရပါတော့မလားလို့ စိုးရိမ်ရတာက ရှိသေးတာကိုး။

စာမျှော်ပါမှ အတူးက စာတိုက်သွားယူနေကျဟာ ကနေ့ မယူပြန်ဘူးတဲ့။ မောင်မောင်က နေမြင့်မှ သွားယူတယ်။

ယူပြီး စာတွေ လာပေးတော့ သားစာက မပါဘူး။ ဒါကြောင့် ထမင်းစားပြီးတော့ တစ်ရေးအိပ်တယ်။ အိပ်နေတုန်း တယ်လီဖုန်းနဲ့ နှိုးလို့ ထ,နားထောင်တော့မှ ဖိုးသံဆီက စာလာတယ်တဲ့။ အိပ်ချင်တာတွေ အကုန်ပျောက်ကုန်တာပဲ။

စာက ခဲတံနဲ့ရေးတဲ့ စာလုံးသေးသေးလေးတွေကိုး။ မျက်စိကလည်း +၂.၅ မှန်နဲ့တောင် မှုန်နေပြီ။ +၃ လောက်တပ်ဖို့ မျက်လုံးကတောင်းနေပြီ။ ဒါကြောင့် သူ့စာကို နေ့ခင်းကြီး သူ့အဖေအခန်းထဲမှာ ၄ ပေ မီးချောင်းနှစ်ချောင်းအရောင်နဲ့ သိပ်မမြင်ချင်ဘူး။ အဲတော့ အနားမှာရှိတဲ့ သားဘိုညိုက ပေး အမေ ကျွန်တော်ဖတ်မယ်တဲ့။ ဒါနဲ့ လင်မယားနှစ်ယောက် ဘိုညိုဖတ်တာကို ဝိုင်းနားထောင်ကြတယ်။ သူ့စာက ရေးခွင့်ပြုတဲ့ ဖူးစကတ်တစ်ရွက် နှစ်မျက်နှာမှာ အပါနိုင်ဆုံး ရေးလိုက်တဲ့စာပဲ။ ငါ့သား အမေ့စာအုပ်တွေကို ဝေဖန်ပါဦးဆိုလို့ ဝေဖန်တာတွေ ပါတာလေ။ အထူးသဖြင့် ရွှေမန်းတင်မောင်ကို ဝေဖန်တဲ့အချက်တွေ အများကြီးပါတယ်။

ရွှေမန်းတင်မောင်ကို "အမေရေးသမျှထဲမှာ တင်မောင်ကို အမေက လူအနေနဲ့ သိလွန်းပြီး ပညာအနေနဲ့ အဝေးဆုံးမို့ ဒီအရုပ်ကို ကိုင်တွယ်ရာမှာ စာရေးဆရာအနေနဲ့ အဟပ်ကွာတယ်လို့ ခံစားမိသတဲ့။ မြရင်တို့ကျတော့ အထင်ကြီးမှုက အပြည့်တဲ့" တဲ့။ နောက်ပြီး အတ္ထုပ္ပတ္တိရေးရာမှာ ခေတ်ကာလနောက်ခံက အရေးကြီးသတဲ့။ ခေတ်နောက်ခံ နိုင်ငံရေးနောက်ခံပေါ်မှာ တင်ပြနိုင်မှ ရုပ်က ကြွလာသတဲ့။ ရွှေတလေးရေးတော့ နိုင်ငံရေးနောက်ခံတွေ ရုပ်ရှင်ပြသလိုမြင်ရတယ်။ ဆရာငြိမ်း Suicide လုပ်တာကို ဖတ်ရတော့ အရင်းရှင် လူနေမှုစနစ်ဆိုးကြီးကို စိတ်နာတယ်။ တင်မောင့်ကို ရေးရာမှာ ဒီနောက်ခံက နည်းနည်းမှိန်နေသတဲ့။ ကြွလာမှ 3D မြင်ရမယ်တဲ့လေ။

ဝတ္ထုမှာ ဇာတ်အိမ်တွေ ဇာတ်ကွက်တွေ ဘယ်လိုဖွဲ့ဖွဲ့ အဓိကက ဇာတ်လိုက်နဲ့ လူဆိုးကို ဝင်ရိုးထားပြီး ဇာတ်လမ်းသယ်ရ ဆွဲရသလို Biography မှာလည်း ဇာတ်ရုပ်နဲ့ ခေတ်ကို ဝင်ရိုးထားရတယ်။ လူဆိုးရယ်လို့ သီးသန့်မပါပေမယ့် စနစ်ဆိုး၊ ခေတ်ဆိုးဟာ ဗီလိန်ပဲ ပေါ့တဲ့။ ဒီနှစ်ခုရဲ့ အားပြိုင်မှုဟာ ဆွဲဆောင်မှုပဲတဲ့။ Biography မှာ Special attraction လေးတွေ ရှိတတ်သတဲ့။ စံစီခင်လေး အကြောင်း၊ ဗေဒါနဲ့ စောမြအေးကြည် တောက်စားခန်း၊ ဗေဒါတို့ ညီအစ်ကို ပညာပြိုင်ခန်းမျိုးတွေ၊ တင်မောင်မှာ ဒီအခန်းမျိုးတွေလည်း နည်းသတဲ့။

သားရေးလိုက်တဲ့ ဝေဖန်ရေးက ကောင်းလိုက်တာ လွန်ပါရော။ မှန်လည်းမှန်တယ်။ သတိပေးတာလည်းပါတယ်။ သူ့စာက ကောင်း လွန်းလို့ ဩော် သားလေး တို့နဲ့များ ခုနေအတူတူရှိရင် လက်ရေ တစ်ပြင်တည်း အလုပ်လုပ်နေကြရမှာပဲဆိုပြီး ပိုလွမ်း၊ ပိုသတိရ၊ ပိုလွတ်စေချင်လာပါတယ်။ သူ့အဖေကတော့ ဘယ်တုန်းကမှ မျက်ရည် မကျဖူးဘဲနဲ့ ဒီစာလည်းဆုံးရော မျက်ရည်တွေနဲ့ ဖြစ်နေပါ လေရော။ သူငိုတော့ ကိုယ်လည်း ဘယ်ထိန်းနိုင်မလဲ။

ပြီးတော့ "ငါ့သားဟာ ပညာသင်ရမယ့်အရွယ်မှာ မသင်ရဘဲ ဖြစ်နေပေမယ့် ငါ့သားအတွေးအခေါ် အမြော်အမြင်တွေက ကောင်းနေ တာမို့ အဖေချီးကျူးပါတယ်" လို့ ပါးစပ်ကလည်း ပြောတယ်။ သူ့သားဆီ စာရေးတော့ ထည့်ရေးပါတယ်။

ကျွန်မတို့မှာ သားသမီး (၅) ယောက်ရှိတယ်။ သားအကြီးက တော်လှန်ရေးထဲမှာ။ သမီးအကြီး၊ သားအလတ်က ခုဆို (၅) နှစ် ရှိတော့မယ်။ ထိန်းသိမ်းထားသတဲ့၊ ကိုကိုးကျွန်းမှာ။ သမီးအငယ်က ကျောင်းနေတုန်း၊ သားအငယ်လည်း ကျောင်းနေတုန်း၊ အမေနဲ့

အဖေက အသက် ၅၀ ကျော်နဲ့ ၆၀ ကျော်တွေမို့ ကိုယ်လုပ်နေတဲ့ စာပေလုပ်ငန်းမှာ မိဘလက်ငုတ်ကို ဆုပ်ကိုင်မယ့် သားထောက်သမီးခံ ရှိချင်လှပြီ။ သားအကြီးသာ အိမ်မှာဆိုရင်လည်း အားကိုးရလှပြီပေါ့။ သားလတ်ဆီကစာကို ဖတ်ရတော့ သားအရည်အချင်းကို အားရ ဝမ်းသာတာနဲ့အမျှ သားကြီးမောင်ဝင်းသာဆိုရင် ဒီထက်ပဲ တော်ဦး မယ်လို့ ယုံယုံကြည်ကြည်ကြီး လင်မယားနှစ်ယောက် ပြောမိကြသေး တယ်။ သားလတ်လည်း မိဘလက်ငုတ်ကို ဆုပ်ကိုင်နိုင်မယ့် အရည် အချင်းရှိလို့ အားရတယ်၊ အားတက်တယ်။ တစ်နေ့တော့ ဒီသား တို့ခြေရာ နင်းမှာပဲလို့လည်း တွက်လို့ရပါတယ်။ ဖမ်းတဲ့နေ့ရှိရင် လွှတ်တဲ့နေ့ ရှိရမှာပေါ့လေ။

၅-၇-၇၁

ကနေ့ သားလေးဆီက စာနံပါတ် ၁၂ ဖတ်ရတယ်။ ဒီစာကို မျှော်နေတာကြာပြီ။ သားကလေးစာ ဖတ်ရတဲ့အခါ မျက်ရည်က ဘယ်ကဘယ်က ထွက်လာမှန်းမသိဘူး။ သူ့အဖေက “မင်းကလည်း ကွာ” တဲ့။ သူတို့ယောကျ်ားမှာ မျက်ရည်ထွက်တဲ့အိတ် သိပ်ရှိပုံမရ ဘူး။ မိန်းမကတော့ တယ်လွယ်တာပဲ။ သူများငိုတာနဲ့တောင် လိုက် ငိုလို့ရတာကလား။ သားစာထဲမှာ စိတ်ချဉ်ပေါက်ပြီးရေးတဲ့ အရေး အသားတွေ ခဏခဏပါတယ်။ ရေးပေမှာပဲ။ သူ့အသက် ၂၀ မပြည့် သေးဘူး။ ၁၉ နှစ်သားက ဖမ်းသွားတာ။ အခုဆို ၅ နှစ်ပြည့်တော့ မယ်။ ဒါလောက် ငယ်ရွယ်တက်ကြွတဲ့ အချိန်အရွယ်မျိုးမှာ SOLITARY CONFINEMENT ခေါ်တဲ့ တိုက်ခန်းထဲ တစ်ယောက်တည်း ထားတာက ၂ နှစ်ကျော်၊ ကိုကိုးကျွန်းမှာ ထားတာက ၂ နှစ်ကျော် ပြီကိုး။ တောထဲက ကျားကလေး၊ ကျားသစ်ကလေးတွေကို ထောင်

ချောက်နဲ့ ထောင်ဖမ်းပြီး လှောင်အိမ်ကလေးထဲ ထည့်ထားတဲ့အခါ မာန်တဖီဖီနဲ့ လှောင်အိမ်ထဲ ခေါက်တုံ့ခေါက်ပြန် လျှောက်နေတာပဲ။ သားကလေးလည်း ဒီလိုရှိရှာတော့မပ။ တို့ နိုင်ငံရေးအသိကလေး ရှိပေလို့သာ ခံနိုင်ရတာကလား။ ရှိများမရှိရင် ရူးလောက်၊ ပေါက်ကွဲလောက်တာပေါ့။ ဖိနှိပ်တဲ့လူကတော့လည်း ဒီလိုနဲ့ အစွယ်ကျိုးမာန်ကျပြီး ဒူးထောက်အောင်လုပ်တာကိုး။ ထောက်သွားတဲ့ လူတွေလည်းရှိတော့ သူတို့လုပ်ပေမှာပဲ။

ဒီနေ့ ရန်ကုန်က အဘဦးအေးကြည် လာတယ်။ စလေ၊ ချောက်၊ မြင်းခြံဘက်က လှည့်လာတာတဲ့။ လမ်းမှာ အသုံးလုံးသင်တန်းတွေကို ဝင်ကြည့်ခဲ့တယ်။ သူတွေ့ခဲ့တဲ့ သင်တန်းတွေမှာ စာသင်ကြတဲ့ မိန်းမကြီးတွေက စိတ်မပါကြဘူး။ ကြောက်လို့သာ လာနေကြရတာ။ တချို့ကတော့ သင်တာတွေကို အလွတ်ရကြတယ်။ တကယ်တော့ မရေးတတ် မဖတ်တတ်ဘူးတဲ့။ ရွာမှာ ဒီသင်တန်း မတက်လိုက်ရင် ဘာဆိုတဲ့ ခြိမ်းခြောက်မှုတွေရှိတာ တွေ့ခဲ့ရသတဲ့။ သူက “အလကားဗျာ၊ လုပ်အားပေးရတဲ့ ကလေးတွေကလည်း တစ်ယောက်တစ်ယောက်ကို ၂၀ဝိ၊ ၃၀ဝိ အလကားကုန်ရတယ်။ သူတို့စာသင်ပေးတာဟာ ထိရောက်တယ် မထင်ပါဘူး။ ဒီကလေးတွေက ဒီလုပ်အားပေးမှ နောင် ကျောင်းကထွက်ရင် အလုပ်အကိုင်ရနိုင်တယ်ဆိုတဲ့ အရိပ်နိမိတ်နဲ့ လုပ်ကြရတာ” လို့ သူကညည်းတယ်။ ညောင်ဦးက ကျွန်းချောင်းကို လှေနဲ့ကူးကြည့်ကြရတဲ့ လုပ်အားပေးကျောင်းသား ၉ ယောက် လှေမှောက်တာ ၃ ယောက်ပဲ လှေတွယ်ထားလို့ အသက်ရှင်တယ်။ အလောင်းသုံးလောင်းသာ ရှာတွေ့တယ်။ သုံးလောင်းက ပျောက်နေသတဲ့။ မိဘများတော့ ရင်ကျိုးရောလို့

ပြောပါတယ်။ အဲဒီကိစ္စ သတင်းတွေမှာ ၃ ယောက်ပဲ ရေနစ်သေဆုံးတဲ့သဘောမျိုး ပါပါတယ်။

ကိုအေးကြည်လည်း စနေနေ့လောက် ရန်ကုန်ပြန်ရမယ်တဲ့။ သူ့မှာ အလုပ်တွေက စောင့်နေတာကိုး။ စွပ်ကျယ်စက်တွေ သမဝါယမ လုပ်ဖို့ အစိုးရက ပိုင်ရှင်တွေလက်ကို ပြန်အပ်မယ်။ ပိုင်ရှင်တွေကလည်း လက်မခံချင်ကြဘူး။ အဲဒါ သူပြန်သွားရင် ဒီကိစ္စတွေ ကောက်ကိုင်ရမှာပဲ။

## သားဖိုးသံကို လွှတ်ပေးမယ်ပြောပြီ

၂၈ – ၈ – ၇၁

တုပ်ကွေး ၅ ရက် ကွေးလိုက်တာ ကနေ့မှပဲ အဖျားလုံးလုံးပြတ်တယ်။ ဒီတစ်ခါတုပ်ကွေးက ၁၀၃ အထိလည်း ဖျားသေး၊ ဖျားနေရင်း ဝမ်းတွေလည်း ပျက်သေး၊ ရင်ကျပ်ပြီး ချောင်းလည်း ဆိုးသေး၊ အပူနာတွေလည်း ထွက်သေး၊ အဖျားပျောက်တော့ ခံတွင်းပျက်ပြီး မူးမူးပြီး အန်ချင်တာတွေလည်း ဖြစ်သေးတယ်။ တော်တော်ပြင်းတဲ့အဖျား လူကို ယိုင်သွားတာပဲ။

နို့ပေမယ့် ကနေ့ ရေချိုးရတယ်။ ဘာလို့လဲ ဆိုတော့ မန္တလေးရောက်နေတဲ့ ဗိုလ်ချုပ်ကြီးနေဝင်းက ဦးလှရော ဒေါ်အမာရော တွေ့ချင်လို့ ကနေ့ညနေ ၅ နာရီမှာ လာခေါ်မယ်လို့ လွှန်ခဲ့တဲ့

နှစ်ရက်ကတည်းက နန်းတော်ထဲက စစ်ဗိုလ်တွေက လာပြောထားတာကိုး။ ဒါ့ကြောင့် အားမရှိသေးပေမယ့် ရေမိုးချိုး အဝတ်လဲပြီး အသင့်စောင့်နေရတယ်။

စောင့်ရင်းလည်း ဗိုလ်ချုပ်နဲ့ လူစိမ်းမပါဘဲ တွေ့ရရင်၊ ဒါမှမဟုတ် ပြောခွင့်သာရရင် သားကလေး လွှတ်ပေးဖို့ပြောမယ်၊ ပြောခွင့်သာမရရင် ဒီစာကလေး ပေးထားခဲ့မယ်ဆိုပြီး လင်မယားတိုင်ပင်ပြီး ပူးတွဲပါစာအတိုင်း စာရေးပက်ပေါ်မှာ စာတစ်စောင်ရေးတယ်။ ရေးပြီး စာအိတ်ကလေးထဲထည့်၊ ပိုက်ဆံအိတ်ထဲထည့်ပြီး ယူသွားတယ်လေ။

အချိန်တိုင်တော့ စစ်ကားနှစ်စီး လာခေါ်တယ်။ ကားပေါ်မှာ ဝ/သ တက္ကသိုလ်က မြန်မာစာပါမောက္ခ ဦးချမ်းမြ ပါလာတယ်။ လမ်းမှာ ဟံသာဝတီသတင်းစာက အယ်ဒီတာချုပ် ကိုဝင်းတင်ကို ဝင်ခေါ်တယ်။ ဒါ့ကြောင့် တွေ့ရမှာတော့ တို့ချည်းမဟုတ်ဘူး၊ စာပေးခဲ့ရမှာပဲလို့ အောက်မေ့ပြီး လိုက်သွားရတယ်။

ဟိုရောက်တော့ ရတနာပုံရိပ်သာဧည့်ခန်းမှာ ထိုင်စောင့်နေရတယ်။ ဗိုလ်ချုပ်ကြီးက ရွှေနေဦးခင်မောင်ဒွေးနဲ့ သမိုင်းကော်မရှင်က ကိုမောင်မောင်တင်တို့ကိုလည်း တွေ့ချင်သေးတယ်လို့ ထပ်ပြီးအခေါ်ခိုင်းထားသေးတယ်။ လူစုံအောင် စောင့်ရဦးမတဲ့။ ၅ နာရီမထိုးခင်ဘဲ ဦးခင်မောင်ဒွေးတို့ ရောက်လာကြတယ်။ ငါးနာရီထိုးတော့ ဗိုလ်ချုပ် နေဝင်း ရတနာပုံရိပ်သာပေါ်က ဆင်းလာပါတယ်။ ဗိုလ်ချုပ်ဟာ ဖြူလို့ဝလို့ပါပဲ။ ထိပ်ကတော့ ပြောင်နေတယ်။

ဗိုလ်ချုပ်ကြီးက ရောက်မဆိုက်ဘဲ "သားအတွက် သောကတော့ ရှိနေကြဦးမှာပါလေ၊ ကိုလှစာရတယ်။ မေ့နေသလို ဖြစ်သွားတယ်။ လူက နေမကောင်းလိုက်တာနဲ့ ဒီကပြန်တော့ စိစစ်ပြီး သူတို့ကို လွှတ်ပေးမယ်" တဲ့။ ဗိုလ်ချုပ် ဘိလပ်ဆေးကုသွားရခါနီး မသွားခင်

၅ ရက်လောက်မှာ ဖိုးသံချောင်း ဖမ်းထားတာ ၅ နှစ်ရှိပြီမို့ လွှတ်ပေးပါတော့လို့ ကိုလှက စာတစ်စောင် ရေးထည့်လိုက်တယ်။ အဲဒီစာ ရေးပြီး မကြာဘူး Malena သွေးဝမ်းသွားတယ်ဆိုပြီး ဘိလပ် ဆေးကုထွက်သွားကြတာပဲ။ အဲဒီတော့ ရေးတဲ့စာ ဖတ်မှသွားရဲ့လား၊ လက်ထဲရောက်မသွားဘူးလားဆိုတာ ဘာမှမသိဘူးပေါ့။ ဘိလပ်က ပြန်လာတော့ ပါတီညီလာခံအထိမ်းအမှတ်အဖြစ်နဲ့ ဖမ်းထားတဲ့ နိုင်ငံရေးသမားတွေများ လွှတ်မလားလို့ မျှော်မိတယ်။ အကျဉ်းသား ကိုသာ လွှတ်တယ်၊ နိုင်ငံရေးသမားမပါဘူး။ ဒါကြောင့် စာတစ်စောင် ထပ်ရေးရကောင်းမလား၊ အမေ့အနေနဲ့ရေးမှ ကောင်းမလားဆိုတာကို လင်မယား တိုင်ပင်စိတ်ကူးနေကြတာပဲ။

ခုတော့ ဟိုစာကို သူဖတ်ရတယ်ပေါ့။ စာပါကိစ္စကို သူမမေ့ဘူး ပေါ့။ သူကပဲ ဒီစကားနဲ့ စနှုတ်ဆက်တာကိုး။ ဒါနဲ့ ဦးလှက "သူ့အမေက သူ့သားလွှတ်ပေးဖို့ စာတစ်စောင်တောင် ရေးလာသေး တယ်။ ဗိုလ်ချုပ်ပေးရအောင်လို့" လို့ပြောတော့ "အဲဒီစာ မပေးနဲ့ တော့၊ မလိုဘူး။ ဒီကပြန်ရင် စိစစ်ပြီး သူတို့ကို လွှတ်ပေးမယ်" လို့ ပြောပါတယ်။

ဒါ့ကြောင့် လင်မယား ဝမ်းသာလိုက်တာ။ ခုလွှတ်လာတော့ မလောက် ဝမ်းသာကြတယ်။ သားက ၅ နှစ်နဲ့ ၁ လ ကြာပြီဟာကိုး။

ဗိုလ်ချုပ်နဲ့ ၄ နာရီကြာ စကားပြောကြရတယ်။ စကားပြောရ တယ်ဆိုပေမယ့် သူကချည်း ပြောသလိုပါပဲ။ သူပြောတဲ့ စကားတွေ ထဲမှာ (၁) စကားပြောသလို ရေးတာကို တခြားလူတွေအားလုံးကို များ ဒီလိုလိုက်ရေးခိုင်းရမလားလို့တောင် စိတ်ကူးပါသေးတယ်။ နို့ပေမယ့် အဲဒီလိုရေးကြရင် အရင်နည်းနဲ့ရေးထားတဲ့ စာတွေကို နောက်လူငယ်တွေက နားလည်တော့မှာ မဟုတ်တဲ့အတွက် "Com-

promise" လုပ်ကြပါတဲ့။ ဒီကိစ္စမျိုးမှာ အာဏာရှိတဲ့လူ ဝင်ပါဖို့ လိုတယ်လို့ သူက ယူဆနေတာကိုး။ (၂) တက္ကသိုလ်က မြန်မာစာဌာနတွေကိုတော့ အထင်ကို မကြီးဘူးလို့ ကိုချမ်းမြနဲ့ မောင်မောင်တင်ကိုကြည့်ပြီး ပြောင်ပြောတယ်။ (၃) ခင်ဗျားတို့ကတော့ ကိုယ့်စာအုပ်ကိုယ်ရေးပြီး ကိုယ့်ဘာသာ ရိုက်ထုတ်ရောင်းနိုင်လို့ ပြဿနာမရှိဘူး။ ဘာသာမရိုက်နိုင်တဲ့ စာရေးဆရာတွေကတော့ Publisher တွေက တယ်ညှဉ်းတယ်။ ခေါင်းပုံဖြတ်တာ သိပ်ခံရတယ် ကြားတယ်။ ဒါ့ကြောင့် စာရေးဆရာ သမဝါယမဖွဲ့ပြီး စာအုပ်ထုတ်ဝေစေရမလား စဉ်းစားနေတယ်တဲ့။ ဒီအကြောင်းကို ဝန်ကြီးတောင် ပြောမပြရသေးဘူးတဲ့။ (၄) ကိုချမ်းမြကို ဟိုအရင်တုန်းက တိုးတက်ရေးမဂ္ဂဇင်းမှာ ပန်တူ–မန္တန် ပြဿနာကို ဆရာကြီးသခင်ကိုယ်တော်မှိုင်းနဲ့ ပြိုင်ရေးကြတုန်းက ခင်ဗျားဘက်က တက္ကသိုလ်က ဆရာကြီးတွေ ဝင်ရေးပေးနေတာ မဟုတ်ဘူးလားလို့ ကိုချမ်းမြကို မေးတယ်။ ကိုချမ်းမြက ဆရာလင်းတော့မပါဘူး။ ဆရာပွားတော့ တေးထပ်ကလေး ဘာလေး ဝင်ရေးပေးပါတယ်လို့ ဝန်ခံပါတယ်။ ဗိုလ်ချုပ်က ကိုချမ်းမြနဲ့ ဟိုကတည်းက ခုမှတွေ့တာနဲ့တူရဲ့။ (၅) သာသနာရေးနဲ့ ပတ်သက်လို့ သူ့အတွေးအခေါ်တွေ ရဲရဲကြီးတွေးထားတာတွေ တော်တော်ပြောပြပါတယ်။ အဲဒီကြားထဲမှာ ဆေးဝက်ဘာဆရာတော်က ဗိုလ်ချုပ်မိန်းမရဲ့အမေကို ဖက်ပြီး လမ်းလျှောက်တာ သူကိုယ်တိုင် ဟိုတုန်းက မြင်ဖူးတဲ့အကြောင်း၊ ဇာလီတောင်ဆရာတော် အကြားအမြင်ရတယ်ဆိုတာ ဗိုလ်မှူးချုပ် တင်ဖေဆီက မှန်ပြောင်းတစ်လက်ကို ဗမခတင်ဖေရဲ့တပည့်က ခိုးယူပြီး ဇာလီတောင်ဆရာတော်ဆီ ရောင်းစားလို့ ဒီမှန်ပြောင်းနဲ့ အမြင်အကြားရတယ်လို့ ညာနေတဲ့အကြောင်းတွေကို တော်တော်ပက်ပက်စက်စက် ပြောပြပါတယ်။ သူ့စကားကို အနားမှာ

ရှိတဲ့ တိုင်းမှူး ဗိုလ်မှူးကြီးစိန်လွင်ကလည်း ထောက်ခံတယ်။ (၆) မြန်မာအဘိဓာန်နဲ့ ပတ်သက်လို့လည်း အားလုံးက ဝိုင်းပြီး ဖြည့်စွက်ပေးကြဖို့ သူက တိုက်တွန်းသွားပါတယ်။

ဗိုလ်ချုပ်ဆီက ပြန်လာတော့ သူ ရန်ကုန်ရောက်ရင် စီစစ်ပြီး လွှတ်ပေးမယ်ပြောလိုက်လို့ သူ ရန်ကုန်ကို ပြန်စေချင်လိုက်တာ လွန်ပါရော။ သားလွှတ်စေချင်လှပြီကိုး။

ဗိုလ်ချုပ်နေဝင်းထံ
၂၈ – ၁ – ၇၁

*ဗိုလ်ချုပ်ကြီးရှင့်*

*ကျွန်မတို့သား မောင်ချစ်ခင် (ဖိုးသံချောင်း) အဖမ်းခံနေရတာ ၅ နှစ်ကျော် ရှိပါပြီ။ သူနဲ့ပတ်သက်ပြီး ကျွန်မတို့အိမ်မှာ အတူနေတဲ့ လူထုသတင်းစာတိုက်က ဘလောက်အလုပ်သမားကလေး မောင်မြင့်နိုင် (ဦးမှီရဲ့သား) လည်း ဖိုးသံချောင်းနဲ့အတူ အဖမ်းခံရပါတယ်။ သူတို့နှစ်ယောက်ကို လွှတ်ပေးဖို့ ပန်ကြားပါတယ်။*

အမာ

၃၀ – ၈ – ၇၁

ဗိုလ်ချုပ်ကြီးက ချက်ချင်းမပြန်သေးဘူး။ ပလိပ်ချည်စက်တစ်ရက်၊ ရွာသစ်ကြီးချည်စက်ကို တစ်ရက် သွားကြည့်သေးတယ်။ နောက် (၃၀၊ ၈၊ ၇၁) နေ့မှာ ဦးလှကို တစ်ကြိမ်ထပ်ခေါ်ပြီး တွေ့ပါတယ်။ ဒီတစ်ခါတော့ ဒေါ်အမာ နေမကောင်းလို့ မခေါ်တော့

ဘူးတဲ့။ ဟိုနေ့က သူ့ရှေ့မှာ ချောင်းခဏခဏဆိုးတာကိုး။ တစ်ခါတော့ ချောင်းက ရှည်ရှည်ဆိုးတာနဲ့ သူ့အားနာလို့ ညှော်ခန်းအပြင်ဘက် စကြံကိုထွက်ပြီး ချောင်းဆိုးတော့ ဗိုလ်ချုပ်နေဝင်းက သူ့အနားထားပေးထားတဲ့ ထွေးခံကြီးယူပြီး စကြံဘက်ကို လိုက်လာမယ်လုပ်လို့ ဦးလှက ဆီးယူပြီး ကိုယ့်ဆီလာပေးတယ်။ အဲဒီမှာ ဘေးကစောင့်နေကြတဲ့ စစ်ဗိုလ်တွေလည်း ခြေမကိုင်မိ လက်မကိုင်မိ ပျာယာခပ်ကုန်ကြတာပဲ။

စစ်ဗိုလ်ဆိုတာ ဗိုလ်ချုပ်နေဝင်းကို တယ်ကြောက်ကြတာကိုး။ ရတနာပုံရိပ်သာမှာ တိုင်းမှူးကစပြီး ဗမက၊ ဒုဗမက၊ ဗမ၊ ဗကတွေ အများကြီးပဲ။ ဒါပေမဲ့ ဒီဗိုလ်တွေဟာ အရိပ်ပြပွဲထဲကလိုပဲ လှုပ်ရှားသွားလာသာနေကြတယ်၊ ခြေသံလည်း မကြားရဘူး၊ စကားသံလည်း မကြားရဘူး။ အသက်မှ ဖြောင့်ဖြောင့်ရှူရဲ့လား မသိဘူး။ ကြောင်ရှိလို့ ကြွက်တွေငြိမ်တာကျနေတာပဲ။ ဦးလှရယ်၊ ကိုမောင်မောင်တင်ရယ်၊ ဦးချမ်းမြရယ်၊ ကိုဝင်းတင်ရယ် လေးယောက်တွေ့တာတဲ့။ ကနေ့လည်း ၄ နာရီကြာတာပဲ။ အရေးကြီးတဲ့ကိစ္စ၊ အရေးပါတဲ့ကိစ္စတွေကို ဆွေးနွေးတာရယ်လို့လည်း မဟုတ်ပါဘူး။ နို့ပေမယ့် ကိုဝင်းတင်က ကျွန်တော်တို့ကို ဒီလိုတစ်ခါတစ်ခါခေါ်တွေ့ရင် နှစ်နှစ်စာ၊ သုံးနှစ်စာ စစ်ဗိုလ်တွေက ခန့်ညားရှိသေနေကြတယ်။ အဲဒီအကျိုးကတော့ ထွက်တယ်လို့ပြောလို့ ဟုတ်နေတာနဲ့ ရယ်ရသေးတယ်။

ဗိုလ်ချုပ်က ခေါ်တွေ့တယ်ဆိုတဲ့သတင်း သတင်းစာတွေထဲမှာ ပါလာတော့ အရပ်ထဲမှာ "လူထုသတင်းစာ ပြန်ထုတ်ဖို့ ဗိုလ်ချုပ်က ခေါ်ပြောတာ" လို့ သတင်းဖြစ်နေသတဲ့။

တရုတ်ပြည်နဲ့ ပြန်လည်သင့်မြတ်တာနဲ့ ပတ်သက်ပြီး ကောလာဟလတွေလည်း များလိုက်တာ။

ဗိုလ်ချုပ်က ဖိုးသံတို့ကို လွှတ်ပေးမယ်ပြောတာ တစ်လကျော်ပြီ။ ဒီတစ်လအတွင်းမှာ အမေနဲ့ အဖေအနေနဲ့ မျှော်လိုက်ကြတာတော့ မပြောနဲ့တော့။ ကနေ့လား၊ နက်ဖြန်လား၊ ညနေလား၊ မနက်အစောကြီးလား၊ အချိန်မရွေး မျှော်တာပဲ။ တစ်နေရာကို သွားစရာရှိရင် ငါတို့ ဘယ်ကိုသွားမယ်လို့ သားကလေးများပြန်လာရင် လိုက်ခေါ်လှည့်လို့များ အိမ်ကိုမှာထားခဲ့မိတယ်။ ထိန်းသိမ်းထားတဲ့လူတွေကို ပြန်လွှတ်တဲ့အခါ အိမ်တိုင်ရာရောက် လိုက်ပို့တတ်တယ်ဆိုလို့လည်း ရန်ကုန်ရထားဆိုက်ချိန်နဲ့ မရှေးမနှောင်းတွေမှာ သာပြီးမျှော်ကြတယ်။

ကျီးသာသလား နားစွင့်ရတာ၊ ဇီးကွက်မြည်သလား နားထောင်ရတာ၊ ကျီးသာတယ် ဇီးကွက်မြည်တယ်ဆိုရင် နက်ဖြန်ပဲ ထင်တယ်လို့လည်း စိတ်ထဲတွက်နေတယ်လေ။

အိမ်တိုင်ရာရောက် ပြန်ပို့တယ်ဆိုတာ ကြားဖူးနေလို့သာပေါ့။ မဟုတ်ရင် ရန်ကုန်ကများသွားပြီး သားကိုကြိုချင်ရဲ့။

သူ့အဖေကတော့ သူဝမ်းသာတာ တစ်ယောက်တည်း မသာနိုင်ဘူး။ သူ့မိတ်ဆွေသင်္ဂဟတွေနဲ့တွေ့တိုင်း သူ့သားလွှတ်တော့မှာ၊ လွှတ်ပေးတော့မယ်လို့ ပြောပြီးသွားပြီဆိုတာ ပြောပြတယ်။ ပြောပြရုံနဲ့ အားမရသေးဘူး၊ အဝေးက မိတ်ဆွေတွေဆီကို တယ်လီဖုန်းနဲ့ စာနဲ့ ပြောပြသေးတယ်။ ကိုယ့်ကိုလည်း ဘယ်သူ့ဆီ စာရေးပါဦး၊ ဘယ်ဝါ့ဆီ သတင်းပေးပါဦးနဲ့ ပြောသေးတယ်။ သူ့အဖေဟာ မိတ်ဆွေသင်္ဂဟကို တကယ်ခင်မင်တတ်တဲ့လူပဲ။ သူ့မှာ ဝမ်းနည်းစရာရှိရင်လည်း သူက မိတ်ဆွေတွေကို ပြောချင်တယ်။ ကူပါဦးဆိုချင်တယ်။ ဝမ်းသာစရာရှိရင်လည်း မိတ်ဆွေတွေကို ချက်ချင်းပြောပြချင်တယ်။

ဗိုလ်ချုပ်ပြန်သွားကတည်းက လင်မယား သားကိုမျှော်ကြတာ၊ တကယ်ကတော့ ကိုကိုးကျွန်းဆိုတာ Emergency Landing အတွက်

ယာယီလေယာဉ်ကွင်းအငယ်ကလေးသာ ရှိတာတဲ့။ သင်္ဘောပဲ သွားနိုင်တယ်။ သင်္ဘောကလည်း မိုးတွင်းဆိုရင် လှိုင်းလေပြင်းရင် မကပ်နိုင်ဘူးတဲ့။ အဲဒီတော့ မိုးကုန်မှ လှိုင်းငြိမ်မှ သင်္ဘောသွားနိုင်မယ့်နေရာတဲ့။

ဒီနှစ်မှ မိုးကလည်း သီတင်းကျွတ်အထိ ရွာလိုက်တာ။ သည်းလိုက်တာ၊ အောက်ပိုင်းမြန်မာပြည်သာမက အထက်ပိုင်းမှာတောင်မှ မိုးကောင်းလိုက်တာ လွန်ပါရော။ ဖေဒင်မေးတော့လည်း နိဝင်ဘာ (၂၂) ရက်မှ သားသမီးအတွက် စိတ်သောကတွေ လုံးဝအေးချမ်းရမယ်လို့ ဟောတယ်။

အဖေနဲ့ အမေတော့ မျှော်ရတာနဲ့ တော်တော်မောလှပြီ။ ဘုရားရှိခိုးရတာ၊ ပုတီးစိပ်ရတာ၊ သားတို့တစ်တွေ ကျန်းမာချမ်းသာ ဘေးအန္တရာယ်ကင်းအောင် ဆုတောင်းရတာလည်း အလွန်ပဲ။

မျှော်တုန်းမျှော်ဆဲ

၂၈ – ၁၀ – ၅၁

သားကလေးကို မျှော်ရတာ အဖေနဲ့ အမေဖြင့် ရူးမတတ်ပဲ။ ဒီတစ်ခါခံစားရတာက ဖမ်းသွားတုန်း ခံစားရတာနဲ့ မတူဘူး၊ တစ်မျိုးပဲ။ လူကို ဒေါက်ဒက်ခတ်နေတယ်။ နိုင်ငံရေးနဲ့ဖြေလိုက်၊ တရားနဲ့ဖြေလိုက် လုပ်နေရတာပဲ။ ဘာလုပ်ရမှန်းမသိလို့ အဖေနဲ့အမေ ဘုရားရှိခိုးကြတာလည်း နံနက်ည တစ်နေ့ ၃ နာရီလောက်ထက် မနည်းကြဘူး။ သားထွက်လာတဲ့အခါ ဒီစာကိုဖတ်ရရင်ဖြင့် ရယ်လိမ့်မယ်။

သားမလာသေးတာဟာ မိုးလေဝသ ဥတုရာသီကြောင့်ပဲလား။ သားတို့လှုပ်ရှားနေတဲ့ နိုင်ငံရေးကြောင့်ပဲလား၊ သားတို့ကို ဖမ်းဆီးထားတဲ့ ယန္တရားက အချိန်ဆွဲထားမှုကြောင့်ပဲလား၊ ဘာရယ်လို့

တော့လည်း မသိရဘူး။ သတင်းပလင်း နားစွင့်ပြန်တော့လည်း ဘာဆိုဘာမှ မကြားရဘူး။ ဗိုလ်ချုပ်နေဝင်းနဲ့ တွေ့ရတာ ကနေ့ဆို နှစ်လရှိပြီ။ နေ့ည လွှတ်လာတော့မှာပါပဲလို့ နီးစပ်ရာ ဆွေမျိုး မိတ်သင်္ဂဟတွေကို ပြောထားလို့လည်း ဆွေမျိုးတွေထဲက ညီအစ်ကို မောင်နှမတွေကဆိုရင် ဖိုးသံချောင်း ပြန်လွှတ်လာတယ်လို့ အိပ်မက် မက်ကြတာလည်း များလှပြီ။

ဒီနှစ် ဆရာတော်ရွှေကိုင်းသားကျောင်းမှာ ကထိန်ခင်းမယ်လို့ ပြန်လာမယ့်သားပါ ကထိန်လိုက်နိုင်အောင်ဆိုပြီး ခင်းမယ့်ရက်ကို နောက်အကျဆုံးဆွဲပြီး သတ်မှတ်ထားတယ်။ တန်ဆောင်မုန်းလဆန်း (၁၃) ရက်၊ တနင်္ဂနွေနေ့လို့ သားမှီအောင်ပြန်လာရင်တော့ ကထိန်ဟာ ပိုပျော်စရာ ဖြစ်မှာပေါ့လေ။

ခုဖြင့် မန္တလေးမှာ မိုးရွာနေလိုက်တာ ကနေ့ပါနဲ့ဆို သုံးရက် ရှိပြီ။ ရွာတဲ့ပုံကလည်း ဇွေမယ့်ပုံပဲ။ တန်ဆောင်မုန်းလထဲ မိုးဇွေရင် ရက်လည်းကြာတတ်တယ်။ ပွဲတွေ လမ်းတွေလည်း ပျက်တတ်တယ်။ ဒီမိုးက ကထိန်ကိုမှ လွှတ်ပါ့မလားမသိဘူး။ မိုးလွှတ်ပါစေ ဆုတောင်း ရမှာပဲ။ ကနေ့တော့ မိုးကရွာတုန်း။

၁၈ - ၁၂ - ရ၁

ကနေ့ ဒီဇင်ဘာ (၁၈) ရက်နေ့ဆိုတော့ နောက် ၁၅ ရက်၊ ၁၆ ရက်ပဲ လိုတော့တယ်။ သားကလေး အိမ်ပြန်ရောက်လာမှာ။ အဲဒီလိုပဲ နေ့တိုင်းနေ့တိုင်း ရက်တွက်နေတာ တော်တော်ကလေး ကြာပြီ။

ဗိုလ်ချုပ်ကြီးနေဝင်းက စက်တင်ဘာလ (၂၈) ရက်နေ့မှာ သူနဲ့တွေ့တုန်းက သားတို့ကို လွှတ်ပေးတော့မယ်ပြောတော့ နေ့လား

ညလား လွတ်လာတော့မယ်ဆိုပြီး လင်မယားနှစ်ယောက် မျှော်လိုက်ကြတာ မျှော်လိုက်ကြတာ မပြောပါနဲ့တော့။ မျှော်ရလွန်းလို့ "ငါဖြင့် ရူးမလားတောင် စိုးရိမ်တယ်" လို့ သူ့အဖေက ပြောပါတယ်။ ဗိုလ်ချုပ်က ပြောသွားပြီး သူက ဘိလပ်ထွက်သွားပြန်ပါလေရော။ အဲဒီတော့ သာပြီး နေမထိထိုင်မထိ ဖြစ်ရပြန်တယ်။ သားကလေးများ လွှတ်ဖို့ကိစ္စ မပြောခဲ့ဘဲနဲ့တော့ မေ့မသွားတန်ရာပါဘူး။ သူက စပြောတဲ့ကိစ္စပဲ။ ဗိုလ်ချုပ် မေ့တော့မသွားတန်ရာပါဘူး၊ ဘာပြုလို့ မလွှတ်သေးပါလိမ့်ဆိုပြီး ဘုရားရှိခိုးရ၊ ဆုတောင်းရ၊ ပုတီးစိပ်ရ၊ မီးထွန်းရ၊ နေ့တိုင်းမျှော်ရနဲ့ လင်မယားနှစ်ယောက် ဒေါက်ဒက်ခတ်နေတာပဲ။

မလွတ်မှန်းသိတုန်းကတော့ ဟယ် နိုင်ငံရေးဆိုတာ ဒီလိုပဲပေါ့၊ တစ်သက်လုံး ထောင်ချမထားနိုင်ပါဘူး။ ဖမ်းတဲ့နေ့ရှိရင် လွတ်တဲ့နေ့လည်း ရှိပါလိမ့်မယ်။ ငါ့သားအသက်က အငယ်လေး ရှိသေးတာ။ ငယ်တဲ့အရွယ်ဆိုတာ တက်ကြွမှုအပြည့်နဲ့ အနာဂတ်ကို အကြွင်းမဲ့ ယုံကြည်မျှော်မှန်းတာပဲ။ တို့ငယ်ငယ်က နိုင်ငံရေး သိပ်မသိဘဲနဲ့တောင် သေရလည်း အရေးမကြီးဘူး၊ ရှင်ရလည်း အရေးမကြီးဘူးလို့ အောက်မေ့ပြီး ဘာမဆို ရင်ဆိုင်ရဲသေးတာပဲ။ လူဆိုတာ ငယ်တဲ့အရွယ်ဟာ သတ္တိအကောင်းဆုံး။ ကြီးလာလေ သေရမှာ ကြောက်လာလေ၊ သတ္တိကြောင်လာလေ မဟုတ်လား။ ငါ့သား ခုမှ အသက် အစိတ်ပဲ ရှိသေးတာ၊ အကောင်းဆုံးအရွယ်ပေါ့။ ပြီးတော့ ငါ့သားမှာ နိုင်ငံရေးအသိ အပြည့်နဲ့ဟာ၊ သူခံနိုင်ပါတယ်။ ငါတို့လည်း ခံနိုင်ရမှာပေါ့။ သားကိုလွမ်းတဲ့စိတ်၊ သောကရောက်တဲ့စိတ်တွေ မဝင်နိုင်အောင် အလုပ်ပဲ လုပ်နေမယ်၊ မအားရင် ပြီးတာပဲဆိုပြီး အလုပ်သာ ဖိလုပ်ခဲ့တယ်။ နေတတ်အောင်လည်း ကြိုးစားနေတယ်။ ဒီကြားထဲက သောကဝင်လာပြန်ရင် ဗုဒ္ဓဘာသာတရားနဲ့ ဖြေချလိုက်တယ်။

ဟော... အခုတော့ လွတ်တော့မယ်တဲ့။ လွှတ်တော့မယ်ဆို တော့ နေလို့သိပ်မဖြစ်ချင်ဘူး။ ပူလိုက်တာ အမျိုးမျိုးအဖုံဖုံပဲ။ ခက်တာ ကလည်း မပူဘဲနေလို့သာကိုး၊ ပူမယ်ဆို ပူစရာချည်းကလား။ အဖမ်း ခံရတဲ့လူဆိုတာ ဖမ်းသွားတုန်းက မသက်သာမှုကတစ်ခုရယ်။ အထဲ ရောက်ခါမှ အနှိပ်အစက်ကလည်း အမျိုးအမျိုး ခံရတတ်သေးတယ်။ နောက်ပြီး ဖိနှိပ်မှုတွေကြောင့် မခံနိုင်လာလို့ အုံကြွရင်လည်း အပြစ် တွေက ဆင့်ကဲဆင့်ကဲ တိုးလာသေးတယ်။ M.I. တွေက မှန်ဘီလူး နဲ့ ထောင်ကြည့်နေတာလည်း အမြဲခံနေရတဲ့ဘဝ။ အဲဒီတော့ ဟိုအထဲ ရောက်မှ "အပြစ်" တိုးစရာတွေက ပိုလို့ပိုလို့သာ များတာမို့ အထိန်း သိမ်းခံတစ်ယောက်ကို အိမ်ကလှမ်းပူမယ်ဆိုရင် ပူစရာချည်းကလား။ ဒါ့ကြောင့် သားတို့လွတ်တော့မယ်ဆိုပြီး လွတ်မလာတော့ ပူလိုက် ရတာ။

ဒီကြားထဲမှာ နိုဝင်ဘာလ (၁၈) ရက်ရောက်တော့ ရန်ကုန်က ပြန်လာတဲ့ မိတ်ဆွေတစ်ဦး (မောင်သာနိုး) က သတင်းပေးတယ်။ မှန်တွေကို ပိတ်ဖုံးထားတဲ့ ဟီးနိုးကားကြီးတွေ တစ်နေ့ နံနက်အစော ကြီးမှာ တွေ့လိုက်တယ်လို့ လူတစ်ယောက်ကပြောတယ်။

အဲဒါဟာ ကိုကိုးကျွန်းကလူတွေ ပြန်ခေါ်လာတာဖြစ်မှာပဲ၊ အဲဒါကြောင့် အင်းစိန်ထောင်မှာ စုံစမ်းခိုင်းတော့ ဟုတ်သတဲ့။ ကိုကိုး ကျွန်း အကျဉ်းစခန်းကို ပိတ်လိုက်ပြီ။ အားလုံးကို အင်းစိန်ပြန်ခေါ်လာ ပြီဆိုတဲ့သတင်း ပေးပါတယ်။

အဲဒီသတင်းရတော့ အင်း... လွှတ်တော့လွှတ်မှာပဲ၊ နီးပါပြီ။ အားလုံးလွတ်ကြမှာထင်ပါရဲ့၊ လွတ်ပါစေ၊ ကောင်းပါတယ်၊ သား တစ်ယောက်တည်းလည်း မလွတ်စေချင်ပါဘူး။ အများနဲ့လွတ်တာ ကောင်းပါတယ်။ လွတ်ကြပါစေ၊ လွတ်ကြပါစေလို့ အောက်မေ့ရင်း မျှော်ရတယ်။

နောက်တော့ သားတို့ပြန်ရောက်ကြတာ နိုဝင်ဘာ (၁၁) ရက်နေ့ကတဲ့။ သင်္ဘောကြီးဆိုက်ကာနီး ဆိုက်မယ့်နေရာမှာ တခြားသင်္ဘောတွေ ဖယ်ထားရတယ်ဆိုတာလည်း ကြားရရဲ့။

(၂၁) ရက်နေ့မှာတော့ ညီညီဆီက စာရပြန်တယ်။ သုံးရက်လောက်မှ လွှတ်မယ်ကြားတယ်လို့။ အဲဒီတော့ နောက်တစ်လခွဲတောင်လိုသေးတာပဲဆိုပြီး စိတ်ကမောရပြန်တယ်။ နို့ပေမယ့် Date Set လုပ်လိုက်တဲ့အတွက် နေ့တိုင်း မျှော်ရ မောရတဲ့ သောကတော့ အေးသွားတယ်။ ဇန်နဝါရီလဆန်းပဲ အမြန်ဆုံးရောက်စေချင်နေတယ်။

နို့ပေမယ့် အလုပ်လုပ်မဖြစ်လောက်အောင် ရောက်တဲ့သောကတော့ ငြိမ်းသွားတယ်။ ဒီကြားထဲ သတင်းတွေက ထပ်ထပ်ပြီး ဇန်နဝါရီလဆန်း လွှတ်မှာက ကြားနေရတယ်။ ဒါကြောင့် အဲဒီရက်ကိုပဲ လင်မယားနှစ်ယောက် လက်ချိုးမျှော်နေကြတယ်။ သားပြန်လာရင် ဝတ်စရာ ဖလန်နယ်စဝယ်တယ်။ ထမင်းစားပွဲမှာ ညည်းမပါဘဲ သားအမိသားအဖချည်း ငါးယောက် ထမင်းစားရရင် ဒီကနေ့ ညည်းသည်မရှိဘူး၊ မိသားစုချည်းပဲလို့ တစ်ယောက်က ပြောမိတတ်တယ်။ ဒီလိုနေ့က အလွန်နည်းတာကိုး။ အဲဒီလို တစ်ယောက်ယောက်ကပြောရင် အဖေနဲ့အမေက "ဒီနေ့ ဘယ်နှရက်လဲဟေ့" လို့ တစ်ခါတလေ ပြိုင်တူမေးတယ်။ အမိပွာယ်က ဖိုးသံပြန်လာဖို့ ဘယ်နှစ်ရက်လိုတော့လဲ တွက်တာပဲပေါ့။ မိဘဆိုတာ သားသမီးကို တစ်နေ့တစ်ရက်မှ မေ့တယ်မရှိဘူးလေ။

အဲဒီသောကတွေကြားထဲမှာ သူ့အဖေကတော့ အလုပ်မဖြစ်ဖြစ်အောင် လုပ်နေတယ်။ သူ့အလုပ်တွေက လုပ်လို့ရတယ်။ "မနီးတဲ့ဘဝခရီး" ထွက်တယ်။ ခုတစ်ခါ "ကျွန်တော်လေ့သူကြီး" ကို လုပ်နေပြန်ပြီ။ ကိုယ့်စာအုပ် အငြိမ့်ကတော့ ရေးမယ်ကြံပေမယ့်

ရေးဖို့အစရှာမရဘူး။ ဈာန်ဝင်ကြည့်လို့ကိုမရဘူး။ ဆောင်းပါးအတို အထွာနဲ့ စာဆိုတော်စာတမ်း၊ ဟောပြောပွဲအတွက် ပြင်စရာ၊ အဲဒါမျိုး လောက်သာ လုပ်လို့ရတယ်။ "အငြိမ့်" ကို ရေးဖို့ရာ ရေးကိုမရဘူး။ သားလာမယ့်ရက်ကိုသိလို့ သောကအေးသင့်သလောက် အေးတာကိုပဲ "သားပြန်လာမှပဲ ရေးပါတော့မယ်" ဆိုတဲ့စိတ်က ဝင်ဝင်လာတယ်။ တကယ်တော့ ဒီလိုဖြစ်နေတာ ဘယ်ကောင်းမလဲ။ အလုပ်ကို တွင်အောင် ဖိလုပ်နိုင်ရမှာပေါ့။ အသက်က ကြီးကြီးလာပြီ။ အလုပ်တွင်အောင်လုပ်နိုင်ဖို့ အရွယ်က နည်းနည်းလာပြီလေ။

၁၉ – ၁၁ – ၇၁

ကိုကိုလှ–မမမာ

*မင်္ဂလာသတင်းပေးချင်လို့ ဖိုးသံချောင်းအပါအဝင် (လူ ၆ဝမှ အပ) ဆင်ဆိုတဲ့လူတွေပါ Jan 3 ရက်နေ့မှာ လွှတ်ပါမယ်။ သတင်းက နိုင်လုံပါသည်။*

*ကျွန်တော်လိုက်ပို့ပါမယ်။ မမ လာချင်သေးလား။ လာရင်တော့ ကြိုသိတဲ့အကြောင်း ရိပ်မိနေမှာ စိုးရပါတယ်။ စဉ်းစားပြီးလုပ်ပါ။*

*စိတ်အေးလက်အေးထားပြီး စာရေးနိုင်အောင် ကြိုးစားပါ။ ဒါပါပဲ။*

*အားလုံး စိတ်ချမ်းသာကြပါစေ။*

*ညီညီ*

■

# လွတ်တော့လွတ်မှာပါပဲ

၃-၁-၇၂

သားကလေး ၃ ရက်နေ့ လွတ်လိမ့်မယ်လို့ သတင်းရထားတာမို့ မျှော်လိုက်ကြတာ တစ်နေ့လုံးပဲ။ အဖေကြီးဆိုတာ တယ်လီဖုန်းနားကကို မခွာဘူး။ ခုည ၁၀ နာရီခွဲရှိပြီ။ ဟံသာဝတီအယ်ဒီတာချုပ် ကိုဝင်းတင်ဆီ မေးတော့လည်း ရန်ကုန်က ဘာသတင်းမှ မရဘူးတဲ့။ ဒီအချိန်ထိလို့မှ သတင်းမရရင် ကနေ့မလွှတ်လို့ ဖြစ်မှာပါပဲ။

လွတ်လိမ့်မယ်လို့ ကိုယ် သတင်းကြားနေသလို သားကလေးများဆီမှာလည်း ကြားနေကြသလားတော့ မသိဘူး။ ကြားကြတယ်ဆိုရင်ဖြင့် အပြင်ကလူက ဒါလောက်မျှော်ရင် အတွင်းမှာခံနေရတဲ့လူက ဘယ်လိုများနေရှာလိမ့်မလဲ မပြော

တတ်ဘူး။ ခံနိုင်ရည်ရှိမှာပါပဲလေ။ ကနေ့ဆိုရင် ၅ နှစ်နဲ့ ၆ လ ရှိပြီပဲဟာ။ သားက ပြောရှာတယ်၊ ခုနေများ အမေ ကျွန်တော့် အကြောင်း ရေးပါဆိုရင် အမေရေးတတ်တာက ၅ ပုံ ၄ ပုံပဲ ရှိလိမ့်မယ်။ ကျန်တဲ့တစ်ပုံက ထောင်ထဲမှာမို့ အမေမရေးတတ်ပေဘူးတဲ့။ ဟုတ်တာပေါ့သားရယ်၊ အမေက အမေ့သားကလေး ငါ့ ရင်ခွင်ထဲကနေပြီး သေနတ်ကြီးတွေပြ၊ တံခါးကို စစ်ဖိနပ်နဲ့ကန်ဖွင့် ဖမ်းသွားတုန်းက အသက် ၁၉ နှစ်သား ၂၀ မှ ပြည့်သေးတာ မဟုတ်တော့ ကလေးရှိသေးတယ်။ အမေ့ရင်ခွင်ထဲက ဆွဲလုခေါ်သွားကြတယ်လို့ ထင်လိုက်တာကလား။ သူတို့လက်ထဲ ရောက်သွားတဲ့ အချိန်ကစပြီး ငါ့သားဟာ လူ့အမွန်အမြတ်လို့ ကိုယ်ယုံကြည်ရာ တစ်ခုအတွက် အင်မတန် သတ္တိကြီးထားရလိမ့်မယ်။ အင်မတန် အညှဉ်းအပန်း အနှိပ်အစက်တွေကို အံကြိတ်ခံရလိမ့်မယ်။ ထောင်ခန်းတွေ အမျိုးမျိုးမှာ လူ့အခွင့်အရေးကလေး ၁ ပြား ၂ ပြားဖိုးအတွက် အင်မတန် တိုက်ပွဲတွေ ဆင်ရလိမ့်မယ်။ မျက်စိအောက်မှာပဲ အသက်ပေးသွားကြသူတွေ သစ္စာဖောက်တွေ၊ အညံ့ခံ ဒူးထောက်သူတွေ၊ ကြံ့ကြံ့ခံသူတွေ အမျိုးမျိုးကို တွေ့ရမြင်ရလိမ့်မယ်။ ဘယ်သူဟာ ဘာပဲ၊ ဘယ်စနစ်ဟာ ဘာပဲဆိုတာကိုလည်း စာအုပ်ကြီးထဲကနေပြီး ဖတ်ရတာမျိုး မဟုတ်ဘဲ၊ ကိုယ်ကိုယ်တိုင်ခံစားရင်းနဲ့ အမှန်တွေကို ဘွားခနဲသိနေရမှာကိုး။

အဲဒီတော့ ငါ့သားဟာ ၁၉ နှစ်သားနဲ့ နိုင်ငံရေးနတ်ရေကန်ကြီးထဲ ကျသွားရသလို လူလားမြောက်သွားတော့မှာကိုး။ သားကလေး တက်ရတဲ့ကျောင်းက အလွန်ပဲ လူရော စိတ်ရော ဆင်းရဲပင်ပန်းတာ အမှန်ပါပဲ။ နို့ပေမယ့် ဒီသင်ခန်းစာတွေ ငါ့သား အပြင်မှာမရနိုင်ဘူး၊ စာဆယ်အုပ်ဖတ်လို့ သဘောမရောက်ရတာကို ထောင်တစ်ရက်နဲ့ သဘောပေါက်မှာပဲ။ အမေတို့လည်း စစ် ၃ နှစ်က သင်ကြားပေး

လိုက်တဲ့ နိုင်ငံရေးအသိတွေဟာ နည်းရောမလား။ ငါ့သားက စစ်ပြီးမှ မွေးတာမို့ ဒီအကြောင်းတွေ မသိလိုက်ပေဘူး။

ကဲ ကနေ့ ငါ့သားပြန်မရောက်လည်း ရောက်တဲ့နေ့တော့ ရောက်လိမ့်မပေါ့။ အမေက ဆက်မျှော်မှာပါ၊ သားရော သားကြီးရော အမေတွေ့ရဦးမှာပါပဲ။

ကနေ့ အဖေက ဒို့အမေဆုံးတာ ၅ နှစ်ပြည့်တဲ့နေ့မို့ နက်ဖြန် ဘုန်းကြီး ၁၅ ပါး ဆွမ်းကျွေးချင်သတဲ့။ ဒါကြောင့် ဆွမ်းချက်ပေးနေကြရတယ်။ အဖေလည်း ကံကောင်းလို့ မဟုတ်ရင် ခုလောက်ရှိ တို့မှာ အဖေရော အမေရောအတွက် ဆွမ်းကျွေးနေရပြီ။ အဖေနဲ့ တစ်ခုတည်း တစ်နေ့တည်း မွေးတယ် သက်တူရွယ်တူပဲ။ အင်မတန် လည်း ကျန်းမာရေးကောင်းတယ်ဆိုတဲ့ ဓာတ်လိုက်မင်းသားကြီး Maurice Chevalier မောရစ်ရှစ်ဗာလီယားကြီးတောင် မနေ့က အနိစ္စရောက်ရှာသတဲ့။

မနက်က ဆွမ်းချက်ဖို့ ဈေးဝယ်ရင်း ဖိုးသံဖို့ တက်ထရွန်အကွက် စလေးတစ်စ ဝယ်ခဲ့သေးတယ်လေ။

သားကို လွှတ်ပေးတော့မယ်လို့ ပြောသွားတဲ့ ဗိုလ်ချုပ်ကြီးကတော့ ဒီစာရေးနေချိန်မှာ သံတမန်တွေကိုဖိတ်ပြီး လွတ်လပ်ရေးအကြိုညစာစားပွဲကြီး တည်ခင်းသောက်စားနေမှာပဲ။ နို့ပေမယ့် လွှတ်ပေးမယ် သူပြောထားတာကို မမေ့တန်ရာပါဘူး။ ဟိုနေ့က သူတို့မန္တလေးလာတယ်။ ဘိုညိုတို့ ပန်းချီပြပွဲ မြူခန်းမမှာ ကြည့်တယ်။ ကြည့်ပြီးအပြန် တောက်လျှောက် မြစ်ဆိပ်ကိုအဆင်း လမ်းလျှောက်နေကြတဲ့ တို့အဖွဲ့နဲ့ ကျုံးဘေးမှာ ဆုံမိတယ်။ ဆုံမိတော့ ကိုလှကို သူကပဲ လက်ပြပြီး နှုတ်ဆက်သွားသေးတယ်။ နောက်ကနေမြင်ရတဲ့ ကိုလှကို မှတ်မိတယ် နှုတ်ဆက်တယ်ဆိုရင် ဖိုးသံကိုလွှတ်ဖို့ သူ မမေ့တန်ရာပါဘူး။ လွှတ်တော့ လွှတ်မှာပါပဲထင်တယ်။

ချင်းတောင်ခရီး

နက်ဖြန် ချင်းတောင်ကိုသွားမလို့ ပြင်ရဆင်ရနဲ့ အမောသား။ ချင်းဦးစီးက ချင်းအမျိုးသားနေ့ (၂၀-၂-၇၂) ပွဲ တီးဒင်မ်မှာလုပ်မှာ တက်ပါ၊ ဦးလုနဲ့ အိမ်ထောင်စုဆိုပြီး ဖိတ်လို့ပါပဲ။

ချင်းတောင်ကို မနှစ်ကတည်းက ဒေါ်မြင့်မြင့်ခင်ရယ်၊ ဒေါက်တာသန်းထွန်းရယ်၊ ကိုယ်လင်မယားရယ်သွားဖို့ အားလုံး ပြင်ဆင်ထုပ်ပိုးပြီးမှ အိမ်ရှင် ချင်းဦးစီးက လာမယ့်အစီအစဉ်ကို ကြေးနန်းနဲ့ လှမ်းပြီးအဖျက်ခိုင်းလို့ ဖျက်လိုက်ရတယ်။ လူကိုယ်တိုင်တွေ့မှ အကျိုးအကြောင်း ပြောပြီး တောင်းပန်ပါမယ်တဲ့။ အဲဒီတုန်းက ဦးဘမော်က မင်းကြီး။

နောက်တော့ ဒီလို ဘာကြောင့်ဖျက်ခိုင်းသလဲဆိုတော့ လာမယ့် အဖွဲ့မှာ ဒေါက်တာသန်းထွန်းပါတာကို မကြိုက်လို့တဲ့လေ။ ဘာလို့ မကြိုက်သလဲဆိုတော့ တစ်ခါတုန်းက ဒေါက်တာသန်းထွန်းက ကသာနားမှာ သမိုင်းဟောပြောပွဲ လုပ်ပါဆိုလို့ လုပ်ခဲ့တယ်။ အဲဒီမှာ အုပ်ချုပ်ရေးပုံစံတွေ တစ်ဆင့်ပြီးတစ်ဆင့် ပြောင်းလဲလာပုံကို ဟော ပြောရာမှာ သီပေါ၊ မင်းတုန်းတို့ လက်ထက်ကျတော့ ဝန်ကြီးတွေက အနောက်နိုင်ငံတွေက ပြန်လာကြတာမို့ ပါလီမန်ဒီမိုကရေစီနဲ့ အုပ်ချုပ် ချင်တယ်။ သက်ဦးဆံပိုင်ဘုရင်စနစ်ဟာ ခေတ်နောက်ကျနေပြီ။ ဒါ့ကြောင့် သူတို့က ပြုပြင်ဖို့ကြိုးစားတယ်။ သက်ဦးဆံပိုင်ထက်တော့ ပါလီမန်ဒီမိုကရေစီက ကောင်းတာပေါ့လို့ ဟောခဲ့သတဲ့။ အဲဒါကို M.I.S က တစ်ပိုင်းတည်းဖြတ်ယူပြီး ဒေါက်တာသန်းထွန်းက ပါလီမန်ဒီမိုကရေစီ ကောင်းတယ်လို့ ဟောပြောတယ်လို့ သတင်း



ယူပြီး တေးမှတ်ထားသတဲ့။ ဒါ့ကြောင့် ဒေါက်တာသန်းထွန်းကို ချင်းတောင်မှာရှိတဲ့ စစ်ဗိုလ် ဗိုလ်မှူးညွှန့်တင်တို့က လက်မခံချင်လို့ တစ်ဖွဲ့လုံး ခရီးစဉ်ကို ပယ်ဖျက်ခိုင်းတာတဲ့။ ဖျက်ခိုင်းရတဲ့လူတွေက အားနာလိုက်တာ မပြောနဲ့တော့။

ဒီနှစ်တော့ အဲဒီအတွက် သူတို့က လာဖို့ဖိတ်တယ်။ ဖိတ်တော့ သမီးသန်းရင်မာရော၊ သားဖိုးသံချောင်းရော သွားကြမယ်။ ၄ ယောက် လာမယ့်အကြောင်း ပြောထားတယ်။

ဗိုလ်ချုပ်ကြီးနေဝင်းက ဖိုးသံတို့ကို လွှတ်ပေးမယ် ပြောလာကတည်းက နိုင်ငံရေးကို ထည့်မတွက်နိုင်တော့ဘူး။ သားကို နေ့တိုင်း မျှော်တာပဲ။ အခါကြီးရက်ကြီးတိုင်း လွှတ်လိမ့်မယ်လို့ မျှော်တာပဲ။ ယောင်းမ မကြည်စိန်ရဲ့ဝင်္ဂက ကောင်းကောင်းလယ်တာပေါ့။ ဇန်နဝါရီလ (၃) ရက်နေ့မှာ လွှတ်မယ်လို့ အတွင်းကျတဲ့ဆီက သတင်းက ရထားတော့ စိတ်ထဲများ ကံသေကံမပဲ။ မလွှတ်တော့မှ စိတ်မောရတယ်။ နောက်တစ်ခါ ပြည်ထောင်စုနေ့ကို မျှော်ပြန်ရော။ မျှော်ရင်းနဲ့ သားပြန်လာရင် ချင်းတောင် အလယ်ခေါ်သွားမယ်ဆိုပြီး သားအတွက်ပါ နေရာယူထား ထည့်တွက်ထားတယ်။ ပြည်ထောင်စုနေ့က မလွှတ်ပြန်တော့လည်း နေ့တိုင်းမျှော်တာပဲ။ ကနေ့တော့ ဓါးကွက်မြည်သံကြားရ၊ ကျီးသာသံကြားရနဲ့မို့ သာမျှော်သေး။ ဖုန်းသံကြားရင် ရန်ကုန်ကလားလို့ ပြေးရ နားထောင်ရတယ်။

ဒါထဲမှာ ကလေးဝဝတုတ်တုတ် ချစ်စရာကလေးတွေကို ချီပြီး လာတဲ့ သားသည်အမေနှစ်ယောက်က အလေးဝယ်တယ်ကြားလို့တဲ့ ဟာသံလေး၊ ခြသေ့်လေးကလေးတွေ လာရောင်းကြတယ်။ ကနေ့မှပဲ တိုက်တိုက်ဆိုင်ဆိုင် နှစ်ယောက်တောင် လာရောင်းတယ်။ သူတို့ ချီလာတဲ့ သားလေးတွေကလည်း ချစ်စရာ တစ်တုံးတစ်ခဲကြီးတွေ၊

ရယ်တယ်၊ နှုတ်ဆက်တယ်။ သူတို့အမေနို့ကြီးတွေ တပြွတ်ပြွတ် စို့တယ်။ ဟ နိမိတ်ကောင်းပဲလို့ အောက်မေ့ရင်း ဖုန်းသံနားစွင့်ပြန်တယ်။ သားများလာတယ်ဆိုရင် မရအရ ခေါ်သွားမယ်လေ။ ချင်းတောင်က သိပ်ချမ်းသတဲ့။ အနွေးထည်ရှိသမျှ ထည့်ရ၊ စောင်တွေ ရေနွေးအိတ်တွေယူရ၊ စားစရာ ဦးလှက diet လုပ်နေလို့ ထည့်ရနဲ့ အမောပဲ။

ရက်တစ်ပတ်လောက် တီးဒင်မ်၊ ဟားခါး၊ ဖလမ်း၊ ကလေးမြို့၊ ကလေးဝကို သွားလိုက်ဦးမယ်လေ။

သစ္စာတရားက အောင်ပွဲခံရမယ်

၁၉-၄-၅၂

ငါ့သား

ဒီနေ့တော့ မေမေ့စိတ်တွေ ဖြောင်း အဆန်ဆုံးနေ့ပဲ။ မြညွန့်လေး ကနေ့ ရောက်လာတယ်။ ဒီကောင်လွတ်ပြီ ဆို ကတည်းက မေမေက ဘူတာမှာ အကြို ခိုင်းတယ်။ ပါမလာဘူး။ ဒါနဲ့ လာတဲ့နေ့ ရောက်မှာပဲလို့ မကြိုတော့ဘူး။ သူ့ဆီက သင်္ကြန်တွင်းမှာ ကြေးနန်းတစ်စောင် ရ တယ်။ သူ အခါပြီးရင် လာမယ်တဲ့။

ကနေ့ ရောက်လာပြီ။ ရောက်လာ တော့ ငါ့သားသတင်း သူသိသလောက် ကြားရတာပေါ့လေ။ စောစောက အပါ တင်မောင်ကတစ်ဆင့် ဘခက်တို့ပြောတာ ကြားရတယ်။ အဲဒီတုန်းက ငါ့သားက ဘခက်တို့ကို မတွေ့ချင်ဘူး၊ ကျေလည်း

မကျေဘူး၊ တိုက်ပိတ်တယ်၊ ကျွန်းပို့တယ်၊ တိုက်ပိတ်တယ်။ ဒီလိုခံရတာတွေ မကျေဘူးလို့ ပြောတယ်လို့ ကြားပါတယ်။

မြညွန့်ပြန်လာတော့ ငါ့သားတို့ အင်းစိန်ကို ပြန်အခေါ်မှာ အဝင်ကစပြီး ပုံစံမထိုင်လို့ ဘယ်လိုရိုက်တယ်၊ တိုက်ထဲမှာ အကြောင်းမရှိ အကြောင်းရှာပြီး ဘယ်လိုရိုက်တယ်၊ International ကိုဆိုလို့ ဘယ်လိုရိုက်တယ် ဆိုတာတွေကို ထပ်ကြားရပြန်တယ်။

မြင့်သန်းပြန်လာတုန်းကတော့ ကျွန်းမှာ ငါ့သားတို့ သေချင်သေ၊ မသေလို့ ကျန်လည်း နေဆိုပြီး ဘယ်လိုထားခဲ့တယ်၊ ဘယ်လိုတိုက်ပွဲတွေ ဝင်ရတယ်ဆိုတာတွေ ကြားရတယ်။

အမေနဲ့ ငါ့သားခွဲနေရတာ ဒီနေ့ဆိုရင် ၅ နှစ်နဲ့ ၉ လ ကျော်ပြီ။ ဒီကြားထဲမှာ ငါ့သားဖြတ်သန်းသွားတဲ့ ခရီးကြမ်းကြီးကို အမေ စာရေးဆရာက စိတ်ကူးလို့တောင် မကြည့်တတ်ပါကလား။ ငါ့သားလေး ဖမ်းသွားတုန်းက အသက် ၁၉ နှစ်သားမို့ ကလေးရှိသေးတယ်လို့ အမေက အမြဲတမ်းအောက်မေ့တယ်။ "ငါ့သားလေး" လို့ပဲ အမေ့ရင်ထဲက အမြဲခေါ်တယ်။ နို့ပေမယ့် ငါ့သားရဲ့သတ္တိကို အမေ ကြားရတော့ အံ့ဩတယ်၊ ဂုဏ်ယူတယ်၊ ငါ့သားလေး မဟုတ်ဘူး၊ ငါ့သားကြီးပါကလားလို့ အောက်မေ့မိတယ်။

ဘခက်က အပ့ါကို ပြောသတဲ့။ သားတွေသမီးတွေကို ဘယ်လိုများ လေ့ကျင့်မွေးမြူလာသလဲမသိဘူး၊ မောင်ဝင်းဆိုရင်လည်း ယုံကြည်ချက်ကြီးကြီးနဲ့ သိပ်ကိုအလုပ်လုပ်တယ်လို့ ဆိုသတဲ့။

ငါ့သားကို သူတို့ကပ်တဲ့တံဆိပ်ကြီးကတော့ "ဖိုးသံချောင်းခေါင်းမာတယ်" တဲ့။ ခေါင်းမာနေတဲ့ ဖိုးသံချောင်းကို အမေက ဖြစ်ဖြစ်၊ အဖေကဖြစ်ဖြစ် လာတွေ့ပြီး မာန်ချအောင် လုပ်ပေးစေချင်သတဲ့။

ငါ့သားဟာ အမေထင်တဲ့ ၁၉ နှစ်သားကလေး မဟုတ်တော့ဘူး။ ကန္တာရခရီးကြမ်းကြီးကို ရဲဘော်တွေနဲ့ လက်တွဲဖြတ်သန်းတိုက်ပွဲတွေ အဆင့်ဆင့်ဝင်ထားပြီးတဲ့ သားကြီးဖြစ်နေပြီ။ ငါ့သားဘာလုပ်ရင် ဘာဖြစ်တယ်ဆိုတဲ့ အကြောင်းနဲ့အကျိုးကိုလည်း လက်တွေ့တွေနဲ့တွဲလို့ အမေတို့ထက် သိနေပြီ။ ဒီသားကို အမေတို့ကဖိနှိပ်ညှဉ်းပန်း နှိပ်စက်နေတဲ့လူတွေက ခိုင်းတာကို လာလုပ်ပေးရက်မတဲ့လား။ ငါ့သားမလွတ်ခါမှနေရော၊ ငါ့သားကိုလာတွေ့ပြီး ဘာမှမပြောချင်ပါဘူး။ ငါ့သားကိုလာတွေ့ပြီး အမေ မျက်ရည်လည်းကျမပြချင်ပါဘူး။ ငါ့သားအတွက် အမေ မျက်ရည်မကျဘူး သား။ အံ့ကြိတ်ခံတယ်။ ငါ့သား ဘာလုပ်လုပ် အသိနဲ့လုပ်နေတာလို့ အမေယုံတယ်။ ကနေ့ သတင်းတွေ တစ်စွန်းတစ်စကြားရတော့ ဒီအခြေအနေမျိုးဆိုရင် အမေ ငါ့သားလို သတ္တိရှိပါ့မလားလို့ အောက်မေ့မိတယ်။

သစ္စာတရားက အောင်ပွဲခံရမယ်။ ငါ့သား အမေ့ရင်ခွင်တစ်နေ့တော့ ပြန်ဝင်ရမယ်ပေါ့ကွယ်။

## သားတစ်ယောက် ပြန်ရောက်တဲ့နေ့

၃၀ – ၄ – ၇၂

ညပိုင်းက ပူလွန်းအိုက်လွန်းလို့ ကပြင်မှာနေတုန်း ဦးလှ အောက်က တက်လာတယ်။ ၁၀ နာရီလောက် ရှိပါပြီ။ သူ့ဆီကို အခုပဲ M.I.S က ဗိုလ်ကြီး နှစ်ယောက်လာပြီး ပြန်သွားသတဲ့။ သူတို့က "ဦးလေးဆီ ဒီအချိန်ကြီးလာတာကို ဘယ်လိုမှ မအောက်မေ့ပါနဲ့" လို့ ပထမဆုံး ပြောသတဲ့။ (M.I.S များ အမြဲတမ်း သွေးလန့်နေတယ်ထင်ပါရဲ့) ပြီးတော့မှ "ဝန်ကြီးချုပ် မေမြို့ကို မနက်က ရောက်တယ်။ ဝန်ကြီးချုပ် ဒီရောက်တဲ့အခါ ဦးလေးနဲ့ ဒေါ်ဒေါ်တို့ကိုခေါ်ပြီး တွေ့တတ်တာမို့၊ ဒီတစ်ခေါက်လည်း တွေ့ကောင်းတွေ့စရာ ရှိပါတယ်။ ဒါကြောင့် ခရီးဝေးမသွားဘဲ နေစေချင်ပါ

တယ်" လို့ လာပြောသတဲ့။ ပြောပြီး ပြန်သွားကြတယ်တဲ့လေ။ သူတို့ပြောပုံအလိုကတော့ သူတို့သဘောနဲ့သူတို့ လာပြီး သတင်းပေးနှင့်သလိုလိုပါကလား။ တကယ်တော့ ဟုတ်မယ်မထင်ပါဘူး။ ဗိုလ်ချုပ်နေဝင်းဆီက တစ်စုံတစ်ရာမသိရဘဲ သူတို့က ဘာမှကြိုတင်လုပ်ဝံ့တဲ့လူတွေ၊ လုပ်မယ့်လူတွေ မဟုတ်ပါဘူး။ ဟိုက အပြောခိုင်းထားဆိုလို့ ပြောထားနှင့်တာနေမှာပါပဲ။ M.I.S သဘာဝအတိုင်း လူပါးဝတာလည်း ပါပုံရပါရဲ့။

၁-၅-၇၂

(၁၊ ၅၊ ၇၂) နေ့ မနက်ကျတော့ နမခကဗိုလ်တစ်ယောက်လာတယ်။ ဦးလေး နက်ဖြန်မနက် ဦးလေးတို့ ဒေါ်ဒေါ်တို့ မေမြို့တက်ပါ။ ကျွန်တော်တို့ဆီက ကားလွှတ်ပါ့မယ်။ ဝန်ကြီးချုပ်က ဦးလေးရော၊ ဒေါ်ဒေါ်ပါ တွေ့ချင်လို့ပါတဲ့။ ဟိုကို ၈ နာရီရောက်အောင် မနက် ၆း၃၀ မှာ ကားလွှတ်လိုက်ပါမယ်၊ ဦးလေးတို့ အသင့်စောင့်နေပါလို့ လာပြောလာတယ်။

ဒါ့ကြောင့် ဗိုလ်ချုပ်က တွေ့ချင်တယ်ဆိုရင် တခြားအကြောင်း သူပြောချင်တာတွေလည်းပြောမယ်။ သား ဖိုးသံချောင်းအကြောင်းများလည်း ပြောချင်ရင်ပြောမယ်။ သူ့မပြောသော်ရှိ၊ ပြောသော်ရှိ သူမပြောရင် ကိုယ်ကတော့ ပြောရမယ်။ ပြောတဲ့အခါ အင်းစိန်ထောင်မှာ ရိုက်နှက်နေတဲ့အကြောင်း၊ သား မကြာမကြာ အရိုက်ခံရတယ်ဆိုတဲ့အကြောင်းကို ပြောမယ်လို့ လင်မယား တိုင်ပင်တယ်။ ဦးလှက ငါကစပြီး အရိပ်အခြည်ကြည့်ပြောမယ်။ မင်းက ပုံတော်သလိုဝင်ပြောလို့လည်း စည်းဝါးရိုက်တယ်လေ။ မနက်စောစော သွားဖို့လာဖို့လည်း ပြင်ဆင်ရတယ်။ မေမြို့မှာ မိုးရွာရင် ချမ်းမယ်။

မနက်အစောကြီးထ၊ ဘုရားကန်တော့၊ အနည်းအပါး စားသောက်ပြီး ၆ နာရီမခွဲခင်ဘဲ ကားရောက်လာတယ်။ နမခ,က ဘောက်စ်ဝက်ဂွန်တစ်စင်းနဲ့ ဒရိုင်ဘာတစ်ယောက်၊ ဘေးက ဂျစ်တစ်စီးနဲ့ ဗိုလ်ကြီးတစ်ယောက်လည်း ပါလာတယ်။ ဒီဗိုလ်ကြီးက ဦးလေးတို့ ဒီကားနဲ့သွားကြပါ။ ဟိုကျရင် တည်းခိုရိပ်သာ (၂) ကို ပထမဆုံးသွားပါ။ အဲဒီမှာ နမခတိုင်းမှူး ဗိုလ်မှူးကြီးစိန်လွင် ရှိပါလိမ့်မယ်။ သူက ဝန်ကြီးချုပ်ဆီ ပို့ပေးပါလိမ့်မယ်။ ကျွန်တော် မေမြို့မလိုက်ပါဘူး။ ကားလာပို့တာပါလို့ပြောပြီး ကားအပ်ပြီးပြန်တယ်။ ဒါ့ကြောင့် ၆ နာရီခွဲသာသာမှာ လင်မယားနှစ်ယောက် မေမြို့ထွက်ခဲ့ကြတယ်။ ၈ နာရီထိုးတော့ ဘုရင်ခံအိမ် တည်းခိုရိပ်သာ (၁) ရဲ့ နောက်မှာရှိတဲ့ တည်းခိုရိပ်သာ (၂) ကို ရောက်သွားတယ်။ ဟိုမှာ ဆယ်သွယ်ရေး အရာရှိ လုပ်နေတဲ့ DSA က ဆရာဗိုလ်ကြီးတစ်ယောက်က ဆီးကြိုတယ်။ နေရာထိုင်ခင်းပေး၊ ကော်ဖီနဲ့ လက်ဖက်ရည်ကြမ်းတိုက်ပြီး၊ ဗိုလ်ချုပ်နေဝင်းနဲ့အတူ Breakfast စားသွားနေတဲ့ တိုင်းမှူးဆီ သတင်းပို့တယ်။ ရောက်ကြပြီဆိုတာ၊ သတင်းယူတဲ့လူက တိုင်းမှူး ဗိုလ်ချုပ်ကြီးနဲ့ စကားပြောနေသေးလို့ ပြီးမှ အကြောင်းကြားပေးမယ်တဲ့။

ဒါနဲ့ စောင့်နေရတယ်။ ၉ နာရီထိုးခါနီးတော့ ဗိုလ်ချုပ်နေဝင်းက ကိုလှတို့ခေါ်ထားတာ မရောက်သေးဘူးလားလို့ မေးသတဲ့။ ဒါကြောင့် ရောက်ပြီလို့ သတင်းပေးတော့ ခေါ်ခဲ့ပါဆိုသတဲ့။ တည်းခိုရိပ်သာ (၂) ကို ဖုန်းလာတယ်။ ဒီတော့ ဆက်သွယ်ရေးတာဝန်ကျက ကျွန်တော့် ကားနောက်က ဦးလေးတို့ကား ဆက်လိုက်ခဲ့ပါလို့ခေါ်ပြီး သူ့ကားက ရှေ့ကထွက်နှင့်ပါတယ်။ ကားက မောင်းသွားလိုက်တာ ဘယ်လမ်းတွေမှန်းတောင် မသိတော့ဘူး။ ကိုယ့်စိတ်အထင်က ဗိုလ်

နေဝင်းက တည်းခိုရိပ်သာ (၁) ဘုရင်ခံအိမ်မှာ တည်းနေတယ် ထင်တာကိုး။ ဒါကြောင့် နီးနီးမောင်းသွားရမယ်မှတ်တာ၊ ခုတော့ ကိုယ် မေမြို့လာတဲ့အခါ မောင်းနေကျ သွားနေကျလမ်းတွေ မဟုတ်တဲ့ လမ်းတွေက တော်တော်ကြာအောင် လျှောက်မောင်းနေတယ်။ မောင်းပြီးလို့ အတော်ကြာတော့ "တပ်မတော်ဧည့်ရိပ်သာ" လို့ ဆိုင်းဘုတ်တပ်ထားတဲ့ဆီကို ရောက်တယ်။ ဩော်... ဗိုလ်ချုပ်ကြီးက ဒီနေရာမှာ' အတွေ့ခံမှာကိုး။ ဗိုလ်ချုပ်လာရင် ဒီမှာပဲ တည်းလေ့ရှိသတဲ့။ ဒီက ပိုလုံခြုံသတဲ့။ ဧည့်ရိပ်သာဂိတ်နားနီးတော့ စစ်ကားတစ်စီး၊ စစ်သားအပြည့်နဲ့ လက်နက်အပြည့်နဲ့ လုံခြုံရေးတာဝန်ယူနေကြတာကို ပထမဆုံး တွေ့ရတယ်။

ရှေ့ကသွားတဲ့ ဆက်သွယ်ရေးတာဝန်ခံက ဂိတ်မှာ ဘယ်သူတွေ ဘယ်ဝါတွေ ပါလာတယ်ဆိုတာကို သတင်းပို့ပြီး ဝင်းထဲဝင်နှင့်တယ်။ ကိုယ်စီးလာတဲ့ကားက ဂိတ်ထဲဝင်၊ ဂိတ်ဝမှာရပ်ပေးတော့ ဂိတ်မှာစောင့်နေတဲ့ ဗိုလ်တစ်ယောက်က မန္တလေးက လူထုဦးလှနဲ့ ဒေါ်အမာ ဟုတ်ပါသလားတဲ့။ ဟုတ်ပါတယ်လို့ပြောတော့ "ကား ဆင်ဝင်အောက်ရောက်အောင် မောင်းသွား" လို့ ဒရိုင်ဘာကို ပြောတယ်။ ဒါနဲ့ ကားမောင်းတော့မယ့်အလုပ်မှာ ဗိုလ်တစ်ယောက် ဂိတ်ရုံးထဲက ထွက်လာပြန်ပြီး ဒီကားပေါ် သူလိုက်ခဲ့ဦးမှာမို့ ဦးလေး နောက်ရွှေ့စီးပါလို့ပြောတယ်။ အစက ဒရိုင်ဘာဘေးထိုင်နေတဲ့ ဦးလှက နေရာဖယ်ပေးတော့ သူဝင်ထိုင်ပြီး ကားကို ဗိုလ်ချုပ်နေဝင်းရှိတဲ့ အိမ်ဆီကို အမောင်းခိုင်းတယ်။ ဟိုကျတော့ ပထမလူက ကားကို ဆင်ဝင်အထိ မောင်းခဲ့ပါဆိုပေမယ့် ဒီလူက ဆင်ဝင်နဲ့ ဝါးနှစ်ရိုက်ကွာလောက်မှာ ရပ်ခိုင်းပြီး ကျွန်မတို့နှစ်ယောက်ကို လမ်းလျှောက်လာစေတယ်လေ။ ဗိုလ်ချုပ်နေဝင်း၊ သူ့နောက်က တိုင်းမှူးစိန်လွင်၊ သူ့နောက်က

DSA ကျောင်းအုပ် ဗိုလ်မှူးကြီး ထွန်းအောင်ကျော်၊ သူ့နောက်က ဘယ်သူမှန်းမသိတဲ့ မာဖီနဲ့လူနှစ်ယောက် တွေ့ရတယ်။ ဦးနေဝင်းက ဆင်ဝင်လှေကားနား လာပြီးကြိုတယ်။ ပြီးတော့ ဧည့်ခန်းထဲ ခေါ်သွားပြီး သူထိုင်မယ့်နေရာနဲ့ အနီးဆုံးကုလားထိုင်မှာ ဦးလှ၊ အဲဒီနဲ့ကပ်ရက်မှာ ကျွန်မထိုင်ဖို့ နေရာပေးတယ်။

ကြိုရာမှာ ဗိုလ်ချုပ်နောက်နားက ပါကြသူတွေက ဧည့်ခန်းအပြင်စနားမှာ မိုးတိုးမတ်တတ် ရှိကြတာကို ဗိုလ်ချုပ်က "လာကြလေ၊ လာကြ၊ အားလုံး ဒီမှာပဲ အတူထိုင်ကြပေါ့" လို့ခေါ်တယ်။ ခေါ်တာတောင် ဒီလူတွေက ရဲရဲမဝင်လာဘူး။ အဲဒီမှာထိုင်ကြ၊ ထိုင်ကြဆိုမှ ကျွန်မနေရာနဲ့ ကုလားထိုင် နှစ်ချပ်ခြား၊ ခပ်လှမ်းလှမ်းက ကုလားထိုင်တွေမှာ ဝင်ထိုင်တယ်။ သူတို့ဟာ ဒူးနေရာ တော်နေရာ သိပ်ကြည့်ရ သိပ်ကြောက်ရတဲ့ပုံပဲ။

ထိုင်လည်းထိုင်ရော ဧည့်ခန်းနဲ့ကပ်နေတဲ့ ကောင်တာနဲ့ ဘားကနေပြီး လက်ဖက်ရည်အကြမ်း၊ ကော်ဖီအချို၊ ကိတ်မုန့်တစ်ပွဲ၊ အကြော်မျိုးစုံတစ်ပွဲ လာချလာပြီး ပန်းကန်ထဲ ကော်ဖီထည့်ပေးတယ်။

ဗိုလ်ချုပ်က ကဲ... သောက်ကြ စားကြပါဦးတဲ့။

ပြီးတော့ လိုရင်းအရင်ဆုံးလုပ်မယ်ဆိုတဲ့ပုံနဲ့ "ကဲ – ဟိုကိစ္စ – ဟိုအကြောင်း အရင်ပြောရအောင်၊ သားအကြောင်း" တဲ့။

သားကို သူက နာမည်နာမနဲ့တော့ ထည့်လွှတ်ဖို့ မပြောလိုက်ဘူးတဲ့။ ဒါပေမဲ့ လွှတ်တဲ့စာရင်းတွေ ထွက်လာလို့ ကြည့်လိုက်တော့ ပထမအသုတ်မှာလည်း ဒီကောင်က ပါမလာဘူးတဲ့။ ဒုတိယအသုတ်လွှတ်ပြန်တော့လည်း ဒီကောင်က မပါပြန်ဘူးတဲ့။ ဒါနဲ့ ဟ... ဘယ်လိုဖြစ်နေတာလဲလို့ မေးကြည့်တဲ့အခါ ဒီကောင်က သိပ်ခေါင်းမာ

နေတယ်လို့ ပြောသတဲ့။ ဒီအကြောင်း ဇဝနကိုသိန်းကို ပြောပြလိုက်တာ ပြောရဲ့လားလို့ မေးပါတယ်။

ကိုသိန်း DSA ကျောင်းဆင်းပွဲ မေမြို့လာတုန်းက ပြောပြပါတယ်လို့ ဦးလှကဖြေတော့၊ အဲတော့မှပြောသလား၊ သူတို့ မတ်လကတည်းက မှာလိုက်တာပဲတဲ့။

ဖိုးသံချောင်း ခေါင်းမာနေတယ်လို့ သူကြားတဲ့အကြောင်း သူကပြောလာတဲ့အခါ ဦးလှက ဖိုးသံချောင်း ခေါင်းမာနေတယ်ဆိုတာက ဒီလိုရှိလိမ့်မယ်။ သူဟာ အဖမ်းခံရကတည်းက တိုက်ထဲမှာချည်းနေရတယ်။ ကျွန်းကပြန်လာတော့လည်း အင်းစိန်မှာ တိုက်ထဲထည့်ထားပြီး မကြာမကြာ အရိုက်ခံနေရတယ်လို့ ကြားရတယ်။ လူကြီးများကတော့ ဒီလိုရိုက်နေတာ သိကောင်းမှသိမယ်။ ဒီလိုခံနေရတဲ့ကြားထဲက မောင်မြတို့ ရဲဘော်ဘခက်တို့က လာပြီးဆွေးနွေးတယ်ဆိုတော့ ဒေါသဖြစ်နေတာနဲ့ မချေမငံပြန်ပြောတာ ဖြစ်လိမ့်မယ်လို့ ပြောပြတယ်။

ဒီလိုပြောတာက တခြားကြောင့် မဟုတ်ဘူး။ ဘခက်က ရန်ကုန်မှာ လူထုဦးလှတို့နဲ့ နီးစပ်ရာ အယ်ဒီတာလောကနဲ့ အပါကိုတင်မောင်တို့ကို ဖိုးသံချောင်းက သိပ်ခေါင်းမာတယ်၊ သူတို့လာတွေ့တာ၊ "ကျုပ်ကို သက်သက်စော်ကားတာပဲ။ ခင်ဗျားတို့လို သစ္စာဖောက်တွေနဲ့ မတွေ့ချင်ဘူး" လို့ ပြောတယ်။ မောင်ဝင်းကိစ္စ မေးတော့လည်း "ပုဂ္ဂိုလ်ရေး မမြင်နိုင်ဘူး၊ လူတန်းစားအမြင်နဲ့ပဲ ဖြစ်နိုင်မယ်၊ နို့ပေမယ့် ပါတီက ဒါလောက်ရက်စက်လိမ့်မယ်လို့ မယုံဘူး" လို့ပြောသတဲ့။ ဖိုးသံချောင်းက သိပ်ခေါင်းမာတယ်ဆိုတဲ့ အသံတွေပေးနေလို့ မန္တလေးက အဲဒီလို လှမ်းလှမ်းကြားနေရတာနဲ့ ကိုလှက ပြောတာပဲ။

ဒီတော့ အမေကလည်း မနေနိုင်ဘူး၊ ဖိုးသံချောင်း အကြောင်းမရှိ အကြောင်းရှာပြီး အရိုက်ခံနေရတယ်ကြားတယ်၊ ဖိုးသံချောင်းဟာ အဖမ်းခံရကတည်းက မန္တလေးထောင်မှာလည်း တိုက်ထဲချည်း ထားတာ။ အဲဒီတော့ အသက်ငယ်သေးတဲ့ လူငယ်လေးမို့ ကျားကလေး ကျားသစ်ကလေးတွေ တောထဲကဖမ်းလာပြီး လှောင်အိမ်ထဲ ထည့်ထားတဲ့အခါ မာန်ဖီပြီး လှောင်အိမ်ထဲ ခေါက်တုံ့ခေါက်ပြန် လျှောက်နေတဲ့ သဘောမျိုး ဖြစ်လိမ့်မယ်လို့ ဝင်ပြောလိုက်တယ်။

အဲဒီမှာ ဗိုလ်နေဝင်းက ဗိုလ်မှူးစိုးမြင့် ဒီမှာအရှိသားပဲတဲ့။ စောစောက သူ့အထိုင်ခိုင်းတဲ့အထဲက အရပ်ဝတ်နဲ့ လူနှစ်ယောက်အနက်က အသက် ၄၀ ထက် ကြီးပုံမရသေးတဲ့လူဟာ M.I.S က ဒုဗိုလ်မှူးကြီးစိုးမြင့်ဆိုတဲ့လူပါကလား၊ ဗိုလ်ချုပ် နိုင်ငံခြားတိုင်းပြည်တွေသွားရင်လည်း အမြဲတမ်းပါသွားရတဲ့ လူပါကလား။ ဗိုလ်ချုပ်က ဒီလိုပြောတော့ ဗိုလ်မှူးစိုးမြင့်က . . .

"ကောင်လေးက မချေမငံမပြောပါဘူး။ ဆက်ဆံရေး ကောင်းပါတယ်။ ကျွန်တော်နဲ့ ၅ နာရီနီးပါး ဆွေးနွေးတာ၊ ကောင်းကောင်းမွန်မွန်ပဲ ပြန်ပြောပါတယ်။ အဲ အယူအဆချင်းတော့ ကွဲလွဲမှုရှိတာပေါ့။ သူ့ကို မင်း ကျောင်းပြန်နေမလားလို့မေးတော့ အမေတို့ အဖေတို့က ထားရင် နေရမှာပေါ့" လို့ ပြန်ပြောပါတယ်တဲ့။

ဒီတော့ ဗိုလ်ချုပ်က "ဟ ဒီလိုဆို ကောင်းသားပဲကွ၊ မင်းတို့ ပြောပုံက ကနေ့လွှတ်လိုက်ရင် နက်ဖြန်ပဲ တောပြန်ခိုတော့မလိုလို ဟာကိုး၊ ကဲ ဒါဖြင့် အမေနဲ့ အဖေ ရန်ကုန်လိုက်သွားပြီး ခေါ်ချေကြပါ" လို့ပြောတယ်။ ပြီးတော့ ကဲ ဒီကိစ္စပြီးပြီတဲ့။

အဲဒီမှာ တခြားစကားပြောကြစို့ဆိုတာနဲ့ ကိုလှက ချင်းတောင်အကြောင်း၊ ဗမာဆန့်ကျင်ရေးလှုံ့ဆော်မှု ချင်းတောင်ပေါ်မှာရှိနေတဲ့

အကြောင်းတွေကို စကားစပေးတာနဲ့ ချင်းတောင်အကြောင်းတွေကို ဗိုလ်နေဝင်းကရော ဗိုလ်စိန်လွင်ကရော ဆက်ပြောကြတယ်။ ကိုလှ လည်း ဝင်ပြောတယ်။

နောက် ၁၁ နာရီခွဲတော့ ထမင်းပြင်ခိုင်းပြီး လင်မယားနှစ်ယောက်ကို သူကိုယ်တိုင်ထမင်းကျွေးပြီး တစ်ချက်ခွဲမှ ပြန်တော့လို့ ပြောတယ်။ ကိုလှက ဒီလိုဆိုရင် နက်ဖြန်သွားခေါ်ပါရစေလို့ ပြန်ခါနီး သေချာအောင်မေးတော့ မေမြို့လာခါနီးမှာတော့ သူပြောတော့ ပြောခဲ့တယ်။ ဒါပေမဲ့ ထပ်ပြောလိုက်ဦးမယ်။ နက်ဖြန်တော့ မသွားနဲ့ဦး၊ သန်ဘက်ခါလောက်တော့ သွားနိုင်ပါလိမ့်မယ်တဲ့။ ဒီမှာ ဗိုလ်မှူးစိန်လွင်က ကျွန်တော်တို့ နမခ,က ဦးလေးကို အကြောင်းကြားပါမယ်။ ဘယ်နေ့သွားလို့ရမယ်ဆိုတာကိုတဲ့။

ဒါနဲ့ လင်မယားနှစ်ယောက် စိတ်လက်တော်တော်ပေါ့ပြီး သူ့အိမ်က ပြန်ထွက်လာကြတယ်။ ဗိုလ်နေဝင်းက ကားအထိ လိုက်ပို့လိုက်ပါသေးတယ်။ ကိုယ်ကတော့ ပြန်ခါနီးမှာ "ကျေးဇူးတင်ပါတယ် ကျွန်မ စိတ်ချမ်းသာမှုရသလို ဗိုလ်ချုပ်လည်း စိတ်ချမ်းသာပါစေ" လို့ ဆုပေးခဲ့တယ်။

ကားပေါ်ရောက်တော့မှ "တို့သားလေးက ခုမှ တကယ်လွတ်တော့မှာပါကလား" လို့သိပြီး ကားမောင်းနေတဲ့ နမခရဲဘော် မသိအောင် ဦးလှကို ဆုပ်ကိုင်မိတယ်။

ကားက ဗိုလ်သိန်းဝင်းတို့အိမ်ကို ဝင်မိတော့ ဧည့်ခန်းမှာ မခင်ကြွယ်နဲ့တွေ့တယ်။ "မခင်ကြွယ်ရေ ဒီလိုဒီလိုပဲ။ ဒီတစ်ခါတော့ သား တကယ်လွတ်တော့မှာလို့" ပြောပြီး ဝမ်းသာလွန်းလို့ ဘယ်လိုဖြစ်သွားသလဲ မသိဘူး၊ ရင်တွေထဲက လှိုက်လာတုန်လာလို့ ကျရှင်နဲ့ ရင်ကို ဖိထား ခုထားလိုက်ရတယ်။ နောက် အလိုလိုနေရင်း မောလာ

တာနဲ့ သူတို့ကုလားထိုင်မှာ အသာခွေအိပ်နေရတယ်။ မျက်ရည်က လည်း ကျချင်သေးတယ်။ ဒီတစ်ခါတော့ အနှစ်နှစ်အလလက ကြိတ်မျိုထားခဲ့တဲ့အလုံး၊ ဖိမထားနိုင်တော့ဘဲ တအားကြွလာတယ် ထင်ပါရဲ့၊ ဝမ်းသာလုံးဆို့တယ် ဆိုတာများလားလည်းမသိ။

ခါတိုင်းတော့ ညအိပ်ရာဝင်မှာဖြစ်ဖြစ်၊ နေ့ခင်းနေ့လယ်မှာ ဖြစ်ဖြစ် သားကလေးကို သတိရတယ်ဆိုရင် လင်မယား ဟန်လုပ်ပြီး နိုင်ငံရေးနဲ့ တွက်ဖြေလိုက်ကြ၊ ဘာသာရေးနဲ့ တွက်ဖြေလိုက်ကြ၊ တစ်ယောက်တစ်ပြန် တရားပြနေခဲ့ကြပေမယ့် ရင်ထဲမှာတော့ ငေါင်းဆူ လူမသိပေ့ါ။ နို့ပေမယ့် မျက်ရည်လည်း မကျခဲ့ပါဘူး။ ဒီတစ်ခါ တော့ ဘယ်လိုဖြစ်လာမှန်းမသိဘူး။ လှိုက်လာလိုက်တာ။

မခင်ကြွယ်က ဗိုလ်သိန်းဝင်းကို ဖုန်းဆက်ပြီး အခေါ်ခိုင်းတယ်။ ဗိုလ်သိန်းဝင်း ရုံးကပြန်လာတော့ အကျိုးအကြောင်း အားလုံးပြောပြ ကြတယ်။ ပြီးတော့မှ ကန်တော်ကြီးထဲ လင်မယားနှစ်ယောက် တစ်ပတ်လျှောက်ရင်း၊ ဗိုလ်ချုပ်နဲ့တိုင်းမှူး၊ ဗိုလ်မှူးစိုးမြင့်တို့ ပြောဆိုပုံ တွေကို ပြန်ပြီးဝေဖန်ကြည့်မိကြတယ်။

တကယ်တော့ ဖိုးသံချောင်းကို M.I.S က အလွန်ငြိုးတာပဲ။ သူတို့အလိုဆိုရင် မလွှတ်သေးပါဘူး။ နိုင်ငံရေးဒူးထောက်မှုကို မရအရ တောင်းနေမှာမုချပဲ။ ခုတော့ No. 1က လွှတ်ပေးချင်တာမို့ M.I.S က အလိုက်သင့် အလျားသင့်ပြော၊ တိုင်းမှူးဗိုလ်စိန်လွင်တို့ကလည်း ခေါင်းတော်ညိတ် စိတ်တော်သိနဲ့ ချိုသာပျော့ပျောင်းပြီး လွှတ်ပေးဖို့ ဝိုင်းလျော်တဲ့ပုံစံမျိုး လုပ်ကြတာနေမှာပါ။ ဗိုလ်နေဝင်းက ဦးလှ ဒေါ်အမာဆိုတဲ့ ပုဂ္ဂိုလ်အရ သူတို့သားဖမ်းထားတာ ကြာလှပြီ လွှတ် ပေးတော့မယ်ဆိုပြီး လွှတ်ပေးတာပါပဲ။

ကန်တော်ကြီးက ပြန်လာတော့ ဗိုလ်မှူးသိန်းဝင်းတို့အိမ် ဝင်နှုတ်ဆက်ပြီး မန္တလေး ပြန်ဆင်းခဲ့ကြတယ်။ မန္တလေးရောက်တော့ သားသမီးတွေကို ပြောပြ၊ ကြင်ကြင်တို့၊ မောင်လေးတို့၊ အတင်တို့ကို ပြောပြ၊ မမဦးကိုလည်း ပြောပြရတယ်။ ဆွေမျိုးတွေ ကပြင်မှာစုထိုင်ပြီး မနက်က မေမြို့သွားရပုံ။ No.1 နဲ့ တွေ့ရပုံ၊ သူက ပြောပုံဆိုပုံတွေကို ပြောပြ၊ ရယ်နိုင်ပြီမို့ ရယ်ကြမောကြနဲ့နေရင်း ည ၉ နာရီလောက်ကျတော့ အောက်ကဖုန်းလာတယ်။ နမခ,က G II ဆီက ဖုန်းတဲ့။ ဦးလေးတို့ ရန်ကုန်ကို နက်ဖြန်သွားနိုင်ပါပြီ။ လေယာဉ်လက်မှတ်နှစ်စောင်ရအောင်လည်း လုပ်ထားပါပြီ။ နက်ဖြန်ပဲသွားပြီး သန်ဘက်ခါမှာ သားကို ခေါ်လာကြပါတော့တဲ့။

No.1 က ခိုင်းတဲ့ကိစ္စတွေဆိုတော့ ဘာမဆို ချက်ချင်းဖြစ်တဲ့သဘောပေါ့။ ဒါနဲ့ အမေကြီးပို မြေးအဖွား ပြန်မယ်ဆိုတာ မပြန်နဲ့ဦး။ အိမ်မှာစောင့်ရစ်ဦး၊ ရန်ကုန် နက်ဖြန်သွားရဦးမယ်လို့ပြောပြီး U BA. G.M ကိုကိုလတ်ကို ဒါရိုက်ဖလိုက် လေယာဉ်လက်မှတ်နှစ်စောင်ရအောင် လုပ်ပေးဖို့ ပြောရတယ်။

၃-၅-၇၂ နေ့မှာ လင်မယားနှစ်ယောက် လေယာဉ်နဲ့ ရန်ကုန်ကို သွားကြတယ်။ လေယာဉ်က ဒါရိုက်ဖလိုက် မရဘူး။ ညောင်ဦး၊ မကွေး ဆင်းသေးတယ်။ မင်္ဂလာဒုံမှာတော့ ဖုန်းပြောထားလို့ ကိုအေးကြည်တို့၊ ဦးအေးမောင်တို့ လာကြိုနေတယ်။ သမီးသန်းရင်မာ MD စာမေးပွဲဖြေဖို့ ရန်ကုန်ကို (၁၆-၄-၇၂) နေ့ကတည်းက သွားနေပြီး ဦးအေးမောင်အိမ်မှာ စာကျက်နေတာ။ လေယာဉ်ကွင်းမှာ မတင်ဝင်းနဲ့လည်း တွေ့တယ်။ သူက ဘယ်က ဘယ်ရောက်နေတာလဲဆိုတော့ ပြည်ခရိုင်၊ ပဒေါင်းက အသုံးလုံး လုပ်အားပေးပြီး

ပြန်လာတာ။ ရန်ကုန်ကို (၃) ရက်နေ့မနက်က ရောက်နေသတဲ့။ အမေနဲ့အဖေ လာကြမယ်၊ ဖိုးသံချောင်း လွတ်တော့မှာမို့ လာခေါ်ကြ တယ်ဆိုတော့ သူလည်း ကွင်းလာကြိုတာပေါ့။ သူ့အစ်မကတော့ စာကျက်နေရစ်တယ်။

ရောက်တဲ့နေ့က ဇဝနတို့ စတဲ့ မိတ်ဆွေရင်းချာတွေကို ကိုလှက ဖုန်းဆက်ပြောနှင့်တယ်။ နက်ဖြန် အင်းစိန်ထောင် သွားခေါ်မယ်ဆိုတဲ့ အကြောင်း၊ ဒီတော့ ဇဝနက ခင်ဗျားတို့ အင်းစိန်မှာ တစ်နေကုန်မှာပဲ၊ ညနေမှ အိမ်ပြန်ရောက်လိမ့်မယ်။ သူတို့က လွှတ်ခါနီးမှာ ကိုယ်ရေး ရာဇဝင် ယူတာနဲ့ဘာနဲ့ အမျိုးမျိုးလုပ်သေးတာ။ သိပ်အချိန်ကုန်တယ်။ အကြာကြီးတဲ့။ ဦးလှကတော့ ဗိုလ်ချုပ်အမိန့်နဲ့လွတ်မှာ မကြာနိုင်ပါ ဘူးလို့ တွက်တယ်လေ။

ညတော့ ညီညီတို့လည်း လာတယ်။ ဒါနဲ့ ညီညီကို ခွင့်ယူခိုင်းပြီး နက်ဖြန် စစ်ရုံးနဲ့ အင်းစိန်ထောင်ကို လိုက်ပို့ပေးဖို့ ပြောရတယ်။ ညီညီက ဒါတွေတော့ ကျွမ်းမယ်လေ။ သူလည်း အင်းစိန်ထွက် ပေကိုး။

▣



# ကြေးမုံ

The Mirror

6-5-72

(သတင်း ၇)

၄-၅-၅၂

မနက်စောစောထတယ်။ ကိုအေးကြည် လည်းထတယ်။ ၈ နာရီမှာ War Office ခေါ်တဲ့ စစ်ရုံးကို ညီညီကားနဲ့ လေးယောက် သား သွားကြတယ်။ တစ်ခေါက်တစ်ခါမှ သွားဖူးတာမဟုတ်တော့ အလံပြ ဘုရားလမ်း ကနေပြီး အစောင့်တွေကို ပြောဝင်တယ်။ နောက် စုံစမ်းရေးရုံးဆိုတာကို ရှာတယ်။ ဒီလမ်းထဲမှာ မဟုတ်ဘူး။ ဟိုဘက်ကို သွားလို့ ပြလို့ အဲဒီပြရာလမ်းဘက်ကို ဆင်းလာရ တယ်။ တကယ်တော့ အဝင်မှားခဲ့တာ။ စုံစမ်း ရေးရုံးဟာ လူတကာ လွယ်လွယ်ဝင်နိုင်တဲ့ လမ်းတစ်လမ်းရဲ့ထိပ်မှာပဲရှိတယ်။ War Office ကြီးထဲ (လူတိုင်းမဝင်ရ) ဝင်တဲ့ မင်း လမ်းမကြီးပေါ်မှာ မဟုတ်ဘူး။

စုံစမ်းရေးရုံးကို ညီညီကို လွှတ်လိုက်တယ်။ ဒုဗိုလ်မှူးကြီးတင်ဦး နဲ့ တွေ့ချင်တယ်လို့ပြောပြီး တွေ့ခွင့်တောင်းရမှာ။ ညီညီက တော် တော်နဲ့ ပြန်မလာဘူး၊ နောက် တော်တော်ကြာမှ တွေ့ခွင့်ပုံစံကလေး သူဖြည့်ထားတာကို လာပြတယ်။ တွေ့လိုတဲ့ကိစ္စ "...ဝန်ကြီးချုပ် ညွှန်ကြားချက်အရ" လို့ ထည့်ထားတယ် ဟုတ်ပလားတဲ့။ အေးလို့ ပြောတော့ တစ်ခေါက်ပြန်သွားပြန်တယ်။ ခဏနေတော့ ဗိုလ်ကြီး တစ်ယောက် ပေါက်လာတယ်။ လာကြ။ သူ့ကားနောက်က လိုက်ခဲ့ ကြတဲ့။

စစ်ရုံးဝင်းကြီးထဲ ကားနှစ်စီး မောင်းဝင်သွားကြတယ်။ မြန်မာ တစ်ပြည်လုံးကို လက်နက်နဲ့ အုပ်ချုပ်နေတဲ့ ယန္တရားရဲ့ ဗဟိုအချက် အချာ ဒေသကြီးပေါ့။ စစ်ရုံးလုပ်ထားတဲ့ အဆောက်အဦးတွေက အများကြီးပဲ။ ကားတွေရပ်ရမယ့် နေရာတစ်ခုက ကွက်လပ်မှာ ကားရပ်ထားရပြီး ဦးလှနဲ့ ဒေါ်အမာ သူ့နောက်က လိုက်ခဲ့ဆိုလို့ သူ့နောက်လိုက်သွားရတယ်။ ကိုအေးကြည်နဲ့ ညီညီက ကားပေါ်ကျန်ခဲ့ တယ်။ စစ်ရုံးကြီးပေါ်ကို ကျယ်ပြန့်တဲ့ လှေကားကြီးပေါ်က တက်ရ တယ်။ ပထမအထပ်ရောက်တော့ ရုံးခန်းတွေ တစ်ခုပြီးတစ်ခုကို ကျော်သွားရတဲ့ အတွင်းစင်္ကြံလမ်းကနေပြီး အဆောက်အဦးကြီးရဲ့ အစွန်းတစ်နေရာက အခန်းငယ်တစ်ခန်းထဲ ရောက်သွားတယ်။ အဲဒီ အခန်းထဲမှာ ခဏစောင့်၊ စောင့်ပြီးလာပါတော့ဆိုတော့ အခန်းကျယ် ကြီး တစ်ခန်းထဲ ဝင်သွားရတယ်။

အဲဒီအခန်းဟာ M.I.S Chief ဒုဗိုလ်မှူးကြီးတင်ဦး ထိုင်တဲ့ အခန်းပဲ။ အထဲက စားပွဲရှည်တစ်ခုမှာ ဗိုလ်မှူးကြီးချစ်ခင် ထိုင်နေတာ တွေ့ရတယ်။ ထွက်လာခေါ်တဲ့ ဒုဗိုလ်မှူးကြီးတင်ဦးက ဦးလှတို့နဲ့ တွေ့ရအောင် ဗိုလ်မှူးကြီးချစ်ခင်လည်း ဒီမှာရောက်နေသတဲ့။

အခန်းကြီးက ကြီးကြီးကျယ်ကျယ် ဘေးနံရံတွေက သက္ကလပ် အစိမ်း လိုက်ကာကြီးတွေကာလို့၊ ဒီလိုက်ကာကြီးတွေကို ခလုပ်ကနေ ဖွင့်လိုက်ရင် မြေပုံကြီးတွေ (ရုပ်ရှင်ထဲကလို) ပေါ်လာမယ်ထင်တယ်။ ခမ်းနားသပ်ရပ်တဲ့ အခန်းကြီးပါပဲ။

လေးယောက်သား ထိုင်မိကြတော့ "အာလာပ သလ္လာပ" တွေကို ဒုဗိုလ်မှူးကြီးတင်ဦးက ပြောပါတော့တယ်။ သူပြောတဲ့ အထဲမှာ ကနေ့မြန်မာနိုင်ငံအရေးနဲ့ ပတ်သက်ပြီး သူတို့ M.I.S က ဘယ်လောက်အထိ သတင်းရထားတယ်ဆိုတာတွေ အများဆုံးပါပါ တယ်။ သူတို့ဖမ်းဖူးတဲ့လူတွေ ဘယ်ကိစ္စမှာ ဘယ်လောက်ပါဝင် ရှုပ်ထွေးခဲ့ဖူးတယ် ဆိုတာမျိုးတွေလည်း အများကြီး။ ဥပမာ ဗိုလ် လက်ျာကိစ္စနဲ့ ဒေါ်တင်လှိုင်၊ ဦးနုတို့ ပြည်ပြေးအဖွဲ့ရဲ့ လှုပ်ရှားမှုကို သူတို့ ဘယ်လောက်သိတယ်ဆိုတဲ့ အကြောင်းတွေ၊ ပြည်ပြေးအဖွဲ့ဝင် တွေရဲ့ ကိုယ်ရေးမသန့်ရှင်းမှုတွေကို သူတို့ ဘယ်လောက်သိတယ် ဆိုတဲ့ အကြောင်းတွေကိုလည်း ပြောတယ်။ ပြောတဲ့အခါ မြိန်ရေ ရှက်ရေ ရှိလွန်းလို့ (ဒီလူတွေ ကိုယ့်ဘက်လည်း ဒါမျိုးမှာ အလွန် စိတ်ပျက်ဖို့ ကောင်းလောက်အောင် ဖောက်ပြန်ပျက်စီးနေတာ မှန်ပါ ရဲ့နဲ့ ဘယ့်နှာကြောင့် ဒီလိုပြောချင်တာပါလိမ့်လို့ နားထောင်ရင်း စိတ်ပျက်မိသေးတယ်။) ဒေါက်တာဗမော်တို့အကြောင်းလည်းပါရဲ့၊ ဗကပအကြောင်းလည်းပါရဲ့၊ ကိုကိုးကျွန်းအကြောင်းကျတော့ ဓာတ်ပုံ Album ယူခဲ့စမ်းပါလို့ စစ်ဗိုလ်တစ်ယောက်စီက လှမ်းတောင်းလိုက် ပြီး၊ သားတို့ ကိုကိုးကျွန်းက ပြန်ခေါ်တော့ ကျွန်းမှာ သင်္ဘောပင် တွေကို ဓားနဲ့ ပိုင်းဖြတ်ထားပစ်ခဲ့တဲ့ ဓာတ်ပုံကစပြီး၊ ကျဆုံးတဲ့ ရဲဘော်တွေအတွက် စိုက်ထူခဲ့တဲ့ အထိမ်းအမှတ် ကျောက်တိုင်ကြီးတွေ၊ ထမင်းစားခန်းက Bound မှာရေးထားတဲ့ ကြွေးကြော်သံတွေ၊ လှံ့

ဆောင်ချက်တွေ Monuments တွေအားလုံး သူတို့ ခေတ်ပုံရိုက်လာခဲ့သမျှကိုပြတယ်။

ဒီကျွန်းမှာထားတော့ ရဲနဲ့ ထောင်အမှုထမ်းကပဲ အုပ်ချုပ်တာမို့ သားတို့က ဘယ်သူ့ကိုမှမမှုဘဲ စည်းမဲ့ကမ်းမဲ့ ဖြစ်သွားတဲ့အကြောင်း၊ အင်းစိန်ထောင် ပြန်ခေါ်ပြီးတော့မှ စည်းကမ်းသေဝပ်အောင် ပြန်လုပ်ယူရတဲ့အကြောင်း၊ သူတို့ကို သင်္ဘောနဲ့ပြန်ခေါ်လာရာမှာ သင်္ဘောပေါ်ကနေ ကုန်းပေါ်တက်ပြီး ကားတွေနဲ့ခေါ်တော့ တစ်လမ်းလုံး ကြွေးကြော်သံတွေ ကြွေးကြော်လာကြတဲ့အကြောင်း၊ အဲဒီအချိန်က အင်းစိန်ဈေးဟာ ဝေလီဝေလင်းမှာ လူစည်နေပြီဖြစ်လို့ ဈေးရှိလူကုန်က ကြားလိုက်ရတဲ့အကြောင်းတွေလည်း ပြောတယ်။

ဗိုလ်မှူးကြီးချစ်ခင်ကတော့ ပြုံးပြုံး၊ ပြုံးပြုံးနဲ့ တရားနာခံပဲလုပ်တယ်။ သိပ်ပြီးဝင်မပြောဘူး။ ဒီပွဲမှာ တကယ်စကားပြောတဲ့လူကတော့ ဒုဗိုလ်မှူးကြီးတင်ဦးပါပဲ။ သူက သားတို့ကို ကိုကိုးကျွန်းပို့တာ၊ အင်းစိန်မှာ ရိုက်ပုတ်ညှဉ်းဆဲလုပ်နေတာတွေ အားလုံးဟာ သူတို့ဘက်က တရားတယ်လို့ပဲ ပြောချင်သလားတော့ မသိဘူး။ သူ့စကားတွေက များလွန်းအားကြီးတာလည်းတစ်ကြောင်း၊ ကိုယ်က ကိုယ့်သားလွတ်ရေးကိုသာ အာရုံစောပြီး အင်းစိန်ထောင် အမြန်ဆုံးရောက်၊ သားကလေးခေါ်ထုတ်ပြီးသား ဖြစ်ချင်တဲ့ဇော၊ အဲဒီအာရုံပဲ ခဏခဏဝင်နေတာလည်း တစ်ကြောင်းကြောင့်ထင်ပါရဲ့ သူ့စကားတွေဟာ သယ်သယ်ပိုးပိုးနဲ့ စည်းလုံးပြီး ပို့ပေးတဲ့ စကားမျိုးတော့ဖြစ်တယ်မထင်ဘူး။

ဘာပဲဖြစ်ဖြစ် "အဲဒါ ငါသိပြီးသား" ဆိုတဲ့ အပေါက်တွေကတော့ တော်တော်ပါတယ်။ ဒီလူဟာ ပြန်ကြားရေးက ဗိုလ်မှူးတင်ထွန်းလိုပဲ သူ့ Subject ကို သူအနိုင်ဆုံးပဲလို့ သူ့ကိုယ်သူ အထင်ကြီးမှု

တော့ အပြည့်ရှိတယ်။ M.I.S ဗိုလ်အဖြစ်နဲ့ နာမည်ကြီးမယ်ဆိုရင်လည်း ကြီးလောက်ပါရဲ့။

သူက ဦးလှတို့ ဒေါ်အမာတို့ရေးတဲ့ စာအုပ်တွေကို ငယ်ငယ်ကတည်းက ဖတ်တယ်။ ခုလည်းဖတ်တယ်။ စာအရေးအသားနဲ့ ပတ်သက်လို့ သူက နည်းယူသတဲ့။ မြတ်စွာဘုရား ရင်ကျိုးစရာပဲ။ နိုင်ငံရေးဆောင်းပါးတွေ ဘခက်တို့နာမည်နဲ့ ရေးနေတာတွေ သူ့လက်ရာက အများကြီးဆိုပါကလား။ ဟိုစာအုပ်ကြီးနှစ်အုပ်လည်း ဒီလိုနေမယ့်ပုံပါပဲ။



ကိုယ်ကတော့ နားသာ ထောင်နေရတယ်။ စိတ်က သူ့စကား ပြီးပါစေတော့ ပြီးပါစေတော့လို့ ချည်း အောက်မေ့တယ်။ ဒါပေမဲ့ ကိုယ်နဲ့သူက အနီးဆုံး ထိုင်နေတာမို့ သူပြောတာ စိတ်မဝင်စားတဲ့ပုံမျိုး ရှိုင်းအောင်လည်း နေမဖြစ်ဘူး။ ကိုယ့်သားက သူတို့လက်ထဲမှာ ရှိနေသေးတာ။

ကော်ဖီနှစ်ခွက် တိုက်သေးတယ်။ တစ်နာရီခွဲလောက်များ ကြာသလားမသိ။ အဲဒီတော့မှ စကားပြတ်တယ်။ ဒီအချိန်မှာ ဦးလှက ဦးလေးတို့သားလေး သွားခေါ်ချည်တော့မယ်တဲ့။ ကိုယ်ကတော့

ဘာပေးပါဦးဆိုတဲ့ တောင်းခံသံမျိုး ထွက်မလာပါစေနဲ့၊ တောင်းရင် ဘာမှမပေးနိုင်ဘူးလို့ပဲ ကြိတ်စိတ်ပူနေတယ်။

ဟုတ်ကဲ့ ခေါ်တာပေါ့ဆိုမှပဲ ဟင်းကျတယ်။ ဗိုလ်ကြီးဘမှန်ကို ခေါ်သွားပါ။ ဦးလေးသိမှာပါ။ သူ မန္တလေးမှာ နေသွားတာပဲတဲ့။ ဘမှန်ကို သိတာပေါ့။ အားကြီးသိတာပေါ့။ အတင်လွတ်တုန်းက မျက်နှာချင်းတောင် ဆုံခဲ့ရသေးတာပဲ။

ဘမှန်က ဒီတစ်ခါတော့ ပြုံးပြုံး၊ ပြုံးပြုံးနဲ့ "ကဲ ဦးလေးတို့ ကြွပါ" တဲ့။ ဒါနဲ့ ဗိုလ်မှူးကြီးချစ်ခင်နဲ့ တင်ဦးကို နှုတ်ဆက်ပြီး သူ့အခန်းက ထွက်ခဲ့ကြတယ်။

ဘမှန်က ဦးလေးတို့ ကားပါသလားတဲ့။ ပါတယ်ဆိုတော့ ဒါဖြင့် သူ့ကားနဲ့ သူက ရှေ့ကသွားမယ်၊ ဦးလေးတို့ကားက နောက်က လိုက်ခဲ့ပါဆိုပြီး စစ်ရုံးချုပ်ကနေ အင်းစိန်ဘက် ဦးတည်မောင်းတာပဲ။ အဲဒီတော့ (၉) နာရီခွဲလောက် ရှိရော့မယ်။

အင်းစိန်ကို မရောက်တာက ကြာလှပြီ။ ဒါကြောင့် RIT ကိုလည်း ခုမှမြင်ဖူးတယ်။ နို့ပေမယ့် ဒါတွေကြည့်မနေအားဘူး။ သားဆီကို ရောက်ချင်ဇောပဲရှိတယ်။ ငါ့သားကလေး ချောချော မောမော လွတ်ပါ့မလား၊ ငါတို့ရင်ခွင်ထဲ တကယ်မှ ပြန်ရောက်ပါ့ မလား၊ လွှတ်တဲ့လူက လွှတ်ပြီဆိုပေမယ့် ဘာပြုလို့ ညာပြုလို့ဆိုပြီး ငါ့သားနဲ့ မတွေ့ရဘဲများ ရှိမှာလား၊ ကျန်းကျန်းမာမာ ရှိကောင်းပါရဲ့ ငါတို့သားလေး ငါတို့နဲ့ ဒီတစ်ခါတော့ တကယ်တွေ့ရတော့မှာ ဟုတ်ကောင်းပါရဲ့နဲ့ ရင်ထဲက မရေမရာ ဇဝေဇဝါတွေဟာ ထွေးလုံး ရစ်ပတ် ဖြစ်နေတာပဲ။ ခရီးကလည်းဝေးတော့ တော်တော်ကြာအောင် ကားမောင်းရတယ်။ ဒီအချိန်မှာ ငါ့သားလေး လွတ်တော့မှာပဲဆိုပြီး

ဗိုလ်ချုပ်နဲ့တွေ့အပြီး ဒေါ်ခင်ကြွယ်တို့အိမ်ကိုရောက်တော့ ကတုန် ကရီနဲ့ မောလာလို့ တုံးလုံးလုံအိပ်ရတဲ့ အဖြစ်မျိုးလိုလည်း တစ်ထစ်ချ စိတ်လှုပ်ရှားတာမျိုး မဟုတ်ဘူး။

လွတ်တော့မှာဆိုတာဟာ တကယ်မှ အကောင်အထည် ပေါ်လာ ပါ့မလားလို့ စိုးရိမ်တဲ့စိတ်မျိုး၊ ပိုးတိုးဝါးတား မရေမရာနဲ့ ရင်မောနေ တာမျိုးချည်းပဲ။ ဖြစ်သင့်တာက တွေ့ရတော့မယ် သားလေးနဲ့ တွေ့ရ တော့မယ်၊ ခြောက်နှစ်လောက်ကွဲနေတဲ့ ငါ့သားလေး ငါ့ရင်ခွင်ထဲ ပြန်ရောက်တော့မယ်လို့ဆိုပြီး ရင်တွေက ဒိန်းဒိန်းနဲ့ ခုန်နေတာမျိုး ဖြစ်သင့်တာပေါ့။ ခုတော့ ဒီလိုမဖြစ်ဘူး။ လွတ်မှလွတ်ပါ့မလား၊ လွတ်ပြီဆိုကာမှ သားက အထဲမှာ သေနေမှာလား၊ တစ်နည်းနည်းနဲ့ ကွဲမှာလားနဲ့ ဘာမှစိတ်ချလက်ချ တွေးလို့မရဘူး။

အင်းစိန်မိန်းဂျေးက ဗူးထဲမှာ နိုင်ငံရေးသမားတွေကို လွှတ်တဲ့ အခါ သတင်းစာသမားတွေနဲ့ တွေ့ပေးတဲ့ လေအေးပေးစက်နဲ့အခန်း (Press Room,Air Conditioned Jioned) ထဲကို ကိုယ်လင် မယား၊ ကိုအေးကြည်နဲ့ ညီညီကိုပါ ခေါ်သွားပြီး အထိုင်ခိုင်းတယ်။ ဗိုလ်ကြီးဘမှန်ကတော့ သားကိုခေါ်ဖို့ ထွက်သွားတယ်။

စောင့်လိုက်ရတာ နာရီဝက်လောက်လား မသိဘူး။ ဒီထက် ကြာချင်လည်း ကြာမှာပဲ။ ကိုယ့်စိတ်ထဲတော့ အကြာကြီးစောင့်နေရ တယ် ထင်တာပဲ။ စောင့်ရင်း ကိုယ်ဝင်ခဲ့တဲ့ အပေါက်ဆီကိုလည်း လှမ်းလှမ်းကြည့်တယ်။ သူတို့လာပြီဆိုရင် အရင်ဆုံးမြင်ရအောင်လို့ ပေါ့။ ကိုယ်ထိုင်ရတာက ဒီအပေါက် ကျောပေးထိုင်ရတာမို့ လည်လိမ် ပြီး မျှော်ရတာပါ။ ကြာလိုက်တာ၊ ကြာလိုက်တာ။ သားကလေး ပါလာပါစေတော့၊ ဒီရောက်လာရင် ဘာလက်မှတ်ထိုးဦး ညာ လက်မှတ်ထိုးဦး ဆိုတာမျိုးတွေများ လုပ်နေဦးမှာလားဆိုတဲ့ သောက၊

ကလည်း ဝင်သေး။ တံခါးပေါက်ကို လှည့်ကြည့်တာ အခါပေါင်း ဆယ်ခါမကရှိတော့ လူသံကြားလာတယ်။ ဝင်လာပြီ၊ ဗိုလ်ကြီးဘမှန်၊ နောက်တစ်ယောက် ထောင်ပိုင်ဗိုလ်မှူးတင်အုန်း၊ နောက်တစ်ယောက် ဒုထောင်ပိုင်၊ နောက်တစ်ယောက် သား။

"အမယ်လေး သားရေ" လို့ စိတ်ထဲကမြည်ရင်း ထိုင်ရာက ထပြီး သားကို ပြေးဖက်တယ်။ သူက ပြုံးလို့။

"သားတို့ရုပ်ရည် သီတာမည်သား ရေကြည်ချမ်းမြ တစ်ပေါက်ကျက မိဘတို့ဝမ်း ငြိမ်းစတမ်း" ဆိုတာ သိပ်နည်းသေးတာပဲ။ ခြောက်နှစ်လုံးလုံး တစ်ကြိမ်မှ မတွေ့ရတဲ့သား။ အင်တာဗျူးဆိုတဲ့ တွေ့ခွင့်ကို မန္တလေးနဲ့ အင်းစိန်ထောင်မှာ သားရှိတုန်းက တစ်ယောက် ယောက်ဆီတောင်းရင် ရလောက်စရာရှိပါတယ်။ ဒါပေမဲ့ တွေ့ရုံတော့ ခွင့်မတောင်းလိုပါဘူး။ ဒါကြောင့် ဘယ်သူ့ဆီမှ ဘာခွင့်မှ မတောင်းခဲ့ ဖူးဘူး။ သားတွေ့ပါရစေ၊ ပစ္စည်းပို့ပါရစေ၊ စာရေးပါရစေ ဘာမှ မတောင်းဘူး။ သားလွှတ်ပေးပါဆိုတာလည်း စာမတင်နိုင်ပါဘူး။

ခြောက်နှစ်နီးနီးကွဲနေတဲ့သား သူကပြုံးလို့၊ ပြုံးလိုက်တော့ သွားတက်ကလေးကလည်း ပေါ်လို့၊ အမယ်လေး တော်သေးရဲ့ အရင်ရုပ်ကလေး မပျက်ဘူးလို့ အောက်မေ့မိတယ်။ ကိုယ်မွေးထားတဲ့ အထဲ သူက ရုပ်ရည်အချောမောဆုံး။ သူတို့ နှိပ်စက်ညှဉ်းပန်းထားလို့ သွားတွေ နဲ့သွားတယ်၊ သွားတက်ကလေး ကျိုးသွားတယ် စတဲ့ သတင်းတွေက ကြားထားတာကိုး။

သားကို အားရပါးရ တအားဖက်ထားပြီး သူ့လက်တွေကိုလည်း ဆုပ်ကိုင်ထားမိတယ်။ "ငါ့သား အဝသားပါလား" လို့ပြောတော့ "ထောင်နဲ့တည့်လို့ပေါ့ အမေရယ်" တဲ့။ "ဒီလို မပြောစမ်းပါနဲ့ကွယ်" လို့ သူ့ကို ရိုက်မိသေးတယ်။ ရင်ထဲမျှား နာလိုက်တာ၊ ဒင်းတို့ကျွေး

ထားတဲ့ ထမင်းဟင်းနဲ့ ဒီလို သန့်သန့်စွမ်းစွမ်းဖြစ်အောင် သူနေခဲ့တာကို။

သားအမိသားအဖ ထိုင်နေကြတုန်း M.I.S က ဓာတ်ပုံရိုက်လိုက်တာ ထောင့်မျိုးစုံက တဖျပ်ဖျပ်ပဲ။ သားလက်ထဲမှာ ဂုံအိတ်ကလေးတစ်လုံးနဲ့ သူ့ပစ္စည်းဆိုတာတွေလည်း ပါလာရဲ့။

"ကဲ... ကျွန်တော်တို့သား ခေါ်သွားတော့မယ်" လို့ သူ့အဖေက ပြောတော့ "ခေါ်သွားပါတော့" တဲ့။

သူတို့အလွှတ်နဲ့ လွှတ်တာမဟုတ်။ ဗိုလ်ချုပ်နေဝင်းက လွှတ်တာဆိုတော့ ဘာတွေညာတွေ သူတို့လုပ်ချင်တိုင်း လုပ်တဲ့ဟာတွေ ဘာမှမခံခဲ့ရဘူးပေါ့။ မဟုတ်ရင် ကိုယ်ရေးရာဇဝင် ရေးတာတို့၊ ဓာတ်ပုံ ထောင့်အမျိုးမျိုးကနေ ရိုက်နေတာတို့နဲ့ ထောင်မှာ တစ်နေကုန်အောင် ခံရတယ်ဆိုပဲ။

ခုတော့ သားကို တိုက်ကနေပြီး လာလို့ခေါ်၊ မင့်ပစ္စည်းသိမ်းခဲ့၊ ယူခဲ့ဆိုပြီး စောင်အုပ်ခေါ်လာတယ်။ စောင်ကဖွင့်တော့ ဗူး၊ ဗူးမှာ သူအပ်ထားတဲ့ပစ္စည်းနဲ့ ပိုက်ဆံယူ၊ တွဲဘက်က မိန်းဈေးကို ခေါ်လာ၊ မိန်းရောက်တော့ အဖေအမေနဲ့တွေ့၊ တွေ့တော့မှ လွှတ်တာလို့ သူကရိပ်မိသတဲ့လေ။

သားကလေးလက်ဆွဲပြီး အင်းစိန်ထောင်က ကားနဲ့ပြန်ခဲ့ကြတယ်။

သားဟာ ကွဲကွာနေတာ ၆ နှစ်ကြာပေမယ့် ၆ နှစ်ကြီးလာတဲ့ရုပ် မဟုတ်ဘူး။ အရင်ကထက် နည်းနည်းထွားပြီး နည်းနည်းဝနေတာပဲရှိတယ်၊ မောင်းအိုးကြီးတွေ ဘာတွေတော့ ဖွဲ့နေတယ်ပေါ့။ သူ့မျက်စိမျက်နှာဟာ အရင်အတိုင်းပဲ ကြည်ကြည်လင်လင် ရွှင်ရွှင်ပြပြ လတ်လတ်ဆတ်ဆတ်။ တချို့လူတွေ ထောင်က လွတ်လာတယ်

ဆိုရင် ကြောင်တောင်တောင်ကြီး ဖြစ်နေရှာကြတယ်။ တချို့များ မျက်စိကြည့်တာတောင် မကောင်းဘူး၊ တစ်မျိုးကြီး ကြောင်နေတယ်။ ဖိုးသံကတော့ ပကတိမှ တကယ့်ပကတိပါပဲ။ ရုပ်ရည်တွင်လားဆို တော့လည်း မဟုတ်ဘူး။ သူနဲ့ တစ်လလောက် အတူနေမိတော့ စိတ်ဓာတ်ကလည်း မှန်လိုက်တာ လွန်ပါရော။

"သားရယ် မင်းဟာ ဒါလောက်အကြာကြီး အချုပ်အနှောင် အနှိပ်အစက်ခံလာရတာကြောင့် မင့်စိတ်ဟာ ဘာမှထိခိုက်ချွတ်ယွင်းမှု မရှိဘူး။ တချို့လူတွေများ စိတ်မမှန်တော့ဘူး" လို့ပြောတော့ "သူ တို့က နိုင်ငံရေးယုံကြည်ချက်မှမရှိဘဲ အမေရယ်" တဲ့။

ဟုတ်မှာပဲ – ဟုတ်မှာပဲ။ ယုံကြည်ချက်နဲ့ တိုက်ပွဲတွေကြားက ထွက်လာတဲ့လူမို့ လူနဲ့လည်း တစ်သားတည်း၊ မြေနဲ့လည်း တစ်သား တည်း။

သားကလေးရဲ့ ကြံ့ခိုင်ပုံတွေ မြင်ရတော့ အားရလိုက်တာ၊ ဂုဏ်ယူလိုက်တာ၊ ဝမ်းမြောက်လိုက်တာ မပြောပါနဲ့တော့။

အဲဒီနေ့က ရန်ကုန်မြို့ထဲပြန်လာတော့ ပြည်လမ်းက ဦးသန်းတင့်၊ စုစုတို့အိမ်ဝင်ပြီး ရေသောက်ကြတယ်။ စုစုနဲ့ သားသမီးတွေကို တွေ့တယ်။ ဒါ သူတို့မတွေ့ဖူးသေးတဲ့ အစ်ကို ကိုသံချောင်းပဲလို့ ပြတော့ စောမွန်ဆင့်နဲ့ ပုလုက "ဒီကိုကိုမှာ အပြစ်မရှိပါဘူး၊ ဒီလို ရုပ်မျိုးက ရာဇဝတ်မှု မကျူးလွန်ပါဘူး" တဲ့လေ။ ပြီးတော့ ရေခဲနဲ့ သံပရာ ရှလပတ်ရည်တိုက်တယ်။ အဲဒီမှာပဲ မိတ်ဆွေတချို့ကို ဖုန်းဆက်ပြောတယ်။

ဦးအေးမောင်တို့ အိမ်ကိုတော့ သမီးသန်းရင်မာ စာဖြေပြီးလို့ ထွက်လာရင် ပြောလိုက်ပါ။ သူ့မောင် လွတ်လာပြီလို့ အပြောခိုင်း တယ်။ ပြီးတော့ ဦးအေးကြည်တို့အိမ်ကို တန်းပြန်လာကြတယ်။

အဲဒီသားကလေး လွတ်တဲ့နေ့ဟာ သမီးသန်းရင်မာ M.D သင်တန်း တက်ဖို့အတွက် စာမေးပွဲဖြေရတဲ့နေ့ပဲ။

ဦးအေးကြည်အိမ်ရောက်တော့ ရန်ကုန်မြို့ပေါ်က ရင်းချာတဲ့ မိတ်ဆွေတွေကိုလည်း ဖုန်းဆက်ပြောတယ်။ မန္တလေးကိုလည်း ဖုန်း ဆက်ပြောတယ်။ သားဘိုညိုကို အိမ်စောင့်ထားခဲ့ရတာမို့ "သားရေ တို့မိတ်ဆွေတွေကို ဖုန်းနဲ့ဆက်ပြောလို့ ရသမျှပြောနှင့်၊ သတင်းပေးနှင့် ပါလို့ မှာရတယ်။"

သားဖိုးသံကို ဗိုလ်ချုပ်က လွှတ်ပေးမယ်လို့ ပြောတယ်ဆိုတာကို ၁၉၇၁ စက်တင်ဘာလကတည်းက သူ့အဖေက ပြောသင့်တဲ့လူတွေကို ပြောပြထားတော့ ဒီသတင်းက မိတ်ဆွေတော်တော်များများအပြင် အချုပ်အနှောင်ခံနေရတဲ့လူတွေရဲ့ လောကမှာ တော်တော်ပျံ့နှံ့နေပြီ။ ဒါပေမဲ့ ၁၉၇၂ ခု၊ ဖေဖော်ဝါရီလ (၂၃) ရက်နေ့က နိုင်ငံရေး အကျဉ်းသား ၂၀၀ ကျော် ပထမအသုတ် လွှတ်ရာမှာလည်း သူ မပါလာ၊ မတ်လ (၄) ရက်နေ့မှာ နိုင်ငံရေးသမား ၃၀ ကျော်လွှတ်တဲ့ ဒုတိယအသုတ်မှာလည်း သူ့မပါလာတော့ မိတ်ဆွေတွေက နိုင်ငံရေး သမားတွေ လွှတ်တယ်ဆိုတိုင်း ဖိုးသံလေးပါပလားလို့ စာနဲ့ ရေးမေး ကြ၊ လူကိုယ်တိုင်မေးကြရတာ ခဏခဏ။ ဒါ့ကြောင့် ဒီတစ်ခါ တကယ်လွှတ်တော့ မိတ်ဆွေတွေသိရအောင် သားလွှတ်ပြီဆိုတာကို သတင်းစာမှာ သတင်းပါစေချင်တယ်။ နို့ပေမယ့် ဒါက M.I.S က လွှတ်ပေးတဲ့အလွှတ်မျိုး မဟုတ်တော့ သတင်းစာတွေက သတင်း ထည့်မပေးနိုင်ကြဘူး။ ဒါ့ကြောင့် ဖိုးသံလွှတ်တဲ့သတင်း သတင်းစာမှာ မပါဘူး။

ဒီသတင်းမပါပေမယ့် မိတ်ဆွေသတင်းစာသမားတွေက ဓာတ်ပုံ သတင်းလုပ်ပြီးတော့ ထည့်ပေးသေးတယ်။ ပြည်လမ်းလိပ်ခုံး ( BOC )

ကောလိပ်မှာ အောင်တိတ်တို့က (၅-၅-၇၂)နေ့က မိုးဦးပန်းချီပြပွဲ ဖွင့်တယ်။ အဲဒီကိုလာပါလို့ဖိတ်လို့ သားဖိုးသံရယ်၊ သမီးသန်းရင်မာ နဲ့ မတင်ဝင်းရယ်၊ မစိန်ရယ်၊ အဖေနဲ့ အမေရယ် သွားကြတယ်။ အဲဒီမှာ ပြပွဲကြည့်နေတဲ့ ပုံတစ်ပုံကို ဖိုးသံကို အဓိကထားရိုက်ပြီး သတင်းစာမှာ ဖော်ပြကြတယ်။ ကြေးမုံက ဖော်ပြတဲ့ပုံက အကောင်း ဆုံး အထင်ပေါ်ဆုံးပဲ။ ဒီပုံကိုမြင်တော့ ဖိုးသံကို သိသမျှလူက ဖိုးသံလွတ်ပြီလို့ သိကြတာပေါ့။ သတင်းဓာတ်ပုံဟာ (၈-၅-၇၂) နေ့မှာပါလာတော့ သိတဲ့မိတ်ဆွေတွေက တည်းနေကျအိမ်နဲ့ အပါ တင်မောင့်ဆီကို ဖုန်းဆက်ဆက်မေးလိုက်ကြတာတဲ့။ အဲဒီတော့ ကိုယ် သားအမိသားအဖက လေယာဉ်နဲ့ မန္တလေးကို ပြန်ခဲ့ပြီလေ။ (၆-၅-၇၂)နေ့မှာပဲ မန္တလေးက ဆွေမျိုးတွေ မျှော်နေမှာစိုးလို့ ပြန်ခဲ့ကြ တယ်။

(၅-၅-၇၂)နေ့ကတော့ ရန်ကုန်မှာ ပန်းချီပြပွဲကြည့်ပြီးတော့ သွားနှုတ်ဆက်မှကောင်းမယ့် အိမ်တွေကို သွားနှုတ်ဆက်တယ်။ အဲဒီ မှာ မိတ်ဆွေတွေက ဝမ်းသာအားရ ကျွေးကြမွေးကြလို့ စားလိုက် ကြရတာ ဝမ်းတွေများ ပျက်လို့၊ ဗိုလ်မှူးချုပ်ကျော်ဇောတို့ကဆိုရင် အုန်းနို့ခေါက်ဆွဲချက်ပြီး မနက်ကြီးက မျှော်နေတာတဲ့။ ညနေမှလာ တော့ ညနေမှကျွေးတာပဲ။ ဆရာဇော်ဂျီတို့အိမ်ကလည်း မုန့်ဟင်းခါး တွေ ချက်ကျွေးတယ်။ ဝတ်လုံဦးအေးမောင်တို့ကလည်း ထမင်းကျွေး တာ ဟင်းတွေလှိုင်လို့၊ ဦးလေးကြီး ဦးတင်ပွတို့ကတော့ မနက်စာ ကျွေးပြီး ဒူးရင်းသီးတွေ လှိုင်ဘောလယ် ကျွေးလွှတ်တယ်။

ကိုအေးကြည်အိမ်မှာလည်း ဖိုးသံလွတ်တယ်ကြားလို့ လာကြတဲ့ မိတ်ဆွေတွေကို မခင်တီက ကော်ဖီဖျော်တိုက်ရတာ အမောပဲ၊ အမေနဲ့ အဖေကလည်း တပြုံးပြုံးနဲ့ ဧည့်ခံကြသပေါ့။

နောက်မနက်တော့ (၆–၅–၇၂) နေ့မှာ အစောကြီးထပြီး လေယာဉ်ကွင်းကို လာခဲ့ကြတယ်။ ညီညီလင်မယား၊ ဦးသန်းတင် စုစုတို့နဲ့ ကလေးသုံးယောက်၊ အမာလေးတို့သားအဖ၊ ဦးအေးမောင်၊ ဇဝန–မထားအိနဲ့ သမီးထွေးထွေးတို့ လိုက်ပို့ကြတယ်။ ဦးအေးမောင် က ပိုရုံနဲ့ အားမရသေးလို့ ကွင်းမှာစားဖို့တဲ့ အသားသွတ်ပေါင်မုန့်၊ ငှက်ပျောသီး၊ ကော်ဖီ၊ ကြက်ဥတွေ ယူလာသေးတယ်။

လေယာဉ်ပေါ်မှာ တရားရေးဌာနဝန်ကြီး ဒေါက်တာမောင်မောင် ပါလာလို့ လေယာဉ်က ချမ်းချမ်းသာသာ ငြိမ်ငြိမ်သက်သက်နဲ့ အချိန်မှန် ၆ နာရီခွဲမှာထွက်၊ မန္တလေးကို ၈ နာရီမှာ ရောက်ကြ တယ်။ မန္တလေး လေဆိပ်မှာ ဆွေမျိုးတွေအားလုံးဟာ ကြိုနေကြ တယ်။ ဒေါ်မြင့်မြင့်ခင်တို့ ဦးစံဘော်တို့လည်း လာကြိုတယ်။ ဒီ ကြိုတဲ့လူထဲက ဘိုညိုနဲ့ မိဂျီးကို ဖိုးသံက မမှတ်မိဘူးတဲ့။ ဒီနှစ်ကောင် က အရမ်းထွားနေကြတာကိုး။ ဖိုးသံရဲ့အချစ်တော် ဘုန်းကြီးလည်း ကြိုသူထဲမှာပါတယ်။ သူလည်း သတင်းရသတဲ့လေ။

လေယာဉ်ကွင်းမှာ ပစ္စည်းစောင့်ရင်းနဲ့ စကားပြောကြတယ်။ နောက် အိမ်ပြန်လာတော့ ဦးပဥ္စင်းကို မိုးတားတိုက် လိုက်ပို့တယ်။ ပို့ခဲ့ရင်း "ဦးဇင်း ဖိုးသံနဲ့တွေ့ရလို့ ကျေနပ်ပလားဘုရား" လို့မေးတော့ "ကျေတော့ ဘယ်ကျေနပ်ဦးမှာလဲ ဒကာမကြီးရယ်၊ ကျောင်း တစ်ည နှစ်ညလောက်သိပ်ပြီး စကားပြောချင်သေးတာပေါ့" တဲ့။ "ဦးဇင်း အခုတော့ ဘောလုံးပွဲလည်း မလုပ်တော့ဘူးလား" လို့မေးတော့ "ကောင်ကလေး မရှိကတည်းက စိတ်မချမ်းသာလို့၊ ကျုပ် ကွင်းကို လုံးလုံးပိတ်ပစ်လိုက်တယ်" တဲ့။ ဖိုးသံကစားရင် ကွင်းဘေးက လှည့်ရင်း တုတ်တစ်ချောင်းနဲ့ "မင်းတို့ လူမချန့်နော်၊ ငါ့ကောင်က အရိုးနုကလေးရှိသေးတာ" လို့အော်ရင်း ဖိုးသံကို စောင့်ရှောက်တဲ့

ဦးပဥ္စင်းလေ။ ဒီဦးပဥ္စင်းဟာ ဖိုးသံကို ဖမ်းထားတဲ့တစ်ချိန်လုံး အိမ်ခဏခဏလာပြီး သတင်းမေးရှာရတာ အမော။ သူ့မှာ ဖိုးသံရဲ့ သံယောဇဉ်က တော်တော်ကြီးတာ။

အိမ်ပြန်ရောက်တော့ ဆွေတွေမျိုးတွေ ဝိုင်းပြီးပါလာတဲ့ မုန့်ပဲတွေနဲ့ ဧည့်ခံရ ကျွေးရတယ်။ အိမ်နီးချင်းတွေကလည်း လာကြမေးကြပဲ။ အဲဒီလို ဧည့်တွေလာနေလိုက်တာ တစ်လလောက်အထိ အဝေးအနီးက မစဲနိုင်ဘူး။

သားကလေးပြောပြလို့ သူခံခဲ့ရတဲ့ ၅ နှစ်နဲ့ ၁၀ လ၊ လပေါင်း ၇၀၊ ရက်ပေါင်း ၂၁၂၉ ရက်မှာ တိုက်နဲ့ကျွန်း အတွေ့အကြုံတွေကဖြင့် ရင်နာစရာ၊ ဒေါသဖြစ်စရာ၊ နာကြည်းစရာအတိပဲ။ ခံနိုင်ရည်၊ ခွဲ၊ သတ္တိနဲ့ ယုံကြည်ချက်ကဖြင့် ပြောင်ပါပေ့သားရယ်။ အမေ့ခေါင်းမာမှု ငါ့သားက အမွေဆက်ခံထားတာ မှန်ပေမယ့် အမေကိုယ်တိုင် ငါ့သားလောက် ပြောင်မြောက်အောင် ခံနိုင်ရည်ရှိပါ့မလား၊ ယုံကြည်မှုပြင်းပါ့မလား၊ သံမဏိဟာ မီးထဲချမှ သိသာသတဲ့။

▣

## ( ၂၉ ဩဂုတ် ၁၉၇၆ ) သားသွားတဲ့နေ့

နိုဝင်ဘာလ (၁၃)၊ ၁၉၇၆။
၁၃၃၈ တန်ဆောင်မုန်းလဆုတ် (၈) ရက်။

ကိုယ့်မွေးနေ့က ၁၂၇၇ ခု၊ တန်ဆောင်မုန်းလဆုတ် (၈) ရက် ဦးလှနဲ့ လက်ထပ်တာက ၁၉၃၉ ခု၊ နိုဝင်ဘာလ (၁၃) ရက်။ ဒါကြောင့် ဒီနှစ် မွေးရက်နဲ့ လက်ထပ်ရက်နဲ့ ထပ်တယ်။ အသက် (၆၁) နှစ် ပြည့်တဲ့နေ့။ လက်ထပ်တာ (၃၇) နှစ်ပြည့်တဲ့နေ့ဟာ ဒီနိုဝင်ဘာ (၁၃) ရက်ပဲလို့ လွန်ခဲ့တဲ့ လေးငါးရက်ကတည်းက ကြိုတင်သိခဲ့တယ်။ မြန်မာရက်နဲ့ အင်္ဂလိပ်ရက်နဲ့ကလည်း အကွာသား။ မွေးနေ့ အင်္ဂလိပ်ရက်က ၁၉၁၅ နိုဝင်ဘာ (၂၉)၊ လက်ထပ်တဲ့ မြန်မာရက်က ၁၃၀၁ ခု၊ တန်ဆောင်မုန်းလဆန်း (၃) ရက်။ ဒါ့ကြောင့် တစ်ခုနဲ့တစ်ခု ဆုံစည်း တိုက်

ဆိုင်မှုက နည်းတယ်။ အဲဒီလိုနည်းတာထဲက ဒီနှစ် ဆုံစည်းနေတယ် ဆိုတော့ ဦးလှက "မင့်မွေးနေ့၊ တို့လက်ထပ်တဲ့နေ့ ဘာလုပ်မလဲ၊ တစ်ခုခုလုပ်ဖို့ စဉ်းစားထားလေ" တဲ့။ သူ သတိပေးလို့ စဉ်းစားကြည့် ပါရဲ့။ ဘာလုပ်ချင်လိုက်တာလို့မှ စိတ်ထဲပေါ်မလာဘူး။ မတက်ကြွ ဘူး။ လုံးလုံးမတက်ကြွဘူး။ နိုင်ငံရေး၊ ဘာသာရေး ဘက်စုံပါပဲ။

ဘာဖြစ်လို့ မတက်ကြွတာလဲလို့ ပြန်စဉ်းစားကြည့်တော့ "နှစ် ပတ်လည်နေ့" ဆိုတာရဲ့ အဓိပ္ပာယ်မရှိမှုကြောင့်ပဲ ထင်ပါရဲ့။ ဒီကနေ့ ဟာ မနေ့ကနဲ့ ဘာခြားလို့လဲ။ နက်ဖြန်နဲ့ကော ဘာခြားမှာလဲ။ ဘာမှမခြားပါဘူး။ အဲ... တစ်ခုခုလုပ်ရင်တော့ အဲဒါဟာ ခြားနားတဲ့ အဖြစ်လို့ ဆိုရမှာပေါ့။

ပြီးတော့ ငါ့အသက် ဘယ်လောက်တောင် ရှိလာပြီ၊ ငါတို့ အိမ်ထောင်သက် ဘယ်လောက်တောင်ရှိလာပြီ၊ တို့ ရှေ့ နေရဖို့ သိပ် အများကြီးကျန်မယ် မဟုတ်တော့ဘူး။ အဲဒီတော့ ခုလို နှစ်ယောက် စလုံး ကျန်းကျန်းမာမာရှိနေတုန်း အလုပ်တွေ ဖိလုပ်ရမယ်၊ ဘာတွေ လုပ်မယ်၊ ဘယ်လောက်ပြီးအောင် လုပ်မယ်ဆိုတဲ့ "အဓိဋ္ဌာန်" တို့ ဘာတို့ကလည်း ဆွဲထုတ်လို့တောင်မရအောင် ဖြစ်နေလိုက်သေးတယ်။ အဲဒါက ဘာကြောင့်တဲ့လဲ။ အဲဒါကလည်း အလုပ်ခွင်က မပြေလည်မှု တွေလည်း ပါလိမ့်မယ်ထင်တယ်။ စာရေးတဲ့လူအဖို့ စက္ကူရဖို့ ခဲယဉ်း တာ၊ မင်ရဖို့ခဲယဉ်းတာဟာ စိတ်ဓာတ်ကျစရာ အကောင်းဆုံးကိစ္စပဲ ထင်တယ်။

စစ်ပြီးဒီဘက်ခေတ်မှာ ၁၉၆၅ ခုနှစ်လောက်အထိ တစ်ထုပ် ၁၀ ကျပ်လောက်ပေးရတဲ့ သတင်းစာရိုက်စက္ကူ ( News Print 20" x 30" ) ဟာ ကနေ့မှောင်ခိုမှာ တစ်ထုပ်ကို ၃၀၀ ကျပ်က ၃၁၀ ကျပ်အထိ ပေးဝယ်နေရတယ်။ ဒါတောင် မနေ့တစ်နေ့က

ပုံနှိပ်တိုက်တွေကို စက္ကူထုတ်ရောင်းထားလို့ ၃၆၀ ကျပ်၊ ၃၇၀ ကျပ် ဈေးကနေပြီး ကျသွားတဲ့စက္ကူဈေးပေါ့။ အစိုးရဆိုင်က ပုံနှိပ်သူများကို အရင်ကစက်တစ်လုံး၊ နည်းရင် စက္ကူ ၂ ထုပ်၊ များရင် ၅ ထုပ်၊ ၁၀ ထုပ် လစဉ်ရောင်းနေကျဟာ ဒီနှစ် နှစ်ဆန်းကစပြီး အရောင်းလုံးလုံး ရပ်သွားတယ်။ အခု ၁၁ လပိုင်းကျမှ စက်တစ်လုံးကို စက္ကူ ၅ ထုပ်နဲ့ မင် ၂ ပေါင်စီ ထုတ်ရောင်းတယ်။ ဒါကြောင့် စက္ကူမှောင်ခိုဈေးဟာ တစ်ထုပ် ၃၆၀ ကျပ်၊ ၃၇၀ ကျပ်ကနေပြီး ၃၀၀ ကျပ်၊ ၃၁၀ ကျပ်အထိ ကျသွားတာ။ ဒါပေမဲ့ နောက်တစ်ခါ ဘယ်တော့မှ ရောင်းမယ်ဆိုတာ မပြောနိုင်လို့ ခုကျတဲ့ဈေး ၃၀၀ ကျပ်၊ ၃၁၀ ကျပ်ဟာ ကြာကြာနေမယ် မဟုတ်ပါဘူး။ ပြန်ပြီး ပိုတက်ဦးမှာပါ။

ကြီးပွားရေးပုံနှိပ်တိုက်ကို စာအုပ်ရိုက်ထုတ်ဖို့ အရင်ကတော့ တစ်လ စာအုပ်နှစ်အုပ်စာလောက် စက္ကူထုတ်ပေးနေကျ။ ပုံပြင်က တစ်အုပ်၊ တခြားစာအုပ်က တစ်အုပ်ပေါ့။ ခုတော့ ဒီနှစ်ထဲ ၁၁ လပိုင်း ရောက်လာပြီ။ "ဆရာကြီးသခင်ကိုယ်တော်မှိုင်း" တစ်အုပ်စာပဲ စက္ကူ ရသေးတယ်။ ဒါတောင် ရောင်းဈေးက ၄၆ ကျပ်ပါတဲ့။

ကုန်ပစ္စည်းတွေအားလုံး အဆမတန် ဈေးတွေတက်၊ ငွေတန်ဖိုး က ကျချင်တိုင်းကျ။ လူတွေရဲ့ဝင်ငွေကတော့ တက်မလိုက်တဲ့အတွက် လူများစုကြီး ဒုက္ခတွေ့နေတာနဲ့ ပတ်သက်ပြီး တညည်းထဲ ညည်းနေကြတော့ ပြက်လုံးက ဘယ်လိုပေါ်လာသလဲဆိုတော့ –

"ဒီခေတ် မတက်တာဘာမှမရှိဘူး၊ ဘာမဆို အကုန်တက်ချည်းနေတာပဲ"

"ဟာ အကုန်တော့လည်း မဟုတ်ဘူး၊ ကျတာ တစ်ခုတစ်လေတော့ ရှိတယ်"

"အံမာ ဘာများကျတာရှိသတုံး ပြောစမ်း"

"စိတ်ဓာတ် စိတ်ဓာတ်" တဲ့။

* * *

"ရှားလိုက်တာကွာ၊ အရာရာပါပဲဟ"

"ဘာများပေါတာရှိသေးတုံး"

"ပေါတာ သုံးလေးခုတော့ ရှိပါတယ်။ အားလုံးမရှားပါဘူး"

"ဘာတွေများပေါတာတုံး"

"သူတောင်းစား၊ ပြည့်တန်ဆာ၊ အရူး"

* * *

ဒီပြက်လုံးတွေကို ပြောကြ၊ ရယ်ကြတယ်လေ။

ဘာတွေဘယ်လောက်ရှားရှား ဂျပန်ခေတ်တုန်းကတောင် အလုပ်ဖြစ်အောင် ကြံဖန်လုပ်ခဲ့၊ စာအုပ်တွေ ရိုက်ထုတ်ခဲ့သေးတာပဲ၊ ပစ္စည်းရှားလို့ချည်း လူက ထုံထိုင်းထိုင်းဖြစ်နေတာတော့ ဟုတ်ဟန်မတူဘူး။ တခြားအကြောင်းတွေလည်း ရှိလိမ့်ဦးမယ်။

ရှိပါသော်ကော၊ ကနေ့ နိုဝင်ဘာ (၁၃) ရက်ဆိုတော့ သားလေးဖိုးသံချောင်း အိမ်ကထွက်သွားတာ ဩဂုတ်လ (၂၉) ရက်၊ တော်သလင်းလဆန်း (၆) ရက်၊ တနင်္ဂနွေနေ့ကမို့ ကနေ့ဆို နှစ်လခွဲရှိသွားပြီကော။

အဲဒီနေ့က သူ့ကို M.I. က လာဖမ်းကြတယ်။ သူလည်း ခေါ်ရာလိုက်ဖို့ အိမ်မှာ အိပ်ရာလိပ်နဲ့ အဝတ်အစား ဆေးဝါးနဲ့ ပြင်ထားပြီး အသင့်ထိုင်စောင့်နေတာ၊ လိုက်ဖို့ပါပဲ။ နို့ပေမယ့် အဖမ်းလာတဲ့လူတွေက အိမ်မှာ ရှာတာဖွေတာ ၃ နာရီကျော် ကြာနေ

လေတော့ အရင်တစ်ခါ သူ ၁၉ နှစ်သားက အဖမ်းခံရတုန်းက M.I. နှိပ်စက်ခံရပုံတွေ၊ မန္တလေးထောင်၊ အင်းစိန်ထောင်တွေမှာ တစ်ယောက်တည်း ထည့်ချုပ်ထားတာတွေ၊ ကိုကိုးကျွန်းက မသေကျန်လို့ ပြန်လွတ်ရတာတွေ (ဗိုလ်ချုပ်က လွှတ်ပေးခိုင်းလို့ လွှတ်ရတာ) ကို ပြန်သတိရမှာပေါ့။ ဒါ့ကြောင့်ထင်ရဲ့ သူတို့လစ်တော့ ထွက်ပြေးရော။ လူတွေအများကြီး ဝိုင်းထားတဲ့ကြားက ညနေ ၅ နာရီသာသာမှာ ထွက်ပြေးတာဖြစ်လေတော့ အမေလုပ်တဲ့ကိုယ်မှာ ရင်တွေတုန်၊ ဒူးတွေတုန် လူကမောပြီး ကျန်ရစ်ရတယ်။

ဟိုမှာမိတယ်၊ ဒီမှာမိတယ်ဆိုတဲ့ သတင်းတွေကြောင့် အမေရော အဖေပါ မအိပ်နိုင်၊ မစားနိုင်ခဲ့ရတဲ့ ရက်တွေလည်း နည်းရှေ့မလား။ စက်တင်ဘာ (၉) ရက်နေ့ကတော့ အိပ်ရာကနိုးခါနီးမှာ အိပ်မက်မက်တယ်။ ဖိုးသံချောင်း ဘေးကင်းရာ ရောက်သွားပြီဆိုပြီး ဆရာတော်က ဘုရားခန်းကို လင်းခနဲ လုပ်ပြလိုက်သတဲ့။ အိပ်ရာကနိုးတော့ ဩော်... တကယ်ပဲ ဖြစ်ပါစေတော့လို့ ဆုတောင်းမိတယ်။ သားအိမ်မှာ ပြန်နေရတာ ၄ နှစ်၊ ၃ လ၊ ၂ ရက် ကြာတယ်။

ပူလိုက်ရတာ၊ ပူလိုက်ရတာ၊ အူတုန်သည်းတုန် ဖြစ်လိုက်ရတာ၊ အချိန်က ကုစားတယ်ဆိုပေမယ့် တော်တော်နဲ့ ဒီခံရချက် မသက်သာဘူး။ တစ်လတိတိ ပြည့်တဲ့နေ့ကျမှ နည်းနည်းသက်သာသလိုလို ရှိတယ်။ နို့ပေမယ့် အမေမဟုတ်လား။

ဒီသောက၊ ဒီဒုက္ခတွေက စိတ်ထဲမှာ အကြီးအကျယ် ဘောက်ဘက် ခတ်ခဲ့တာ ဖြစ်လေတော့ စာရေးဖို့ ဘာဖို့ဆိုတဲ့ တက်ကြွမှုက ကျကုန်တော့တာပေါ့။

ပစ္စည်းရှားတာကိုတော့ ဂျပန်ခေတ်တုန်းက တစ်ဖက်ချောနဲ့ စာအုပ်ထွက်ခဲ့တာမျိုး၊ ဦးလှက မိုင်းကိုင်စက္ကူနဲ့ စာအုပ်ရိုက်ဖို့ ကြိုးစား

နေပါတယ်။ ဟိုက နမူနာယူကြည့်၊ ဒီက နမူနာယူကြည့် ရိုက်စမ်း၊ ဈေးကိုတွက်ကြည့် ဆိုတာမျိုး ခဏခဏလုပ်နေတာပဲ။ ဆရာကြီး သခင်ကိုယ်တော်မှိုင်းစာအုပ်ကို မိုင်းကိုင်နဲ့ထုပ်ပြီး ရောင်းတာကိုကပဲ တိုင်းရင်းဖြစ် လက်လုပ်မိုင်းကိုင်စက္ကူကို ပွဲထုတ်ကြည့်လိုက်တဲ့ သဘောပေါ့။ စာရိုက်ဖို့ စက္ကူအင်မတန်ရှားလာရင်တော့ မိုင်းကိုင်နဲ့ စာအုပ်ထွက်ကြည့်ရမှာပဲ။

ကဲ စိတ်ဓာတ်လည်း တက်လာပြီး စက္ကူပြဿနာလည်း တိုင်းရင်းဖြစ်လက်လုပ်နဲ့ ဖြေရှင်းမယ်ဆိုရင်ဖြင့် အလုပ်ဖြစ်ရောပေါ့။ ဘာလိုသေးသလဲလို့ တွေးလိုက်တော့ လိုပါသေးသော်ကော။

ရေးစရာ အကြောင်းအရာလေ။

ဘာသာပြန်မလား။ ဘာသာပြန်ကတော့ ခုခေတ် စာပေစိစစ်ရေးက ဆရာတွေ လုပ်စားတဲ့အလုပ်တဲ့။ ဘာသာပြန်လို့ကောင်းမယ့် စာအုပ်မျိုး သူတို့ပဲရတယ်။ ဘယ်ကနေပြီး ဘယ်သူ့ဆီကိုပို့ပို့ သူတို့က အရင်ယူ၊ အရင်ဖတ်ကြည့်၊ ကြိုက်ရင် ဘယ်မှမပေးတော့ဘဲ ယူထားလိုက်ကြရောဆိုကိုး။ ပြီးတော့ သူတို့ပဲ ဘာသာပြန်၊ သူတို့ပဲ စိစစ်၊ သူတို့ပဲ ရိုက်နှိပ်ခွင့်ပြုလိုက်သတဲ့။

ကိုယ့်မှာတော့ ကိုယ်ပြန်ချင်တဲ့စာအုပ်မျိုး ခွင့်ပြုချက်မရမှာစိုးလို့ အလကားအပင်ပန်းခံတာမျိုး အဖြစ်မခံနိုင်တာနဲ့ ပြန်မကြည့်ဝံ့ဘူး။ အသာပဲနေလိုက်ရတယ်။ ဘာသာမပြန်ဘဲ ကိုယ်ပိုင်ရေးသားဖို့ကျ တော့လည်း တော်တော်ရှာရတယ်။

နို့ပေမယ့် ဘာပဲဖြစ်ဖြစ် တခြားဟာထက် စာရေးတာကို ကိုယ်က လုပ်နိုင်တာဖြစ်လေတော့ အကြောင်းအရာရှာဖွေပြီး ရေးရမှာပဲ။

မနေ့က ဦးစံရီက အသက် (၇၄) နှစ်ပြည့်လို့ စိန်ပန်း မဟာစည် ရိပ်သာမှာ ဆွမ်းကျွေးရင်း ထမင်းကျွေးလို့ သွားစားခဲ့ရတယ်။ ဆွမ်း စားကျောင်း ဝရန်တာမှာ တရားကို အသက်ငယ်တုန်းရှာမှ အသေ ချမ်းသာမတဲ့။ အသက်ကြီးတော့မှ ရှာမယ်လို့ အောက်မေ့ရင် နေဝင်ခါ နီးမှ စပါးလှန်းသလို ရှိလိမ့်မယ်လို့ သတိပေးရေးထားတဲ့ စာတစ်ပုဒ် တွေ့ခဲ့တယ်။

စာလည်း ရေးနိုင်တုန်း စိတ်အားဉာဏ်အား ထက်သေးတုန်း ရေးရမှာပဲ။ အသက်ကြီးလာတော့ ဇရာက မနေဘူး။ ကြာလေ ချို့တဲ့ဆုတ်ယုတ်လာလေ ဖြစ်နိုင်တယ်။ ဒါ့ကြောင့် အခက်အခဲတွေ ကြားထဲကပဲ ဖြစ်နိုင်တာ လုပ်လို့ရတာကိုတော့ လုပ်နေရတာပဲပေါ့။

# သားငယ်လေးဆီကစာ

၁၅-၁၂-၇၆

ဒီနေ့ သားအငယ်ဆုံးလေး ဘိုညို ဆီက ပို့စ်ကဒ်ရောက်လာတယ်။ ဘိုညိုက တက္ကသိုလ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲမှာ ဝ/သ မန်းက ဘောသမားအဖြစ်နဲ့ ရန်ကုန် လိုက်သွားရတယ်လေ။

ကျောင်းသူကျောင်းသားတွေ ငြိမ်းချမ်းစွာ ပညာသင်ရေးအတွက် အာဏာပိုင်တွေက အားကစားကို အားပေးပါလို့ ၁၄ နှစ်လုံးလုံး နောက်ကျတဲ့ အစီအစဉ်တစ်ခုကို ဒီနှစ်ကောက်လုပ်ပါတယ်။ ဒါ့ကြောင့် ကောလိပ်နဲ့ တက္ကသိုလ်တွေ ရှိရှိသမျှက အားကစားသမားတွေ ယှဉ်ပြိုင်ကြဖို့ ရန်ကုန်ကို ဆင်းကြရတယ်။ ပြေးခုန်ပစ်ပြိုင်ပွဲတွေကတော့ (၁၂-၁၂-၇၆) နေ့က ပြီးသွားပြီ။ ဝ/သ ရန်ကုန်က

၁၃၂ မှတ်ခွဲနဲ့ ပဌမ၊ ဝ/သ မန်းက ၁၂၅ မှတ်နဲ့ ဒုတိယရသွားတယ်။ ဒီဇင်ဘာ (၈) ရက်စတဲ့နေ့ကစပြီး ဝ/သမန်းက ပြေးခုန်ပစ်မှာ နေ့တိုင်းဦးဆောင်လာခဲ့တာ (၁၂) ရက် နောက်ဆုံးနေ့မှာမှ ရန်ကုန် ဝ/သ က တက်လာလို့ ခြောက်မှတ်ခွဲနဲ့ ဒုတိယနေရာကို ရောက်သွားရတယ်။

ဘိုညိုတို့ဘောလုံးအဖွဲ့ကတော့ အကောင်းဆုံး အတောင့်ဆုံးလို့ နာမည်ကြီးနေတာပဲ။ (၁၅-၁၂-၇၆) နေ့မှာ အုပ်စုပွဲတွေပြီးလို့ ဘိုညိုတို့ ဝ/သ မန်းက အုပ်စုဗိုလ်တော့ဖြစ်ပြီး (၁၆) ရက်နေ့မှာ ကွာတားဖိုင်နယ် ကစားရတော့မယ်။

သားငယ်က သူ ရန်ကုန်ရောက်တဲ့အကြောင်း၊ ကစားဖို့ ကျန်းမာရေးကောင်းတဲ့အကြောင်း၊ တက္ကသိုလ်ကောလိပ်ပေါင်းစုံ အားကစားပြိုင်ပွဲကထုတ်တဲ့ ပို့စ်ကဒ်နဲ့ စာရေးလိုက်တယ်။ လိပ်စာမှာ "*ဦးလေးလှ-ဒေါ်ဒေါ်မာ*" လို့တပ်ထားတော့ သားကြီးမောင်ဝင်းကို သတိရလိုက်တာ။ ဘိုညိုရဲ့လက်ရေးကလည်း မောင်ဝင်းလက်ရေးနဲ့ နည်းနည်းတူတယ်။ မောင်ဝင်း ရန်ကုန်တက္ကသိုလ် ရောက်သွားတော့ အမေအဖေ့ဆီ စာရေးရင် ဘယ်တော့မှ တည့်တည့်မရေးဘူး၊ ဒီလိုပဲ ဟိုနောက်ဒီနောက် နောက်ပြီး ရေးတတ်တယ်။ ခုလည်း အငယ်ကောင်က ဒါမျိုးလုပ်ပြန်ပြီ။ ဒါကြောင့် သားကြီးကို ပိုလို့သတိရမိတယ်။

ဖိုးသံ အိမ်ကထွက်သွားတော့ အိမ်မှာက သားလက်ကျန်ရယ်လို့ ဘိုညိုတစ်ကောင်သာ ရှိတော့တာကိုး။ အဲဒီတော့ အကြီးကို ခဏခဏ သတိရလိုက်၊ အလတ်ကိုလည်း သတိရလိုက်၊ အငယ်ကောင်ကို မျက်စိအောက်က အပျောက်မခံချင်သလို ဖြစ်လိုက်နဲ့ ဖြေရတယ်။

တော်လှန်ရေးဖြစ်နေတဲ့ကာလမှာ ဒီလိုမျိုးက ဘာဆန်းသလဲ။ စပ်ကူး မတ်ကူးကာလကြီးဟာ တို့နိုင်ငံမှာ ကြာပါပကော။ တို့အမေများဟာ ရှင်ဘုရင်ကို မီသေးတယ်။ တို့လက်ထက် ဗြိတိသျှကျွန်အဖြစ်က ရုန်းကန်တဲ့ တိုက်ပွဲတွေ၊ ဒုတိယကမ္ဘာစစ်ကြီး၊ အမျိုးသားလွတ်လပ် ရေး၊ လွတ်မြောက်ရေး တိုက်ပွဲတွေနဲ့ ဒလစပ်ကြားမှာ တို့လူဖြစ်နေ တာ မဟုတ်လား။ ကိုယ့်အခန်းကိုယ် ကကြရမှာချည်းဟာပဲလို့ ဖြေရတယ်။

သားသုံးယောက်မွေးတာဟာ အကြီးဆုံးက အမေအနေနဲ့ ပြောရ ရင် အလိမ္မာဆုံး၊ သူ့အတွက် မိဘ တစ်ခါဖူးမှ စိတ်မညစ်ရစဖူးဘူး။ သားအလတ်ကတော့ ဉာဏ်သိပ်ထက်တယ်။ သားအငယ်ဆုံးကတော့ အဖေနဲ့ စိတ်အတူဆုံးသားပဲ။ အခု ဒင်းကလေးတစ်ကောင်ပဲ ကိုယ့် အနားမှာရှိတော့ မျက်ခြည်ပြတ်မခံချင်သလိုပဲလေ။ ပျော့ညံ့မှုပေါ့။ ပျော့ညံ့တာလည်းမပြောနဲ့၊ တိုက်ပွဲရယ်လို့မှ မရှိဘဲ သတင်းစာပိတ် ရတာပဲ ၉ နှစ်ကျော်နေပြီ။ ရှေ့နှစ်ထဲရောက်ရင် ၁၀ နှစ်ပေါ့။ သတင်းစာပိတ်ရတာ ဇူလိုင်လ (၇) ရက်နေ့။ တိုက်တိုက်ဆိုင်ဆိုင် ဒီနေ့မှာရပ်ဖို့ အမိန့်လာတယ်။ အမှတ်ရလွယ်တာပေါ့။

ဦးလှတစ်ယောက်လည်း သံယောဇဉ်က ကြီးလိုက်တာ။ ဘာပဲ ဖြစ်ဖြစ် ရင်ဆိုင်တော့ ရင်ဆိုင်ရှာတာပါပဲ။ နို့ပေမယ့် တယ်ပြီး သံယောဇဉ်ကြီးတယ်။ ခု သူ့သားအငယ်ကောင် ရန်ကုန်သွားပြီး ဘောလုံးကစားတော့ "ငါ့သား ဖိုင်နယ်တက်ရရင် ငါ ရန်ကုန်ဆင်း ကြည့်မယ်" တဲ့လေ။

(၁၆) ရက်နေ့မှာတော့ ဆင်းမှာတဲ့။ သူ့သားက အုပ်စုဗိုလ်ဖြစ် ပြီကိုး။ သူကိုယ်တိုင် ၁၉၃၁၊ ၃၂၊ ၃၃၊ ၃၄ ဆီက မြူနီစီပါယ်

ပထမတန်းအသင်းအဖြစ်နဲ့ ကစားခဲ့တဲ့ ဘီအေအေမှာ အခု နှစ်ပေါင်း (၄၀) ကျော်ကြာတော့ သူ့သားကစားတာကို ကြည့်ချင်သတဲ့လေ။ ဒါ့ကြောင့် အိမ်မှာ လူနည်းလို့စိတ်မချတဲ့ကြားက သွားဖို့ပြင်နေလေရဲ့။

# အဖမ်းအဆီး

# အဖမ်းအဆီး ၁၉၄၅

*(၂၀၁၀ ပြည့်နှစ်၊ ဇန်နဝါရီလမှာ လူထု၊ ကြီးပွားရေးပုံနှိပ်တိုက်မှ ပထမအကြိမ် လူထုဦးလှ နှစ်တစ်ရာပြည့် အထိမ်းအမှတ် ပုံနှိပ်ထုတ်ဝေလိုက်တဲ့ လူထုဒေါ်အမာရေးသားတဲ့ "ကျွန်မရေးတဲ့ သူ့ဘဝ လူထုဦးလှ" စာအုပ်မှ "တည်ဆဲဥပဒေကို ရိုသေလေးစား လိုက်နာရာမှာ အလွန်တိကျခဲ့တဲ့ လူထုဦးလှ တစ်သက်မှာ အဖမ်းအဆီး ငါးကြိမ်ခံခဲ့ရပုံကို ထုတ်ဖော် တင်ပြထားတဲ့ "အဖမ်းအဆီး" အခန်းကို ပြန်လည်ကူးယူဖော်ပြလိုက်တာ ဖြစ်ပါတယ်။)*

ဦးလှတစ်သက်မှာ အဖမ်းအဆီး ငါးခါတောင် ခံရဖူးပါတယ်။ ဒါပေမဲ့ တစ်ခါမှ အပြစ်ပေးခံရလို့ ထောင်ကျရတာ မရှိပါဘူး။ လေးခါက နိုင်ငံရေး

မသက်ာမှု ပုဒ်မ (၅) လိုဟာမျိုးနဲ့ ဖမ်းတာပါ။ တစ်ကြိမ်ကတော့ သတင်းစာမှာဖော်ပြတဲ့ သတင်းတစ်ပုဒ် မှားယွင်းတယ်ဆိုပြီး တိုက်ကို ချိတ်ပိတ်၊ လူကိုဖမ်းပြီး တရားစွဲဆိုတာ ခံရပါတယ်။ အဲဒီအမှုနဲ့ အပြစ်ပေးဖို့ အကြာကြီးလုံးပန်းပါတယ်။ အောက်ရုံးက ထောင်ကိုးလချပါတယ်။ တရားလွှတ်တော်မှာ အယူခံနိုင်ပါတယ်။

ဖမ်းသမျှတွေထဲမှာ ဗြိတိသျှအစိုးရ ဖမ်းဆီးတုန်းက ဆင်းရဲအခံရဆုံး၊ ဖဆပလအစိုးရ တစ်ခါဖမ်းတုန်းက ထောင်ထဲမှာ အကြာဆုံး နေခဲ့ရပါတယ်။

ဦးလှက အဲဒီစတုတ္ထအကြိမ် ထောင်သက်ကို "ဂျပန်တစ်ခေတ်စာလောက်" သူခံရတယ်လို့ ပြောတတ်လှတယ်။ ကိုညိုမြကတော့ သူအဖမ်းခံရတုန်းက ထောင်သက်က သူ့အသက်ထဲက လှီးဖြတ်အယူခံရတဲ့ နှစ်တွေတဲ့။

ဦးလှ ငါးခါအဖမ်းခံရတဲ့အနက်က နှစ်ကြိမ်ဖမ်းတာက ကျွန်မအိမ်မှာမရှိခိုက်ချည်းပါ။

ဗြိတိသျှအစိုးရ ပထမအကြိမ် လာဖမ်းတာကို ခံရစဉ်ကတော့ တစ်ခါမှ အဖမ်းမခံရဖူးသေးတာလည်းတစ်ကြောင်း၊ မျှော်လင့်မထားတာလည်း တစ်ကြောင်းကြောင့်ထင်ရဲ့၊ ရယ်စရာကောင်းပုံက ကျွန်မဆိုတာ အူကြောင်ကြောင်နဲ့ ကိုယ့်ယောက်ျား ဖမ်းသွားတာကို ဖမ်းသွားတာမှန်း မသိလိုက်ဘူး။

ဂျပန်ခေတ်တုန်းက ကျွန်မတို့ ကပိုင်မှာနေကြတော့ ကျွန်မတို့နေတဲ့ ကပိုင်တောင်ငူစုက ဘုန်းကြီးကျောင်းထဲကို ဝန်ကြီး သခင်သန်းထွန်းတို့၊ ဗိုလ်မှူးဗထူးတို့ မကြာမကြာလာပါတယ်။ သူတို့ဘာလုပ်ဖို့လာတယ်ဆိုတာ ဦးလှက ကျွန်မကို ပြောမပြဘူး။ ကွန်မြူနစ်ပါတီက ရဲဘော်မလေးသုံးလေးယောက် ကျွန်မတို့ဆီလာနေတော့

လည်း ကျွန်မက ချက်ပြုတ်ကျွေးနေတာပဲ။ သူတို့နေချင်သလောက် နေကြပေါ့လေ။

ဒါနဲ့ပဲ ကျွန်မတို့ အညာမှာ ဗိုလ်မှူးဗထူးဦးဆောင်တဲ့ တပ်တွေက ဂျပန်ဖက်ဆစ်ကို တော်လှန်ကြပြီး၊ တိုက်ပွဲတွေဖြစ်နေပြီ။ ဂျပန်တွေ အရေးမလှဘဲ စစ်တွေဆုတ်ပေးနေပါပြီ။ မဟာမိတ်တပ်တွေ ဝင်လာပြီ။ ဒါ့ကြောင့် ဂျပန်တပ်တွေလက်က မန္တလေးမြို့တောင် ကျသွားပြီဆိုတဲ့ အချိန်မျိုးမှာ ဗြိတိသျှစစ်ဗိုလ်တစ်ယောက် ဂျစ်ကားတစ်စီးနဲ့ ကျွန်မတို့နေတဲ့ ကပိုင်တောင်ငူစုကျောင်းထဲကို ဝင်လာပြီး ဦးလှကိုမေးတယ်။ တွေ့တယ်။ သူတို့နှစ်ယောက် စကားပြောကြတယ်။ ဘာပြောမှန်း ကျွန်မ မသိလိုက်ဘူး။ နောက် ဦးလှက အိပ်ရာလိပ်ခိုင်းတယ်။ အဝတ်အထည်ကလေး နည်းနည်းထည့်ခိုင်းတယ်။ စစ်ဗိုလ်လာခေါ်လို့ ငါလိုက်သွားရဦးမယ်ပြောပြီး လိုက်သွားတယ်။

စစ်ဦးဘီလူးမှာ ဦးလူဖေဝင်းတို့တောင် ပါလာတယ်။ ဦးလူဖေဝင်းက ပြည်သူ့ဆက်ဆံရေး အရာရှိအဖြစ်နဲ့ ဆိုသလိုလို၊ ရှေ့တန်းစစ်မျက်နှာအတွက် ဝါဒဖြန့်ချိဖို့ဆိုသလိုလိုမို့ ဦးလှလည်း ဒီလိုမျိုး စကားပြန်လမ်းပြ လုပ်ခိုင်းရအောင် လာခေါ်သွားတာတဲ့လို့ ဘယ်သူက ပြောမှန်းမသိ ပြောသံ ကျွန်မကြားပါတယ်။ ဒါနဲ့ ကျွန်မက ဩော်... ဦးလူဖေဝင်းတို့နဲ့ လိုက်သွားရတာနေမှာပဲ။ ခုလောက်ဆို ကျောက်ဆည်ဆီလောက် ရောက်နေမလား၊ ငါ့ယောက်ျား မိတ္ထီလာလောက်ရောက်ရင် ပြန်လာမှာထင်ပါရဲ့ဆိုတာမျိုးနဲ့ သူပြန်အလာကို မျှော်နေတာပါ။ နောက်ရက်တွေ အကြာကြီးရှိတော့မှ ဦးလှကို စစ်တွင်းက ဂျပန်နဲ့ပေါင်းတယ်။ ဂျပန်စာအုပ်တွေ ဘာသာပြန်တယ်။ အာရှလူငယ်တွေ ဘာတွေလုပ်ခဲ့တယ်ဆိုပြီး အင်္ဂလိပ်စစ်တပ်က ဖမ်း

သွားတာတဲ့။ ကျားမင်းကြီးစစ်အချုပ်မှာ ရောက်နေပြီးနောက် ပုဂံစစ်အချုပ်မှာ ရောက်နေပြီလို့ ကြားရတယ်။

ကျွန်မဆိုတာ ကလေးနှစ်ယောက်နဲ့ ဗျာကြောင်ကြောင် ကျန်ရစ်တယ်လေ။ ဦးလှတစ်သက်မှာ ငါးကြိမ်ငါးခါ အဖမ်းခံရတယ်။ ဗြိတိသျှစစ်ဘက်က ဖမ်းတာဟာ ပထမဆုံးအကြိမ် အဖမ်းခံရခြင်းပဲ။

အိမ်မှာ သူမရှိတုန်း ကပိုင်ဘုန်းကြီးကျောင်းနားမှာ ကျောက်ကြီးရောဂါတွေ ဖြစ်လာတော့ ကလေးနှစ်ယောက်နဲ့ နေလို့မဖြစ်ဘူး။ သူများတွေလည်း မြို့ထဲပြန်ဝင်ကုန်ကြပြီ။ မြို့ပြန်ပြောင်းကြစို့ရဲ့ဆိုပြီး ကျွန်မတို့တစ်မိသားစုလုံး မန္တလေးကို ပြန်ပြောင်းခဲ့ကြတယ်။ စစ်ကြီးအတွင်းမှာ ကျွန်မ၊ ကျွန်မမိသားစုနဲ့ သားချင်းဆွေမျိုးတွေအားလုံး တစ်စုတစ်ဝေးတည်း စစ်ပြေး, ပြေးကြတာပါ။ အဲဒီအချိန်က ကျွန်မမှာ မပေါ့မပါး ဖိုးသံချောင်းကိုယ်ဝန်နဲ့ပေါ့။

မန္တလေးကိုရောက်တော့မှ ဦးလှကိုခေါ်သွားတာဟာ ဖမ်းသွားတာ F.S.S လို့ခေါ်တဲ့ Field Security Service စစ်မြေပြင် လုံခြုံရေးအဖွဲ့က လာဖမ်းတာလို့ သိရတယ်လေ။

မန္တလေးမှာ ကျွန်မတို့မိဘများ၊ ကျွန်မတို့အဒေါ်များ၊ ဘကြီးများမှာ ကိုယ်ပိုင်နေအိမ်တွေ ရှိပါတယ်။ သူများကိုငှားစားတဲ့ နေအိမ်တိုက်တာတွေလည်း ရှိပါတယ်။ နို့ပေမယ့် တစ်လုံးမှမကျန်ပါဘူး။ အားလုံး စစ်မီးလောင်လို့၊ ဗုံးကျလို့ ပျက်စီးကုန်ကြတာပါ။ အဲဒီတော့ ကျောက်ရောဂါကိုကြောက်ပြီး ကမန်းကတန်း ပြောင်းပြေးလာကြပေမယ့် နေစရာအိမ် မရှိပါဘူး။ ၈၄ လမ်း၊ ကွမ်းခြံရပ်မှာ ကျွန်မတို့မိတ်ဆွေ ဦးဘဦးတို့တိုက်က မီးမလောင်ဘဲ အကောင်းအတိုင်း ကျန်နေပါတယ်။ ဦးဘဦးတို့က ဘယ်ပြေးကြတယ် မဆိုနိုင်ဘူး။ ပြန်မလာကြသေးဘူး။ အမေတို့၊ အဖေတို့ သားအမိ သားအဖ

တစ်တွေရယ်၊ ကျွန်မအစ်မ ဒေါ်ဦးတို့၊ ဦးထွန်းချွန်တို့ လင်မယားရယ်၊ ကျွန်မအဒေါ်များရယ်၊ ကျွန်မတို့သားအမိ သုံးယောက်ရယ်ပေါ့။ အဲဒီအချိန်မှာ၊ မန္တလေးပြန်ရောက်ကော့လည်း ဦးလှက လွတ်မလာသေးဘူး။ သတင်းတွေကတော့ အမျိုးမျိုးကြားနေရတာပဲ။ အဲဒီအချိန်မှာ ကျွန်မခဲအို ကိုထွန်းချွန်က "နင့်ယောကျ်ားကို ငါလိုက်ခေါ်ချေမယ်။ ငါ့ကို လေးထောင် ငါးထောင်လောက်ပေးလိုက်၊ ပိုက်ဆံပေးတဲ့လူ လွှတ်သတဲ့" လို့ သူကပြောပါတယ်။ ကျွန်မက ကျွန်မယောကျ်ားဖမ်းတာဟာ နိုင်ငံရေးနဲ့ဖမ်းတာပဲ ဖြစ်ရမယ်။ ပိုက်ဆံပေးလို့ လွတ်မှာမဟုတ်ဘူးဆိုပြီး ခဲအိုစကားကို နားမထောင်ဘူး။

တစ်နေ့မှာတော့ အမေရိကန်တပ်ရဲ့ စစ်ထောက်လှမ်းရေးတပ်ဖြစ်တဲ့ Detachment 101 နဲ့တွဲပြီး ဂျပန်တော်လှန်ရေးလုပ်နေကြတဲ့ ကျွန်မတို့ရဲဘော်တွေနဲ့ တွေ့ကြတော့ ဦးလှလွတ်ရာလွတ်ကြောင်း အဲဒီအဖွဲ့ကနေပြီး လုပ်ရင်ရမလားလို့ ရဲဘော်တွေက အဖွဲ့စခန်းချနေရာ ဗန်းမော်ကို လိုက်ခဲ့ပါလို့ ခေါ်လာပါတယ်။ ဖမ်းသွားတာသုံးလေးလရှိပြီ။ မလွတ်သေးတော့ ကျွန်မက ရဲဘော်တွေခေါ်ရာဗန်းမော်ကို လိုက်ချင်တာပေါ့။ အမေတို့ အဖေတို့ကိုပြောပြီး ပူဆာတော့ အမေတို့ကခွင့်ပြုရတယ်လေ။ အဲဒီတုန်းက ကျွန်မတစ်ယောက်တည်းဖြစ်နေလို့ အစ်မ မမဦးက ကျွန်မနဲ့ အဖော်လိုက်ပေးရှာတယ်။

စစ်က ပြီးသေးတာမဟုတ်ဘူး။ ဗန်းမော်သွားရပုံက မန္တလေးကနေပြီး ကပိုင်ကို လှည်းနဲ့သွားရပါတယ်။ တစ်နာရီခွဲလောက်မကကြာတယ်ထင်ပါတယ်။ လေယာဉ်တွေက ကပိုင်နားမှာ ရှိတာမို့ပါ။ ကျွန်မက ဖိုးသံချောင်းကိုယ်ဝန်ကြီး ငါးလခြောက်လနဲ့ မပေါ့မပါး။ ကပိုင်လေယာဉ်ကွင်းရောက်တော့ စစ်လေယာဉ် ဒါကိုတာကြီးတစ်စီးပေါ် တက်ကြရတယ်။ စစ်သုံးပစ္စည်းသယ် ဒါကိုတာကြီးဆိုတော့

ထိုင်ခုံလည်း မပါပါဘူး။ လေယာဉ်ထဲမှာ Ground Sheet တွေပဲ ခင်းထားတာပါ။ အဲဒီအပေါ် ညီအစ်မ ထိုင်သွားကြတာပါ။ မှတ်တော့ သေသေချာချာမမှတ်မိဘူး။ ကျွန်မတို့နဲ့အတူ ကသာဘက်က ရဲဘော် ကိုလှနဲ့ မွတ်စလင် ၁၀၁ ကိုကျော်ဝင်းမောင်၊ ဗန်းမော်ကိုကိုကြီးတို့ ပါတယ်ထင်တယ်။ လေယာဉ်မူးလို့ အန်ချင်တော့ အမေရိကန် စစ်သားတစ်ယောက်က သွပ်ပုံးကြီးတစ်ပုံးယူလာပြီး လူနား ချပေး ထားပါတယ်။

လေယာဉ်က တစ်နာရီသာသာစီးမိတော့ ဗန်းမော်ရောက်ကြပါ လေရော။ လေယာဉ်က အဲဒီတုန်းကမှ စစီးဖူးတာပါ။ ဗန်းမော်ကို လည်း အရင်က မရောက်ဖူးပါဘူး။ ကွင်းရောက်တော့ ဂျစ်တစ်စီးနဲ့ ကုန်းမဟုတ်ရွာဘက်ကို သွားရတယ်။ အဲဒီမှာ ၁၀၁ က ရှိတာကိုး။ ဟိုရောက်တော့ ကျွန်မတို့ မြန်မာရဲဘော်တွေက သူတို့ အမေရိကန် တွေကို ဘာပြောပေးတယ်။ ဟိုက ဘာပြန်ပြောတယ်တော့ မမှတ် မိဘူး။ လေးငါးရက်နေပြီးတော့ ကျွန်မတို့ ပြန်လာခဲ့ကြတယ်။ ဦးလှ ကတော့ ပုဂံမှာရှိနေတယ်လေ။

ကျွန်မတို့ပြန်ခါနီးမှာ အမေရိကန်တပ်က ကျွန်မတို့ မြန်မာ ရဲဘော်တွေကို သူတို့လုပ်ပေးတာတွေအတွက် လခ,လစာအဖြစ်နဲ့ ပိုက်ဆံတွေပေးသတဲ့။ ဒီပိုက်ဆံတွေကို ရဲဘော်တွေက ရကြောင်း လက်မှတ်ထိုးပြီး ယူကြရမယ်တဲ့။

ကျွန်မတို့ရဲဘော်တွေကလည်း ဒီတပ်ကိုလာကူတာဟာ မြန်မာ နိုင်ငံ ဂျပန်လက်က လွတ်မြောက်ရေးအတွက် အကူအညီပေးတာ။ အခကြေးငွေလိုချင်လို့ လုပ်တာမဟုတ်ဘူး။ တိုင်းပြည်အတွက်လုပ်တဲ့ နိုင်ငံရေး။ ဒါကြောင့် လုပ်ခ,လစာ မယူပါဘူးလို့ ပြောတယ်။ အမေရိကန်တွေကလည်း မဟုတ်ဘူး၊ အလကားလုပ်ပေးတယ်ဆိုတာ

မရှိဘူး၊ ပိုက်ဆံယူရမယ်တဲ့။ ရဲဘော်တွေကလည်း မယူဘူး။ နောက်ဆုံး အတိုက်အခံ အငြင်းအခုံဖြစ်ကြရာက သူတို့က နည်းနည်း လျှော့ပေးပြီး တစ်ယောက်ကို တစ်ဆင့်ဖြစ်ဖြစ် လခ, လုပ်ခအနေနဲ့ ယူကြ၊ လက်မှတ်ထိုးကြလို့ဆိုလို့ လက်မှတ်ထိုးပြီး သူတို့တပ်နဲ့ ရဲဘော်တွေနဲ့ ခွဲခဲ့ကြရပါတယ်။ အဲဒီကိစ္စတွေပြီးတော့ ကျွန်မတို့ပါ ဗန်းမော်ကုန်းမဟာတ်က လေယာဉ်တွေနဲ့ ပြန်ခဲ့ကြရော။

ပြန်ရောက်တော့ ဦးလှက မလွတ်သေးပါဘူး။ တခြားလူတွေ တော့ တချို့လွတ်လာကြပါပြီ။ ပိုက်ဆံပေးလို့ လွတ်တဲ့လူတွေလည်း ပါတယ်လို့ ကြားရတာပဲ။ ဦးလှက တော်တော်ကြာမှ လွတ်ပါတယ်။

ဦးလှအဖမ်းခံရတာ တစ်သက်လုံးမှာ ငါးကြိမ်ပါ။ ခုပထမဆုံး အကြိမ်ရယ်၊ မင်းမနိုင်ကိစ္စနဲ့ သုံးနှစ်နဲ့ လေးလခန့် ဖမ်းထားတဲ့ အကြိမ် ယ်၊ သူမဆုံးခင် ကျွန်မရော၊ သူရော၊ သားအငယ်ဆုံးကောင် (ညီပုလေး) ရော အဖမ်းခံရတဲ့ နောက်ဆုံးအခါကိုပဲ သေသေချာချာ မှတ်မိနေပါတယ်။

ဦးလှဆိုတာလေ သူ့ကို ငါးကြိမ်ငါးခါသာ အဖမ်းခံရဖူးတယ် ငါ့ကို ဘယ်တုန်းက ဘယ်သူဖမ်းတုန်းက ငါဘယ်လိုနေရတာကလား လို့ ဘယ်တော့မှ ပြောမပြလေဘူး။ သူ့စိတ်ထဲ သူခံစားရတဲ့ အနိဋ္ဌာရုံ ကို ပြန်မပြောပြချင်လို့လား၊ ကျွန်မလည်း ဘာမှတတ်နိုင်တာမဟုတ် ဘဲနဲ့ အလကားစိတ်ဆင်းရဲနေမှာပေါ့လို့ ထင်လို့လား မပြောတတ် ဘူး၊ ဘာဆိုဘာမှပြန်မပြောဘူး။ ကျွန်မသာဆိုရင် သူများကို မပြော ဘူးထားပါ သူ့ကိုတော့ ပြောပြမိမှာပဲ။ သူကတော့ ဒါမျိုးမှာ အောင့် အည်းပြီး နေလည်းနေနိုင်တယ်။

သူနဲ့အတူ အဖမ်းခံရတဲ့လူ၊ သူနဲ့ ညီလိုအစ်ကိုလိုချစ်တဲ့ ရွှေပြည် က ဆန်စက်ပိုင်ဦးမူက ပြောပြမှ သူတို့ ဘယ်လိုနေခဲ့ထိုင်ခဲ့ရတယ် ဆိုတာ ကျွန်မ နည်းနည်းပြန်ကြားရပါတော့တယ်။

သူတို့ကို ပထမ စစ်ကိုင်းဘက်က ရွာသစ်ကြီးကို ခေါ်သွားတာတဲ့၊ နောက် ကျားမင်းကြီး ရွှေ့ရတာတဲ့။ နောက် ပုဂံတဲ့။ အဲဒီအရပ်တွေကို ဗြိတိသျှတပ်က ခေါ်ခေါ်သွားတာတဲ့။ စစ်တိုက်ရင်း ဖမ်းချုပ်တဲ့ ပုံသဏ္ဍာန်ထင်ပါရဲ့။ ပြီးတော့ စစ်သုံ့ပန်းတွေလိုပဲ ထားတာတဲ့။ ဦးမူက "ညည်းယောက်ျားက ဘုန်းကြီးလိုဟာအေ့၊ ဘာမှဖန်တီးတတ်တာ မဟုတ်ဘူး။ ငါနဲ့ သူရိယကိုသန်းမောင်နဲ့ ပုဂံမြို့ထဲ အမိုက်ကျူးထွက်ရတော့ ငါက သူ့အတွက် ထန်းလျက်ကလေး ဘာလေး မြို့ထဲက တောင်းလာပြီး ကျွေးရတယ်" တဲ့။ သူတို့ အိမ်သာကျင်းတူးရသတဲ့။ ဦးမူက ပြောပြတာလေ။ ဦးလှကတော့ ဒီအကြောင်းတွေ တစ်ခွန်းတစ်လေမှ မဟစဖူးပါဘူး။

အဲဒီဦးမူက ဦးလှကို ညီအရင်းလို ချစ်ပါတယ်။ ကျွန်မတို့ မန္တလေးကို ကရင်ဝင်တော့ ကျွန်မတို့မိသားစုတွေ ဦးမူနေတဲ့ စိန်ပန်းက ခြံကြီးထဲမှာ သွားတိမ်းရှောင်နေကြရတယ်။ ဦးမူက စောင့်ရှောက်ရှာတယ်။ အစစ လိုလေသေးမရှိ။

ဒီဦးမူဟာ ဦးလှရဲ့ "ဇနီးနဲ့ သားသမီးများသို့ ထောင်တွင်းက ပေးစာများ" စာအုပ်မှာ စာအမှတ်(၂၀) ကျွန်မဆီကိုရေးတဲ့စာမှာ ဖော်ပြထားတဲ့ဦးမူပါပဲ။

သူ ထောင်ထဲမှာနေတုန်း ဦးမူဆုံးရှာလို့ နာရေးကြော်ငြာသတင်းသတင်းစာမှာ သူဖတ်ရတော့ "ဦးမူဆုံးတဲ့အကြောင်းလည်း ဖတ်လိုက်ရတယ်။ ဒီအတွက် နည်းနည်းမှ စိတ်မကောင်းဘူး။ သင်္ခါရတရားကြီးဆိုတာ ဘယ်လိုမှအစိုးမရကြောင်း အင်မတန်ထင်ရှားတာပဲ။ ဦးမူက သူ့ညီ ကိုလေးကြီး အရက်သောက်လွန်းလို့ အသက်တိုလိမ့်မယ်လို့ ပြောလေ့ရှိတယ်။ အခုဖြင့် နေနိုင်သေးတဲ့အရွယ်မှာ သူသေရှာပြီ။ လောကကြီးအကြောင်းတော့ လိုလေသေးမရှိ သိသွားတဲ့သူပါပဲ။

ဩော်... ဦးမှူ ဦးမှူ၊ တခြားတိုက်ပွဲတွေကို ပါးနပ်လိမ္မာတဲ့ နည်းအမျိုးမျိုးနဲ့ နိုင်အောင်တိုက်နိုင်လေ့ရှိခဲ့ပေမယ့် သေမင်းကိုတော့ နိုင်အောင်မတိုက်နိုင်ရှာပဲကိုး" လို့ ရေးလိုက်ပါတယ်။ ဦးမှူအဖေ ဆုံးတယ်ဆိုလို့ ကျွန်မတို့က အသုဘကိုသွားကြတယ်။ စိန်ပန်းခြံကြီးထဲမှာ ဦးမှူက ခုတင်ကြီးပေါ်ကနေပြီး ကျွန်မတို့ကို ဧည့်ခံနေတယ်။ အသုဘချတော့ ကျွန်မတို့လည်း ထိုင်နေရာက ထ,ပို့ကြရော။ အဲဒီအချိန်မှာ ဦးမှူဟာ ဦးနှောက်သွေးကြောပြတ်ပြီး လဲသွားပါရော။ ဒါနဲ့ အသုဘနောက်လိုက်ပို့လို့ ဝင်းပေါက်ရောက်နေပြီဖြစ်တဲ့ ကျွန်မတို့က ဦးမှူဆီကို ပြန်လာကြည့်ရတော့တာပေါ့။ သိပ်မကြာပါဘူး၊ ကျွန်မတို့မျက်စိအောက်မှာပဲ ဦးမှူက အသက်ကုန်သွားရှာရော။ ဖအေ့အလောင်းတောင် သုသာန်ရောက်ဟန်မတူဘူး။ ဒီအဖြစ်တွေ ဦးလှကို စာရေးမပြောပါဘူး။ သူသာသိရင် ထောင်ထဲကနေပြီး ပိုပြီးစိတ်ထိခိုက်ရှာဦးမှာပါ။

▩

# အဖမ်းအဆီး ၁၉၅၃

ဒုတိယအကြိမ်က ၁၉၄၉ မှာ သတင်းတစ်ခု အကြောင်းပြုပြီး ပုဒ်မ(၅)နဲ့ (၄၅) ရက် အဖမ်းခံရပါသတဲ့။ သူ့ကိုယ်ရေးမှတ်တမ်းလေးတစ်ခုမှာ တွေ့တာပါ။ ပုံနှိပ်စက် မိုင်းဖုံးခွဲခံရတဲ့ အချိန်လောက်ကနဲ့ တူပါရဲ့။

တတိယအကြိမ်နဲ့ စတုတ္ထအကြိမ် အဖမ်းခံရတော့ ကျွန်မ အိမ်မှာမရှိဘူး။ ဒိန်းမတ်ပြည် ကိုပင်ဟေဂင်မြို့တော်မှာ ကျင်းပတဲ့ ဒီမိုကရက်တစ် ကမ္ဘာ့အမျိုးသမီးညီလာခံကို မြန်မာသတင်းစာဆရာ အမျိုးသမီးကိုယ်စားလှယ်တစ်ယောက် အနေနဲ့တက်ဖို့ သွားနေတယ်။ လွတ်လပ်ရေး အမျိုးသမီးက ကိုယ်စားလှယ် ဒေါ်ခင်လှရယ်၊ ငြိမ်းချမ်းရေးအဖွဲ့က ဒေါ်ခင်ချစ်ရယ်၊ ကျွန်မရယ် သွားကြတာ။ ညီလာခံပြီးတော့ မြန်မာနိုင်ငံက လူငယ်ကိုယ်စားလှယ်အဖွဲ့က ကမ္ဘာ့လူငယ်ပွဲတော်ကို အချိန်မီတက်ရောက်ဖို့ မလာနိုင်လို့ တိုင်းပြည်

ရဲ့ အပြင်ရောက်နေတဲ့ ကျွန်မတက်ခဲ့ပါဆိုတဲ့ ကိုယ်စားလှယ်လွှဲစာ ရလို့ ကျွန်မက ရှူးမေးနီးယားနိုင်ငံ ဘူခါရက်မြို့တော်က လူငယ်ပွဲတော်ကို ကူးပြီး တက်နေရတယ်။

ဟိုခေတ်က နိုင်ငံတကာကွန်ဖရင့်တွေ ကျင်းပတဲ့အခါ မြန်မာနိုင်ငံက လူထုလူတန်းစား အသင်းအဖွဲ့တွေကိုလည်း ကိုယ်စားလှယ်စေလွှတ်ဖို့ ဖိတ်လေ့ရှိပါတယ်။ အဲဒီလိုဖိတ်တဲ့အခါ အချိန်မီတက်နိုင်အောင် ဘယ်လိုကြိုးစားပေမယ့် အထစ်အငေါ့အမျိုးမျိုးနဲ့ ပြည်ပကိုထွက်ရဖို့က သိပ်ခက်ပါတယ်။ အဲဒီတော့ အပြင်ရောက်ပြီးသားလူရှိရင် ဒီလူကိုပဲ ဘယ်ကိုလည်းတက်ခဲ့ပါဆိုတာမျိုး လုပ်ရတတ်ပါတယ်။

ကျွန်မ ဘူခါရက်က လူငယ်ပွဲတော်တက်အပြီး ပြန်ခါနီးမှာ မန္တလေးက ကျွန်မတို့တိုက်က အယ်ဒီတာနှစ်ယောက်ဖြစ်တဲ့ ကိုထွန်းဖေနဲ့ ကိုဆန်းအောင်တို့ လက်မှတ်ထိုးပြီး ဦးလှအဖမ်းခံရသည်။ သတင်းစာတိုက် ချိပ်ပိတ်ခံရသည်ဆိုတဲ့ ၁၉၅၃ ဩဂုတ် (၁၃) ရက် နေ့စွဲနဲ့ ကြေးနန်းတစ်စောင် ကျွန်မဆီ ရောက်လာပါတယ်။ ဖမ်းတာ ချိပ်ပိတ်တာက ၇–၆–၅၃ နေ့ကပါတဲ့။ သူဆုံးတဲ့ ၇၊ ၈၊ ၈၂ ကနေရေရင် (၂၉) နှစ်တိတိပေါ့။

အဲဒီတော့ ရှိရှိသမျှအစီအစဉ်တွေကိုဖျက်ပြီး အိမ်အမြန်ဆုံးပြန်ဖို့ စီစဉ်ရပါတယ်။ ပြန်တယ်ဆိုတာကလည်း ဘူခါရက်စ်က မော်စကို၊ မော်စကိုက ပီကင်း၊ ပီကင်းက ရန်ကုန်ကို ပြန်ရမှာပါ။ နိုင်ငံခြားမှာ လူဖမ်းထားတယ်၊ တိုက်ချိပ်ပိတ်ခံရတယ်ဆိုတဲ့ သတင်းမျိုးရတော့ အခြေအနေအတိမ်အနက်ကို ဘာမှမသိရ၊ ကိုယ် အိမ်ကထွက်ခဲ့တာက သုံးလနီးပါးရှိနေပြီဖြစ်လေတော့ သတင်းစာအတွက်ရော၊ ခင်ပွန်းအတွက်ရော၊ ထားပစ်ခဲ့တဲ့ ကလေးငါးယောက်အတွက်

ရော သောကတောင်ထုနဲ့ပေါ့။ နို့ပေမယ့် ခုခေတ်လို ဂျက်လေယာဉ် စီးပြီး ဝုန်းဒိုင်းစိုင်းပြန်ခဲ့လို့ရတဲ့အချိန်မျိုး မဟုတ်သေးဘဲကလား။ အဖြစ်နိုင်ဆုံး အမြန်ဆုံးပဲ စီစဉ်ရတာပေါ့။

ဘူခါရက်စ်က မော်စကိုကို ပြန်ရောက်တဲ့အခါ နောက်တစ်နေ့မှာ ကြေးနန်းနှစ်စောင် ထပ်ရပါတယ်။ တစ်စောင်က ပထမကြေးနန်းရဲ့မိတ္တူ အဖမ်းခံရတယ်၊ ချိပ်ပိတ်ခံရတယ်ဆိုတဲ့သတင်း၊ နောက်တစ်စောင်က အာမခံရပြီ၊ တိုက်ဖွင့်ပြီဆိုတဲ့သတင်းပါ။ ဒါကိုဖတ်ရတော့ ဝမ်းသာလိုက်ပုံများ ထခုန်မိမတတ်ပဲ။ ဦးလှက ကျွန်မဘယ်ရောက်လို့ ဘယ်ပေါက်နေမှန်းမသိပေမယ့် ခရီးလွန်နေတဲ့ သူ့ဇနီး စိတ်ပူနေရှာမှာစိုးလို့ စိတ်မပူတော့အောင် ကြေးနန်းရိုက်ရှာတာကိုး။ ရောက်လေရာ မြန်မာသံရုံးတွေကိုသွားပြီး မြန်မာသတင်းစာတွေကို ရှာဖတ်ရတာလည်း အမောပဲ။ သတင်းစာမှာ မင်းမနိုင်ရပ်ကွက်က တဲအိမ်တွေ ဖျက်တဲ့သတင်း၊ တဲရှင်တွေနဲ့ ဖျက်သူတွေ အဓိကရုဏ်းမှာ သတင်းပေးတာ မှားတယ်ဆိုပြီး အရေးယူတာဆိုတဲ့ အကြောင်း ဖတ်ရတဲ့အခါကျမှ လူထုတိုက်ကို အရေးယူတဲ့ကိစ္စရဲ့ အတိမ်အနက်ကို ဆဝါးမိရတော့တယ်။ အဲဒါကြောင့် မန္တလေးကို လှမ်းပြီး ကြေးနန်းရိုက်မေးတယ်။ ကျွန်မ ချက်ချင်းပြန်ခဲ့ရမလား။ ဒါမှမဟုတ် မရောက်ဖူးသေးတဲ့ တရုတ်ပြည်ကို ဝင်လည်ခဲ့ရဦးမလားလို့။ ကျွန်မဖို့ တိုင်းပြည်ရဲ့အပြင်ဘက်ကို တစ်ခေါက်ထွက်ဖို့ဆိုတာ မလွယ်လေတော့ သတင်းစာဆရာတစ်ယောက်အနေနဲ့ သိသင့်မြင်သင့်တာ သိခဲ့မြင်ခဲ့ချင်တာကလည်း ရှိသေးတယ်။ ဦးလှဆီက ကြေးနန်းပြန်လာတယ်။ အရေးတကြီး ပြန်ခဲ့စရာမလိုဘူး၊ ကလေးတွေလည်း နေကောင်းကြတယ်တဲ့။ ဒါကြောင့် မော်စကိုက ပီကင်းကို ကူးခဲ့ပြီး တရုတ်ပြည်မှာ လျှောက်ကြည့်ပါတယ်။

ဦးလှကို မင်းမနိုင်အဓိကရဏ်းမှာ ဘုန်းကြီးနှစ်ပါး ပျံလွန်တယ်လို့ လူထုသတင်းစာက သတင်းမှားရေးတယ်ဆိုပြီး အရေးပေါ်စီမံမှု အက်ဥပဒေ ပုဒ်မ (၅) နဲ့ဖမ်းတာ ဖြစ်ပါတယ်။ ဒီပုဒ်မက အာမခံ ရနိုင်တဲ့ပုဒ်မ၊ သတင်းမှားတာကလည်း ဦးလှရေးတဲ့ သတင်းမဟုတ်၊ သတင်းအယ်ဒီတာ ကိုစံဝင်းရေးတဲ့သတင်း။ နောက်တစ်နေ့မှာ အမှား ပြင်ဆင်ချက် သတင်းစာမှာ ထည့်ပြီးဖြစ်လို့ အာမခံလျှောက်တဲ့အခါ အာမခံရတယ်။ တိုက်ပိတ်တာကိုလည်း ပြန်ဖွင့်ခွင့်ရတယ်။ ဦးလှ ထောင်မှာ ၁၁ ရက်သာ နေခဲ့ရတယ်။ ပြန်လွတ်လာပါတယ်။ ဒါဟာ အမြန်ဆုံးအကြိမ်ပဲ။

ကျွန်မလည်း ရန်ကုန်ကို ၅–၁၀–၅၃ နေ့မှာ ပြန်ရောက်လာပါတယ်။ ကျွန်မပြန်လာလာချင်း ရန်ကုန်ကနေ မန္တလေး ဦးလှဆီ ဖုန်းဆက်ပြီး ရောက်ကြောင်းသတင်းပေးပါတယ်။ ပြီးတော့ ကျွန်မတို့ သတင်းစာနဲ့ပတ်သက်ပြီး အမှုကိစ္စတွေဖြစ်နေရတော့ ကျွန်မ ရန်ကုန်မှာ ဒီကိစ္စအတွက် ဆောင်ရွက်ခဲ့ဖို့လိုမလား။ ဘာတွေလုပ်ခဲ့ရဦးမလဲ။ ဘယ်လူကြီးတွေကို တွေ့ခဲ့ရဦးမလဲ။ စက္ကူကိစ္စ၊ မင်ကိစ္စတွေ ဘာလုပ်ခဲ့ရဦးမလဲ၊ ဘာမှလုပ်စရာမရှိရင် မနက်ဖြန် မန္တလေး ပြန်ခဲ့တော့မယ်လို့မေးတော့ ဦးလှက ဖုန်းကနေပြီး ကျွန်မကို ရန်ကုန်မှာ တစ်ရက်နေပြီး ဘာတွေလုပ်ခဲ့ဦးဆိုတာ ခိုင်းပါတယ်။ ဒါ့ကြောင့် ကျွန်မက အဲဒီတစ်ရက်ဖြစ်တဲ့ (၆) ရက်နေ့ညနေမှာလည်း သူခိုင်းတာတွေ လုပ်ပြီးပြီ၊ နက်ဖြန်မနက်တော့ လေယာဉ်နဲ့ပြန်ခဲ့တော့မယ်၊ ကွင်းကို လာကြိုရင် ကလေးတွေအားလုံးခေါ်ပြီး လာကြိုပါလို့ သူ့ကို ပြောရတယ်။ နိုင်ငံခြားကို သွားရမယ်ဆိုပေမယ့် သားအငယ်ဆုံး ဘိုညိုက အခါလည်နဲ့ (၈) လသား ရှိသေးတာ။ အစ်မဝမ်းကွဲ ဒေါ်စိန်စိန်က ဘိုညိုကို မွေးပေးနေလို့သာ စိတ်ချလက်ချ သွားခဲ့ရတာကလား။

အဲဒီတော့ လေယာဉ်ပျံဆိုက်တယ်ဆိုရင် အမေတစ်ယောက်အနေနဲ့ အားလုံးကို စုံစုံစေ့စေ့မြင်ချင်တယ်လေ။ ကျွန်မ အိမ်ကထွက်သွားတာကလည်း ဘာလိုလိုနဲ့ လေးလကျော်ပြီကိုး။

ကျွန်မတို့နှစ်ယောက် ပြောစရာ၊ မှာစရာတွေ ပြောမှာပြီးတဲ့အခါ မနက်စောစော လေယာဉ်စီးဖို့ ရန်ကုန်တိုက်ခွဲ (၅၀၁၊ ကုန်သည်လမ်း) မှာ ကျွန်မအိပ်တယ်။ မနက်ငါးနာရီ ကွင်းရောက်လာပြီး ခြောက်နာရီထွက်မယ့် လေယာဉ်ကို စီးပြန်ခဲ့ပါတယ်။

မန္တလေးလေဆိပ်ကိုဆိုက်လို့ လေယာဉ်ပေါ်က ဆင်းလာတော့ သားသမီးတွေနဲ့ တူတော်တဲ့ မောင်မောင်နဲ့ ကျွန်မအမေက လာကြိုနေတယ်။ ဦးလှမပါဘူး။ ဒါနဲ့ ကျွန်မက မနေနိုင်လို့ "မောင်မောင် မင်းဦးလေးကော" လို့မေးတော့ ဒီကောင်က မပြုံးချင်ဘဲနဲ့ ပြုံးပြနေပါတယ်။ ဒါလောက်ဆိုတော့ ကျွန်မကသိပါပြီ။ "အိမ်မှာ မရှိဘူးလား" လို့မေးတော့ "မရှိဘူး" တဲ့။

ကျွန်မမှာ ဝမ်းသာအားရ မိသားဖသား အတူတူပြန်လာမယ့်အစား လေယာဉ်ကွင်းက အိမ်ကို ရင်ထဲခိုးလိုးခုလုနဲ့ ကလေးတွေကိုသာ လူစေ့အောင် လိုက်ကြည့်နှုတ်ဆက်ပြီး ပြန်လာရတယ်။

အိမ်ရောက်တော့ ဦးလှကို လာဖမ်းသွားတာ ခုမှ နာရီဝက်သာသာလေး ရှိသေးတယ်လို့ ပြောပါတယ်။ အာမခံရပြီးသားကို ဘာနဲ့ဖမ်းရ ပြန်တာလဲလို့မေးတော့ နိုင်ငံရေးပုဒ်မ (၅) နဲ့တဲ့။ ကဲ ဒါဖြင့် နိုင်ငံခြားက အခုမှပြန်ရောက်လာတာ ဦးလှနဲ့ တွေ့ခွင့်ပေးပါလို့ အရေးပိုင်ကတစ်ဆင့် တွေ့ခွင့်တောင်းတော့ ကနေ့ခွင့်မပြုနိုင်ဘူး၊ နက်ဖြန်မှ ခွင့်ပြုမယ်ဆိုလို့ တစ်ရက်နေပြီးမှ ထောင်ဝင်စာခံပြီး သွားတွေ့ရပါတယ်။

မန္တလေးထောင်ကြီးထဲမှာ ဦးလှကို ပုဒ်မ (၅) နဲ့ ၃ လနဲ့ ၁၃ ရက် ချုပ်နှောင်ပြီးတဲ့အခါ ဦးလှအပေါ် စွဲဆိုထားတဲ့ မင်းမနိုင်သတင်းမှားမှုကို မန္တလေးမှာမစစ်ဘဲ ရန်ကုန်ပြောင်းပြီး စစ်ပါရစေလို့ အမှုသည် တရားလိုအစိုးရက တရားလွှတ်တော်မှာ ရုံးပြောင်းလျှောက်ထားပြီး ဦးလှကို ရန်ကုန်ထောင်ကြီး ရွှေ့ခေါ်သွားပါတော့တယ်။

မန္တလေးမှာ ချုပ်ထားတုန်းကလည်း ထောင်ဝင်စာ ကျွန်မလာတွေ့တိုင်း စုံထောက်နှစ်ယောက်က လင်မယားကြားမှာ ငုတ်တုတ်ကြီး ထိုင်နေရက်နဲ့ တွေ့ရတာပါ။

ရန်ကုန်မှာ ဒီအမှုကို စစ်ပါတယ်။ ပြီးတော့ အောက်ရုံးက ထောင်ကိုးလ အပြစ်ပေးပါတယ်။ တရားလွှတ်တော်မှာ အယူခံတော့ အယူခံနိုင်ပါတယ်။ ဒီအမှုနဲ့ပတ်သက်ပြီး ဦးလှက ကျွန်မဆီ ဘယ်လို စာရေးလဲဆိုတော့–

ဗဟိုစံပြထောင်
ရန်ကုန်
၂၂-၅-၅၆

"မာ,

*ကိုယ်ထောင်ကျပြီ၊ အပါကြေးနန်းရိုက်ရင်တော့ မင်းတို့ သိနှင့်ရောပေါ့။*

*ဝမ်းသာလိုက်တာကွာ၊ ထောင်ကလေး ကျရပါမည့် အကြောင်း သားတကွဲ မယားတကွဲ မန္တလေးက ရန်ကုန်ကို လည်း လာနေရသေး၊ တရားသူကြီးသုံးယောက်၊ အစိုးရရှေ့နေ သုံးယောက် ပြောင်းပြီး (၂) နှစ် (၇) လနဲ့ (၁၄) ရက် ကြာအောင်လည်း စောင့်ရသေး။ အခုဖြင့် အမှုပြီးပြီ။ မွေးပြီးဖွားပြီးတဲ့ ကိုယ်ဝန်ဆောင်လိုပဲ ပေါ့ပါးသွားပြီ။*

ဒါတောင် ရှိးရှိးမအောက်မေ့နဲ့ ရဲမေ၊ တရားသူကြီးကို အတင်းချခိုင်းရတာ။ ထောင်ချချင်ချပါ။ မြန်မြန်ချပါ။ အမှု ပြီးရင် တော်ပါပြီလို့ ပြောရတာ။

အစိုးရက ဟိုက်ကုတ်တရားလွှတ်တော်လျှောက်ပြီး မန္တလေး က ရန်ကုန် ပြောင်းလာတဲ့အထိ ကျားကုတ်ကျားခဲ လုပ်ထားတဲ့ အမှုမို့ တရားသူကြီးလည်း အများကြီးစဉ်းစားရမှာပဲ။

အမှုအကြောင်းအရင်းခံတဲ့ မိုင်ဒါကွင်းထဲက မင်းမနိုင် ကွက်သစ်မှာ တဲတွေမရှိတော့ဘဲ တိုက်ကြီးတွေပင် ဆောက်ပြီး ပါပြီ။ လူတွေပင် တက်နေကုန်ပါပြီ။ အမှုကို ပြီးအောင်လုပ်ပေး ပါ။ ချရမည့်အတူတူဖြင့် ဆဋ္ဌသင်္ဂါယနာတင် ဆုမှတ်ရက်အမီ မြန်မြန်ထောင်ချပေးပါ။ ကဆုန်လပြည့်မတိုင်မီ စီရင်ချက်ချ ပေးပါလို့ ဆိုတဲ့အတွက် တရားသူကြီး ဂျက်ဦးလှမောင်လည်း မနေ့က တစ်နေ့လုံး ကိုယ့်ကို ထောင်ချဖို့ ပြင်ဆင်ရ၊ ဥပဒေ ရှာရ၊ စီရင်ချက်ရေးရရှာတယ်။ လက်ရေးတိုရေးတတ်တဲ့ အမျိုးသမီးတစ်ယောက်ရဲ့ အကူအညီလည်း ယူရတယ်။ တခြား အမှုတွေ ရက်ရွှေ့ချိန်းပြီး ကိုယ့်တောင်းဆိုချက်ကို လိုက်လျောဖို့ မအားရရှာဘူး။ လက်ဖက်ရည်ကလေး ဘာလေး တိုက်ချင်ပါရဲ့၊ လာဘ်ထိုးတယ် ဖြစ်မှာစိုးရသေးတယ်။ နောက်ပြီး တရားသူကြီး က လက်ဖက်ရည် ကြိုက်မှကြိုက်ရဲ့လားလည်း မသိဘူး။

ကိုယ့်အမှု စီရင်ချက်ချမယ့်နေ့မို့ ကိုယ်တို့ဆွေမျိုးတွေ မိတ်ဆွေတွေလည်း လာကြတယ်။ အစိုးရဘက်က စုံထောက် တွေလည်း လာကြတယ်။

ကိုယ်တို့ ဝတ်လုံဦးအေးမောင်ကတော့ ရိပ်မိတယ်။ "ထောင် ချမှာပဲ ကိုလှ၊ ခြောက်လနဲ့ ကိုးလ တစ်ခုခုပဲ။ တစ်နှစ်တော့

လည်း သူတို့မချနိုင်ပါဘူး” လို့ လွန်ခဲ့တဲ့ တစ်လလောက် ကတည်းက ပြောနေတာပဲ။ သူက အတွေ့အကြုံကလည်းများ၊ လူကဲကလည်း ခတ်တတ်လှပြီမို့ ဗေဒင်ဆရာလို ဖြစ်နေပြီပေါ့။ ဟိုက်ကုတ်ရောက်ရင်တော့ ပြန်နိုင်မှာပဲတဲ့။

တရားသူကြီး ဂျက်ဦးလှမောင်ဟာ ညနေသုံးနာရီလောက်မှာ အားနေတဲ့ရှေ့နေတွေ၊ ဝတ်လုံတွေ သူ့ရုံးကိုဖိတ်ပြီး အစိုးရရှေ့နေ၊ တရားခံရှေ့နေ၊ ကိုယ့်ကိုတရားစွဲရတဲ့ တရားလိုတိုက်ပိုင်ဦးစီ (အခုတော့ ဝန်ထောက်) နှင့် ပရိသတ်များရှေ့မှာ သူသည်စီရင်ချက်ကို တရားသဖြင့် အကျဆုံးရေးထားသည်ကို ကြားနာစေလို၍ ဝတ်လုံရှေ့နေရှေ့ရပ်များကိုပါ ဖိတ်ကြားနားထောင်စေရတဲ့အကြောင်း စကားပလ္လင်ခံပြီး ကိုယ့်ကို ထောင်ကိုးလ ချတယ်ဆိုတဲ့ စီရင်ချက်ကို ဖတ်ပြတာပဲ။ ကိုယ်နဲ့အနီးဆုံးထိုင်နေတာကတော့ ဇဝနကိုသိန်းနဲ့ အိုးဝေ ကိုညီမြပေါ့။ ဝတ်လုံကိုအေးမောင်ကတော့ ရှေ့နားမှာ ဣန္ဒြေသိက္ခာနဲ့ မျက်နှာကလည်း တင်းလိုက်ပါဘိ။ ကိုယ်ကတော့ ခပ်ပြုံးပြုံးပဲ။ တမင်ပြုံးတာ မဟုတ်ပါဘူး။ ပြုံးကိုပြုံးချင်နေတာပါ။ ငေါင်းဆူလှမသိဘဲကိုး။

တရားသူကြီးက စီရင်ချက်ကို ဖတ်ပြီးတဲ့နောက် ကိုယ့်ကို လှမ်းကြည့်တယ်။ မျက်နှာတယ်မကောင်းရှာဘူး။ ကိုယ်က “ကိစ္စမရှိပါဘူး၊ ကျေးဇူးတင်ပါတယ်” လို့ ပြောလိုက်တယ်။ တရားသူကြီးက “ကျွန်တော်လည်း ဒီထက် မတတ်နိုင်တော့ဘူး” လို့ ပြောလိုက်တော့ ပရိသတ်က ရယ်ကြတယ်။ တရားသူကြီး ဂျက်ဦးလှမောင်လည်း တရားခွင်ပေါ်က ဒေါက်ဒေါက်နဲ့ တစ်ခါတည်းဆင်းသွားပြီး သူ့အခန်းထဲမှာ သွားနေတာပဲ။

တူတွေ၊ တူမတွေ၊ အစ်မတွေ၊ အစ်ကိုတွေ၊ ဆွေမျိုးဉာတိတွေ၊ မိတ်ဆွေတွေကတော့ ထောင်ကျရခြင်းဆိုပြီး စိတ်မကောင်းကြဘူး။ ကိုယ်ကတော့ အမှုပြီးလို့ ဝန်ထုပ်ကြီးပေါ့သွားလို့ ဝမ်းသာလိုက်တာ မပြောပါနဲ့တော့။

ထောင်ကိုပြန်ရောက်တဲ့အခါ ဝိုင်းပြီးမေးကြတော့ ကိုးလချလိုက်တဲ့အကြောင်း ပြောလိုက်တာနဲ့ တစ်ပြိုင်တည်းတစ်ယောက်က "လွတ်လူ၊ လွတ်လူ" နဲ့ အော်တော့တာပဲ။ "မဟုတ်သေးပါဘူး၊ ခုမှ ထောင်ကျ လူသစ်ဝင်လာတာ၊ ဘယ်နှယ့် လွတ်လူအော်နေရတာလဲ" လို့ မေးတော့ "ဆဌသင်္ဂါယနာတင်ပွဲတော်ကြီး ဝှဲချီးကျင်းပတာ အောင်မြင်တဲ့အထိမ်းအမှတ်နဲ့ အစိုးရက ပေးထားက ဆုမှတ်ရက် ခြောက်လ၊ ထောင်ပိုင်ပေးမှာက သုံးလ၊ ကိုးလဆိုတော့ ကဆုန်လဆန်း (၁၄) ရက် အဖိတ်နေ့ နက်ဖြန်မှာလွတ်ပြီ" လို့ တွက်ပြတယ်။ သူ့ဟာ ဟုတ်သတဲ့။

ကဲ... အမှုပြီးပြီ၊ ထောင်ကျတာကတော့ လွတ်ပါပြီပဲ ဆိုပါတော့ ဘကြီးမေတ္တာတုံး ပုဒ်မ (၅) ပဲ ကျန်တော့တယ်။ စာရေးဆရာ ဗန်းမော်တင်အောင်တို့လို အမှုအပြစ်ရလို့ ခံပြီးလွတ်ခါနီးမှာ အမှုသစ်ရလို့ တစ်ခုထပ်တင်တာမျိုးတော့ လုပ်စရာရှိမယ် မထင်ပါဘူး၊ လုပ်ရင်လည်း ဘယ်လိုမှ မတတ်နိုင်ဘူး၊ ခံရုံပဲရှိတာပဲ။"

လို့ စာရေးပါတယ်။ အဲဒီအမှုရယ်၊ ထပ်ဖမ်းတဲ့ ပုဒ်မ (၅) ရယ် အားလုံးစုစုပေါင်း (၃) နှစ် (၃) လနဲ့ (၇) ရက် ထောင်ထဲနေခဲ့ရပါတယ်။ ၁၄-၁-၅၇ ရက်နေ့ကမှ ရန်ကုန်ထောင်ကြီးက လွတ်လာပါတယ်။

ဦးလှကို ရန်ကုန်ထောင်ထဲမှာထားတော့ ဟိုခေတ်က စံပြဗဟို ထောင်ကြီးထဲမှာ နိုင်ငံရေးအကျဉ်းသမားမို့ ဘီကလပ်စ်ဆိုတဲ့ အထူး တန်းမှာတော့ နေခဲ့ရပါရဲ့။ ကျွန်မအဖမ်းခံရပြီ၊ ဆရာကြီးရွှေဒေါင်း အဖမ်းခံရပြန်ပြီ၊ အာမခံသိမ်းပြန်ပြီဆိုတဲ့ သတင်းတွေကြောင့် ဦးလှ မှာ စိတ်သောကအမျိုးမျိုး ရောက်ရှာပါသေးတယ်။

အမှုမပြီးခင် တစ်လလောက်အလို ၁၈–၄–၅၆ နေ့ထုတ် ဗမာ့ခေတ်သတင်းစာနဲ့ ဟံသာဝတီသတင်းစာမှာ လူထုသတင်းစာက အယ်ဒီတာချုပ် ဆရာကြီးရွှေဒေါင်းနဲ့ ကျွန်မကို ဖမ်းတယ်၊ အာမခံ မရဘူးလို့ သတင်းပါလာပါတယ်။ ဒီသတင်းကို ဦးလှတို့ ထောင်ထဲ က ဖတ်ကြရတော့ ဦးလှခမျာမှာ စိတ်သောကအမျိုးမျိုး ရောက်ရပြန် ပြီပေါ့။

နို့ပေမယ့် အဲဒီသတင်းပါတဲ့နေ့က ဘယ်သူ့ကိုမှ မဖမ်းဖြစ်ဘဲ နောက်တစ်လလောက်ရှိမှ ဆရာကြီးရွှေဒေါင်း တစ်ယောက်တည်းကို ပုဒ်မ ၁၂၄ (က) နဲ့ဖမ်းပြီး ပုံနှိပ်တိုက်ကို အာမခံငွေ (၃,၀၀၀) ကျပ် အတောင်းခံရပါတယ်။ လူကိုမဖမ်းသေးဘဲ ဖမ်းတယ်လို့ သတင်းစာ တွေမှာ သတင်းပါနှင့်တော့ ဆန်းတော့ဆန်းသလို ရှိမှာပေါ့။ ကျွန်မ တို့ ခံရပုံကတော့ ဆန်းတာတွေ အများကြီးပါ။ ၁၉၅၆ ခု၊ သင်္ကြန် မတိုင်မီ သုံးလေးရက်ကတည်းက ယုံကြည်စိတ်ချလောက်တဲ့ လူ တစ်ယောက်ဆီက ၁၉–၄–၅၆ နေ့မှာ ကျွန်မနဲ့ ဆရာကြီးရွှေဒေါင်း ကို ဖမ်းလိမ့်မယ်၊ ဖမ်းဖို့အမိန့်စာ သက်ဆိုင်ရာရဲလက် ရောက်နေပြီ၊ အိပ်ရာလိပ်ပြင်ထားကြလို့ သတင်းပေးလာပါတယ်။ ဒါ့ကြောင့် ဦးလေးသိန်းကိုလည်း စိတ်မကောင်းပေမယ့် သွားပြီး သတင်းပေးထား နှင့်ရတယ်။ ကျွန်မလည်း အိပ်ရာလိပ် ပြင်ထားရတယ်။

အဲဒီလိုပြင်ရင်းက ကျွန်မတို့ကိုဖမ်းဖို့ အမိန့်ပေးနိုင်၊ အမိန့်ကို ပြန်ရုပ်သိမ်းနိုင်တဲ့လူဆီကို သတင်းချက်ချင်းရောက်အောင် ပို့ပေးနိုင်မယ့် ပုဂ္ဂိုလ်တစ်ဦးနဲ့ ကျွန်မက တွေ့ရတယ်။ တွေ့ပြီး ကျွန်မပြောပြတာကတော့–

*ကျွန်မကို ဖမ်းမယ်ကြားတယ်၊ ဖမ်းရင် ဘာပုဒ်မနဲ့ ဖမ်းမှာတဲ့လဲ။ လူထုသတင်းစာမှာပါတဲ့ ကိစ္စတစ်ခုခုနဲ့ အမှုလုပ်ပြီးဖမ်းမယ်ဆိုရင် ကျွန်မနဲ့ လူထုသတင်းစာနဲ့ ဆက်စပ်လို့ရမှာ မဟုတ်ဘူး။ အယ်ဒီတာချုပ်က ရွှေဥဒေါင်း၊ သတင်းစာ တာဝန်ခံအယ်ဒီတာက ဦးလှလို့ သတင်းစာမှာကြေညာပြီး ကျွန်မနာမည် သတင်းစာမှာ ဘယ်မှာမှမပါဘူး။*

*ပြီးတော့ ဒီသတင်းစာရဲ့ ထုတ်ဝေသူနဲ့ ပုံနှိပ်သူကလည်း ကျွန်မ မဟုတ်ဘူး။* ***Press Declaration*** *ခေါ်တဲ့ ပုံနှိပ်တိုက်ကို ပိုင်ဆိုင်သူအဖြစ် ရုံးတော်မှာ ကြေညာထားတာကလည်း ဦးလှပဲ။ အဲဒီရုံးတော်မှာ ကျမ်းကျိန်ကြေညာချက်တွေ မန္တလေးကို ကရင်ဝင်တုန်းက ရုံးကြီးမီးရှို့ခံရလို့ အစိုးရဆီမှာ လက်ခံမရှိတော့ဘဲ ဖြစ်ချင်ဖြစ်မယ်။ ကျွန်မတို့ဆီမှာတော့ ကောင်းကောင်းသိမ်းထားရတာမို့ ရှိနေတယ်။ ဒါဖြင့် နိုင်ငံရေးပုဒ်မ (၅) နဲ့ပဲ ဖမ်းတယ်ဆိုရင်လည်း ရွေးကောက်ပွဲက နီးလှပြီ။ ကျွန်မနဲ့ ဆရာကြီးရွှေဥဒေါင်းကို ဖမ်းသွားရင် အတိုက်အခံဘက်က ရွေးကြမယ့်လူတွေက ဒီအစိုးရဟာ သတင်းစာတစ်စောင်အပေါ် ဘယ်လိုအထိ ဖိနှိပ်သလဲဆိုတာသိချင်ရင် ဟောဒီ ကလေးငါးယောက်ကိုသာပဲ ကြည့်ပါတော့ဆိုပြီး အဖေရော၊ အမေရောထောင်ထဲရောက်နေတဲ့ ကျွန်မတို့ကလေးတွေကိုလက်ဆွဲပြီး မဲတောင်းကုန်ကြလိမ့်မယ်၊ မလုပ်ပါနဲ့လို့ ကျွန်မက ပြောပြလိုက်တယ်။*

ကျွန်မထင်တဲ့အတိုင်း အလုပ်ဖြစ်သွားတယ် ထင်ပါရဲ့။ ဖမ်းမယ် ကြားတဲ့နေ့က ကျွန်မတို့နှစ်ယောက်ကို မဖမ်းပါဘူး။ နို့ပေမယ့် သတင်းစာတွေကတော့ အသေအချာသတင်းရပြီးမို့ ဖမ်းတယ်လို့ ထည့်လိုက်ကြတာ ဖြစ်ပါလိမ့်မယ်။

အဲ တစ်လလောက်အနေမှာ သတင်းစာကို အာမခံတင်ခိုင်းပြီး ဆရာကြီးရွှေဥဒေါင်းကို ဖမ်းပြန်ပါတယ်။ ဖမ်းတဲ့အပြစ်က လွန်ခဲ့တဲ့ (၇) လလောက်က သတင်းစာမှာဖော်ပြတဲ့ ပြူစောထီးတပ်ဖွဲ့ကို ဝေဖန်တဲ့ ခေါင်းကြီးပိုင်းကို ဖော်ပြလို့ ဖြစ်ပါသတဲ့။

အဲဒီတုန်းက ဦးလှက ရန်ကုန်ထောင်ကြီးထဲကနေပြီး ကျွန်မ ဆီကို ဘယ်လိုစာရေးသလဲဆိုတော့–

စာမှတ် (၄၆)<br>
ဗဟိုစံပြထောင်၊ ရန်ကုန်။<br>
၁၂–၅–၅၆

"မာ,

*မင်းတို့ဆီ စာမရေးပေမယ့် ဘာသတင်းများ ကြားရမလဲလို့ စိတ်တပူပူနဲ့ နားစွင့်နေခဲ့ပါတယ်။ ရွေးကောက်ပွဲတွေ ပြီးလာရင် ပြူစောထီးခေါင်းကြီးပိုင်းကိစ္စဟာ လာလိမ့်မယ်လို့ ထင်နေတာ အခုဖြင့် မောင်မင်းကြီးသား ကြွလာပြီပေါ့လေ။*

*၁၉၅၅ခုနှစ်၊ အောက်တိုဘာလ (၂၅) ရက်နေ့ထုတ် သတင်း စာမှာပါတဲ့ ပြူစောထီးအကြောင်း ဝေဖန်တဲ့ ခေါင်းကြီးပိုင်းကို (၇) လလောက်ကြာမှ ခုအရေးယူတယ်ဆိုတော့ ချက်ချင်း အရေးမယူတဲ့ ဒီမိုကရေစီအခွင့်အရေးအတွက် ကျေးဇူးတင်စရာ ကြီးပေါ့ကွယ်။ (၇) လလုံးလုံး သည်းခံအောင့်အည်း ဆိုင်းငံ့ကြ တယ်။ မေလ (၆) ရက် နေ့က အဲဒီခေါင်းကြီးပိုင်းအတွက်*

ငွေ (၃,၀၀၀) ကျပ် အာမခံတင်ဖို့ ပြည်ထဲရေးဌာနက အမိန့်စာ လာတယ်ဆိုတဲ့ မင်းဆီကစာလည်း ရပါတယ်။ သတင်းစာတွေ မှာလည်း ဖတ်လိုက်ရတယ်။ ကိုယ်လည်း တယ်ပြီး စိတ်မကောင်းတာနဲ့ မင်းဆီ ဘာစာမှမရေးဘူး။ အစိုးရဌာနက ကြော်ငြာဆိုလို့ လွန်ခဲ့တဲ့လေးငါးနှစ်ကတည်းက မရခဲ့တဲ့ မြန်မာပြည်မှာ တစ်စောင်နှစ်စောင်တည်းသာရှိတဲ့ သတင်းစာပါ။ နိုင်ငံခြားသားကုမ္ပဏီကြီးတွေက ကြော်ငြာမရတဲ့ တို့ရဲ့ လူထု သတင်းစာကဖြင့် နိုင်ငံတော်အစိုးရကို ငွေ (၃,၀၀၀) ကျပ် (ဝန်ကြီးနှစ်ပါးရဲ့ တစ်လခစာ) ရန်ပုံငွေ ထည့်ဝင်ရပြီပေါ့လို့ စာရေးမလို့ပဲ၊ ဒေါသသံ၊ မောဟသံ ပါမှာစိုးလို့ မရေးဘဲနေခဲ့ရ တယ်။ ခုလောက်ဆို ပေါင်နှံရှာဖွေပြီး တင်ပြီးပြီလို့ ထင်ပါ တယ်။

ဒီလောက်နဲ့ပဲ မောင်မင်းကြီးသားများ ပြီးကြပါစေလို့ အောက်မေ့ဆုတောင်းခဲ့တယ်။ ဆုသာတောင်းရတယ် အသံဗလံ တွေ ကြားနေရတဲ့အတွက် ဆုတောင်းပြည့်မယ်လို့ မထင်မိဘူး။ ဒီနေ့သတင်းစာတွေမှာတော့ ဦးလေးသိန်း (ဆရာကြီး ရွှေဥဒေါင်း) ကို အဲဒီ ပြူစောထီးခေါင်းကြီးပိုင်းအတွက် ပုဒ်မ ၁၂၄ (က) နဲ့ အရေးယူပြန်ပြီလို့ ဖတ်ရပြန်တယ်။ အာမခံငွေ လည်း တင်ခိုင်းတယ်။ ထောင်ထဲမှာမဟုတ်ဘဲ အပြင်မှာရှိနေတဲ့ အယ်ဒီတာချုပ်ကိုလည်း ထပ်ဖမ်းပြန်တယ်ပေါ့လေ။ ဥပဒေ အနေနဲ့ လုပ်နိုင်တာတော့ အကုန်လုပ်ကြတာပဲ၊ ဒီထက် ထပ် လုပ်စရာ ဥပဒေအကြောင်းနဲ့တော့ ဘာမှမကျန်နိုင်တော့ပေဘူး။ ၁၂၄ (က) ဆိုတာ မင်းဘာသာပြန်တဲ့ မောရစ်ကောလစ်ရဲ့ "မြန်မာပြည်တွင် စစ်ဆေးခဲ့သော အမှုအခင်းများအကြောင်း"

စာအုပ်ထဲမှာ ဗြိတိသျှလူမျိုး အရေးပိုင် မစ္စတာကောလစ်က တော်တော်ကလေး ပေါ်ပေါ်လွင်လွင်ဖော်ပြခဲ့တဲ့ ဥပဒေပဲ။ တို့မိတ်ဆွေတွေ အစိုးရတက်ဖြစ်နေတဲ့ တို့မြန်မာအစိုးရက ဗြိတိသျှတို့ဆီက ရလိုက်တဲ့ အမွေဆိုး လက်နက်ဆိုးရဲ့ ဒဏ်ကို ဖြင့် တို့တစ်တွေ အများဆုံး လှလှကြီးခံနေကြရတာပေါ့လေ။

အာမခံငွေလည်းတင်နိုင်း၊ လူကိုလည်းဖမ်းပြီး ထောင်ထဲပို့၊ တရားစွဲ၊ အာမခံမပေး၊ ချုပ်ထား၊ ထောင်သုံးလေးနှစ်ချဖို့ အမှုလုပ်၊ မကျသည်ထားဦး အနည်းဆုံး လေးငါးခြောက်လ တစ်နှစ်တော့ အမှုစစ်နေတဲ့အတောအတွင်း ထောင်ထဲမှာ နေဖို့တော့ သေချာတယ်။ ဦးလေးသိန်းကြီး ဒုက္ခတွေ ဒီလောက် မရောက်စေချင်ဘူး။ ကိုယ်သာ တာဝန်ခံအယ်ဒီတာ ဖြစ်တဲ့ အတွက် ဒီအမှုကို ကိုယ့်အပေါ် ပြောင်းခိုင်းဖို့လျှောက်ရင် ရနိုင်မလား။ မစ္စတာဗားမားတို့၊ မစ္စတာဘို့စ်တို့၊ ဦးမြစိန်တို့ ဝတ်လုံတွေကို မေးကြည့်ပါ။ ရနိုင်ရင် အင်မတန်ကောင်းမယ်။ ကိုယ်ကတော့ မထူးဘူး။ ပုဒ်မ (၅) သမားပဲ။ အမှုရှိလည်း ဒီထောင်ထဲမှာ နေရမှာပဲ၊ မရှိလည်း ထောင်ထဲနေရမှာပဲ။

မင်းမိတ်ဆွေ မစ္စတာကောလစ်က ရန်ကုန်အရေးပိုင်အဖြစ်နဲ့ အမှုထမ်းနေရစဉ်က အိန္ဒိယအမျိုးသား ခေါင်းဆောင်ကြီးတစ်ဦး ဖြစ်တဲ့ မစ္စတာဆင်ဂုပတားကို ဖမ်းဆီးအရေးယူ စစ်ဆေးရ တာလည်း ဆရာကြီးရွှေဥဒေါင်းကို အခုတပ်ထားတဲ့ ဒီပုဒ်မ ၁၂၄ (က) နှင့်ပဲ မဟုတ်လား။ အဲဒီပုဒ်မအကြောင်း သူရေးထား လိုက်ပုံက ကိုယ်မှတ်မိသလောက်ကတော့ ဒီဥပဒေဟာ အစိုးရ အဖွဲ့တစ်ဖွဲ့ကို မဆိုထားနဲ့၊ တိုင်းပြည်ရဲ့အလံ သို့မဟုတ် ရုံးတွင် ချိတ်ဆွဲထားတဲ့ ဘုရင်ခံရုပ်ပုံသော်တောင်မှ မကြိုက်မနှစ်သက်တဲ့

သဘောနဲ့ နှာခေါင်းရှုံ့ပြမယ်၊ မျက်စောင်းထိုးသွားမယ်ဆိုရင် အစိုးရကို အကြည်အညိုပျက်စေတယ်ဆိုပြီး အရေးယူနိုင် အပြစ်ပေးနိုင်တယ်ဆို မဟုတ်လား။

အာမခံ (၃,၀၀၀) ကျပ်တောင်းတဲ့ ပုံနှိပ်တိုက် လတ်တလော ဥပဒေဆိုတာကလည်း ၁၉၃၁ ခုနှစ်က အိန္ဒိယပြည်မှာလုပ်တာ။ အစိုးရလုပ်ကိုင်ပုံ မှုမမှန်တာ၊ ဖောက်ပြန်တာတွေကို ရေးသားဝေဖန်ရင် နောင် ဒီလိုမရေးသား ပုံမနှိပ်ရဲအောင် အာမခံတောင်းတဲ့ ဥပဒေပဲ။

၁၉၃၀၊ ၁၉၃၁ ခုနှစ်ဆိုတာ မြန်မာပြည်၊ အိန္ဒိယပြည်နဲ့ တစ်ကမ္ဘာလုံးမှာ မကြုံဖူးတဲ့ စီးပွားရေးကပ်ကြီးဆိုက်တဲ့ အချိန်ပဲ။ တို့ဆီမှာ ဆရာစံ သူပုန်ထတဲ့နှစ်လောက်ပဲ မဟုတ်လား။ အိန္ဒိယပြည်မှာ မဟတ္တမဂန္ဒီက ဦးစီးပြီး အင်အားကောင်းကောင်းနဲ့ အစိုးရကို တိုက်နေတဲ့အချိန်ပေါ့။ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းတွေက ပြည်သူတွေဘက်က ရေးမယ်။ အစိုးရလုပ်ပုံတွေ မကောင်းကြောင်း ရေးမယ်ဆိုရင် အဲဒီပုံနှိပ်တိုက်တော့ ဥပဒေနဲ့ လတ်တလော တွေ့တာပဲ။ နိုင်ငံရေးသမားဆိုတာ အဖိနှိပ်ခံရသူတွေဖြစ်တော့ ငွေလည်းမပေါဘူး၊ အာမခံငွေလည်း မတင်နိုင်ကြဘူး၊ ကြာတော့ သူတို့အာဘော်တွေကို ဘယ်ပုံနှိပ်တိုက်ကမှလည်း ရိုက်မပေးရဲကြဘူး။ အဲဒီလို ချုပ်ချယ်ဖိနှိပ်တဲ့ နယ်ချဲ့သမားတို့ရဲ့ လက်သုံးတော် ဥပဒေမျိုးကို နိုင်ငံမှာ ထွန်းထွန်းကားကားဖြစ်နေတာ အံ့ဩစရာ ဝမ်းနည်းစရာကြီးပဲ။

ကဲ ရဲမေ၊ ပူပင်နေလို့ အလကားပဲ၊ ငြိမ်းချမ်းရေးမရှိရင် ဒီမိုကရေစီရေးဆိုတာ ဒီလိုပဲနေမှာပဲ။ ဒါကြောင့် ငြိမ်းချမ်းရေးဟာဖြင့် ပြည်သူတွေရဲ့ အသက်ပါပဲ။

*ကဲ... ဒါပဲ။ ကလေးတွေဆီကို ဒီကနေ့ မရေးတော့ဘူး။ မရေးနိုင်တော့ဘူး၊ မရေးချင်တော့ဘူး၊ ကြည့်သာ ပြောလိုက်ပါတော့။*

*မောင်လှ"*

လို့ စာအမှတ် (၄၆) မှာ ဦးလှက ရေးလိုက်ပါတယ်။ ဥပဒေအရ လုပ်နိုင်တာ အကုန်လုပ်လိုက်တာပဲ။ ဒီထက်လုပ်စရာ မကျန်တော့ဘူး။ ဥပဒေကို ဒီထက်ပိုဆန့်လို့လည်း မကောင်းတော့ဘူးလို့ ဦးလှက ရေးပါတယ်။ ဒါပေမဲ့ သူ့အတွက် ဥပဒေတစ်ခု လွှတ်တော်ကနေပြီး ပြင်လိုက်တာတောင် ရှိပါသေးတယ်။ သတင်းစာမှာ သတင်းရေးတာများလို့ အရေးပေါ်စီမံမှု ဥပဒေပုဒ်မ (၅) နဲ့ ဦးလှကို ဖမ်းဆီးတဲ့အခါ ဒီအမှုက ထောင်ဒဏ် (၇) နှစ်အထိ အပြစ်ပေးနိုင်တယ်။ ဒါပေမဲ့ အာမခံပေးနိုင်တဲ့ ပုဒ်မပါ။ ဦးလှကို အောက်ရုံးက အာမခံမပေးပေမယ့် စက်ရှင်ရုံးက အာမခံပေးလိုက်တဲ့အခါ ဒီဥပဒေကို လွှတ်တော်ကနေပြီး ထောင်ဒဏ် (၇) နှစ်အထိ အပြစ်ပေးနိုင်ရင် အာမခံမပေးနိုင်တဲ့ ပုဒ်မအဖြစ် ပြောင်းလဲပြင်ဆင်ခဲ့ပါတယ်။ ဦးလှကိစ္စဖြစ်အပြီး ဘာမှမကြာမီအတွင်း ပြင်ဆင်တာပါ။ ပြီးတော့ ဆရာကြီးရွှေဥဒေါင်းကို မန္တလေးထောင်ထဲမှာဖမ်းထားပြီး ဆရာကြီးက ပြူစောထီးခေါင်းကြီးပိုင်းကို သူရေးတာမဟုတ်ဘူးငြင်းရင် ဖမ်းရာက လွှတ်ပေးမယ်၊ ငြင်းပါလို့ ဆရာကြီးမိတ်ဆွေ မန္တလေးက စာရေးဆရာကြီး ဆရာမြမျိုးလွင်ကို အပြောခိုင်းပါသေးတယ်။ ဦးလှက ထောင်ထဲမှာဆိုတော့ ဆရာကြီးမရေးရင် ကျွန်မရေးမယ်လေ၊ ဒါနဲ့ ကျွန်မကိုဖမ်းမယ်။ နို့ပေမယ့် ဦးလှထောင်ထဲကနေပြီး စိတ်ဆင်းရဲနေမှာစိုးလို့ ကြားသမျှတွေကို ကျွန်မက သူ့ဆီ သတင်းမပို့ပါဘူး၊

ဒါ့ကြောင့် သူက သူသိသမျှနဲ့ ဒီထက်ပိုတော့ မလုပ်နိုင်တော့ဘူးလို့ ရေးတာပါ။

မန္တလေးထောင်ကြီးထဲမှာ အချုပ်ခံနေရတဲ့ ဦးလေးသိန်းဟာ ငါးလနီးပါးကြာမှ လွတ်ပါတယ်။ ဦးလေးသိန်းလွတ်တော့မှ ဦးလှ က–

ဗဟိုစံပြထောင်
ရန်ကုန်။
၃–၁၀–၅၆

"*မာ,*

*ဦးလေးသိန်း (ဆရာကြီးရွှေဥဒေါင်း) ရဲ့ အမှုကို စွဲချက်မတင်ဘဲ အောက်တိုဘာလ (၁) ရက်နေ့က လွတ်လိုက်တယ်ဆိုတဲ့အကြောင်း ကြေးနန်းရလို့ အပေါ ထောင်ဝင်စာ လာတွေ့ပြီး ပြောသွားတယ်။ ဝမ်းသာလိုက်တာ။ ဝလာတယ်၊ (၈) ပေါင်လောက် တိုးလာတယ်လို့ စာထဲမှာ ပါလာတဲ့အတွက်လည်း သဘောကျနေပါတယ်။ ရန်ကုန်ထောင်က မိတ်ဆွေတွေကတော့ ဦးလေးသိန်း အဖမ်းခံရတယ်ဆိုကတည်းက ရန်ကုန်ထောင်ပြောင်းရအောင် လုပ်ပါလို့ တတွတ်တွတ် ပြောနေကြတာပဲ။ တွေ့ချင်ကြလို့တဲ့။ ကိုယ့်ကိစ္စတုန်းက အစိုးရက ဟိုက်ကုတ်တရားလွှတ်တော်မှာ လျှောက်တယ်။ ဒီတစ်ခါ တို့က ဦးလေးသိန်းကို ရန်ကုန်ရုံးမှာစစ်ဖို့ လျှောက်ပါလို့လည်း ဝိုင်း အကြံပေးကြတယ်။ သူတို့ကတော့ ခပ်သောသောသမားတွေပဲ။*

*ဒီလိုဆိုတော့ ငါးလနီးနီးလောက်ပဲနေရလို့ တော်သေးတာပေါ့။ အခါလယ်လောက်တော့ နေရလိမ့်မယ်။ အောက်ရုံးကတော့ ချမှာပဲ။ ဟိုက်ကုတ်ရောက်မှ လွတ်တော့မှာပဲလို့*

*တို့လူစုက ထွက်ထားကြတယ်လေ။ ဦးလေးသိန်းကတော့ အင်မတန်ကံကောင်းတယ်။*

*ကံအဆိုး အညွှံတွေ ကုန်ပါပြီထင်ပါရဲ့။ မင်းတို့လည်း ကြည့်ရေးကြပါ။ ပြည်သူတွေရဲ့ အကျိုးအတွက် ဝေဖန်ရေးသား တာဟာ ဘယ်သူ့ကိုမှ ပျက်စီးစေလိုလို့၊ မနာလို မုန်းထားလို့ မဟုတ်တဲ့အကြောင်း ပေါ်လွင်ပါစေ။*

*"ရန်မထောင်မှ ရန်အောင်တယ်၊ ရန်ထောင်ရင် ရန်လှောင် မိတတ်တယ်" "ရန်မလိုမှ ရန်ပြိုတယ်၊ ရန်လိုရင် ရန်ပိုတတ်လှ တယ်" ဆိုတဲ့ ပညာရှိစကားတွေကို ဒီအချိန်မှာ ကြပ်ကြပ် နှလုံးသွင်းပေတော့။ သွင်းရမယ်၊ ကျင့်ရမယ်။*

*ဒီတစ်ခါ တစ်ခုခုထပ်ဖြစ်ရင် မင်းအလှည့်ဖြစ်လိမ့်မယ်။ ထောင်ထဲမှာ ကိုယ်ရှိတယ်ဆိုပြီး သိပ်လုပ်မနေနဲ့။ လူ့ပြည်နဲ့ နတ်ပြည်မှာသာ အတူတူနေရတာ။ ငရဲပြည်မှာ အတူတူနေရ တာ မဟုတ်ဘူး။ ဒါကြောင့် ထောင်ထဲလိုက်လာဖို့ စိတ်မကူးနဲ့။*

*ဦးလေးသိန်းတို့ ဒေါ်ဒေါ်တို့ကို နှုတ်ဆက်လိုက်ကြောင်း ပြောပြပါ။ မေတ္တာပို့သပါတယ်။*

*မောင်လှ"*

လို့ စာနံပါတ် (၄၉) မှာ ရေးပါတယ်။

ဦးလှက ကျွန်မအဖမ်းခံရမှာကို စိုးရှာတယ်။ ကျွန်မပါ ထောင် ထဲရောက်နေရင် သတင်းစာနဲ့ ဂျာနယ်ဆက်ထွက်ဖို့ ဖြစ်နိုင်ပါတော့ မလား။ တိုက်အလုပ်သမားတွေရဲ့ စားဝတ်နေရေးတွေ ဘယ်လို ဖြစ်ကုန်မှာလဲ။ အဖေရော၊ အမေရောမရှိဘဲ ဥမမယ်စာမပြောက် ကလေးငါးယောက်ကော နေလို့ဖြစ်ပါတော့မလားလို့ ပူရှာတယ်။ ၁၉၅၆ ခုနှစ်က ကျွန်မတို့သားအကြီးဆုံးက (၁၅) နှစ်၊ ဒုတိယ

သမီးက (၁၃) နှစ်၊ တတိယသားလေးက (၁၁) နှစ်၊ စတုတ္ထသမီး လေးက (၉) နှစ်၊ အငယ်ဆုံးသားက (၄) နှစ်သားလေးပါ။ အဲဒီ တုန်းက အာဏာပိုင်တွေက ကျွန်မကိုဖမ်းလို့တော့ မဖြစ်ဘူး၊ အတိုက် အခံတွေအတွက် အကွက်ရသွားလိမ့်မယ်ဆိုတာ တကယ်များ သဘော ပေါက်သွားရောလား မသိဘူး။ နောက်ဆက်တွဲ လာတဲ့ကိစ္စကို ဦးလှရဲ့ စာအမှတ် (၅၁) မှာ ဒီလိုရေးပြန်ပါတယ်။

ဗဟို–စံပြထောင်
ရန်ကုန်။
၉ – ၁၁ – ၅၆

*"မာ,*

*လူထုသတင်းစာ ပြုစောထီးခေါင်းကြီးပိုင်းနှင့် ပတ်သက်ပြီး တင်ထားရတဲ့ အာမခံငွေ (၃,၀၀၀) ကျပ်ဟာ ဦးလေးသိန်း (ဆရာကြီး ရွှေဒေါင်း) ကိုပင် အမှုလုပ်လို့မဖြစ်ဘဲ လွှတ်လိုက် ပြီဖြစ်တဲ့အတွက် ပြန်လည်ရရှိတော့မှာပဲ။ ကိစ္စတွေအားလုံး ပြီးငြိမ်းပါပြီလို့ ထင်နေတာ၊ ဇွန်လထုတ် လူထုဂျာနယ် မျက်နှာ ဖုံး အရုပ်က အစိုးရကို အကြည်ညိုပျက်စေတယ်ဆိုပြီး ပြန်ရ တော့မယ်ထင်နေတဲ့ အဲဒီငွေ (၃,၀၀၀) ကျပ်ကို အစိုးရက သိမ်းလိုက်ပြီဆိုတဲ့အကြောင်း လွန်ခဲ့တဲ့ လေးငါးဆယ်ရက် ကတည်းက သတင်းစာများအရ သိပြီးပါပြီ။*

*အခုတစ်ဖန် လူထုသတင်းစာနှင့်ဂျာနယ် ဆက်လက်ထုတ်ဝေ နိုင်ရေး၊ စက်လည်နိုင်ရေးအတွက် ပုံနှိပ်တိုက် လတ်တလော ဥပဒေအရ အာမခံငွေ (၄,၀၀၀) ကျပ် တင်သွင်းလိုက်ရပြန်ပြီ ဆိုတဲ့အကြောင်း သတင်းစာများမှာ ဖတ်ရပြန်ပါတယ်။ ကဲ*

ဘယ်တတ်နိုင်မလဲကွယ်၊ တင်ရုံရှိတာပေါ့။ မတင်နိုင်လောက်အောင်ဖြစ်တော့ ပိတ်ရုံရှိတာပေါ့။

ခုခေတ် မြန်မာပန်းချီလောကမှာ နာမည်ကျော်ပေ့ဆိုတဲ့ ပန်းချီကျော် ဦးဘဉာဏ်၊ ဦးငွေကိုင်၊ ဦးစောမောင်၊ ဦးဘလုံ၊ ဦးအုန်းလွင်၊ ဦးဘကြည်၊ ဦးခင်မောင် စတဲ့ ပန်းချီဆရာကြီးတွေရဲ့ ပထမတန်း ဆီဆေးကားကြီးတွေတောင်မှ ဝယ်သူတွေက (၃,၀၀၀) ကျပ်ပေးတယ်လို့ မကြားဖူးပါဘူး။ တို့မိတ်ဆွေ ပန်းချီကိုဘရင်ကလေးရဲ့ လက်ရာကိုတော့ နိုင်ငံတော်အစိုးရက တန်ဖိုး (၃,၀၀၀) ကျပ် ဈေးဖြတ်လိုက်ပြီ။ အစိုးရဟာ အကောင်းဆုံးရာပြတ်မို့ ဖြတ်တဲ့ဈေးကတော့ ပေးရတာပဲ။ ဆစ်လို့မရပါဘူး။ တည်တာပါပဲ။ ဒီလောက်အဖိုးတန်တဲ့ ပန်းချီကားတွေကိုတော့ ဆွဲမပေးပါနဲ့။ တို့မတတ်နိုင်လို့ပါ။ အစိုးရဆီ တိုက်ရိုက်သွင်းချင်သွင်းပါလို့ ကိုဘရင်ကလေးကို ပြောပြပါ။ ဒီဈေးနဲ့တော့ ဘယ်လိုနည်းနှင့်မှ တို့မဝယ်နိုင်ဘူး၊ ဘလောက်ဖိုးကလည်း ရှိသေးတယ်။

ကိုယ်တစ်ယောက်လုံး ထောင်ထဲရောက်နေရတဲ့အတွက် မင်းတို့ကို ဥပဒေအတွင်း ဒီမိုကရေစီစည်းဝိုင်းအတွင်း ဖြစ်ပေမယ့် ဘာမလုပ်နဲ့၊ ဘာမရေးနဲ့လို့ မပြောလိုပါဘူး။ ဒီလိုပြောပြန်တော့လည်း "ရေးသင့်တာကို မရေး၊ မရေးသင့်တာကို ရေးတယ်" ဆိုတဲ့ သတင်းစာဆရာများရဲ့ စသုံးလုံးဥပဒေနဲ့ မလွတ်ပေဘူး။ သတင်းစာရဲ့ဝတ္တရားပျက်တယ်။ ဒါပေမဲ့ အခါကာလက မကောင်းဘူး။ ကိုယ့်ဝတ္တရားလည်း မပျက်အောင်၊ အစိုးရက အပြစ်လည်းမရှာနိုင်အောင် ကြည့်လုပ်ရမယ်။ ဘယ်လိုရေးရေး အပြစ်ရှာချင်တဲ့လူက ရှာမှာပဲလို့ တွေးတောမိရင်လည်း

*ကိုယ်က တရားမပျက်နဲ့၊ ပြည်သူတွေ အကျိုးအတွက် ရေးသားဖော်ပြတယ်၊ ဝေဖန်ရေးသားတယ်ဆိုတာ ပေါ်လွင်စေရမယ်။ ဘယ်သူ့ကိုမှ ဝန်တိုမုန်းထားတဲ့ စေတနာနဲ့ ရေးသားတာ မဟုတ်ဘူးဆိုတာ ထင်ရှားစေရမယ်။*

*ငြိမ်းချမ်းသာယာတဲ့ကာလကြီး မြန်မြန်ရောက်ပါစေ။*

*မောင်လှ"*

လို့ရေးပြန်ပါတယ်။ ဦးလှဟာ ၁၄–၁–၅၇ နေ့မှာ အချုပ်အနှောင်က လွတ်ပါတယ်။

■

## အဖမ်းအဆီး ၁၉၇၈

ဦးလှကို ထောင်ပြောင်းခေါ်သွားတော့ ကျွန်မက ထောင်ဝင်စာ ရန်ကုန်ကို လိုက်မတွေ့နိုင်ဘူးပေါ့။ ကျွန်မမှာ ကလေး ငါးယောက်နဲ့ သတင်းစာက ရက်မပျက်ထွက်နိုင်အောင် လုပ်နေရသေးတယ်။ အဲဒီတုန်းက အခုသားအငယ်ဆုံးကောင် ငြိမ်းချမ်း (ညီပုလေး) က နို့စို့ရှိသေးတာကလား။ စကားစပ်မိလို့ ပြောရဦးမယ်။ ဦးလှ သုံးနှစ်ကျော် ရန်ကုန်ထောင်ထဲမှာ အချုပ်အနှောင်ခံနေရပြီး ထောင်ကလွတ်လာတော့ ကျွန်မက ကလေးတွေခေါ်ပြီး လေယာဉ်ကွင်း သွားကြိုတယ်။ ဦးလှက သူ့ဖမ်းသွားတုန်းက နှစ်နှစ်သားရှိသေးတဲ့ အငယ်ဆုံးကောင် ငါးနှစ်ခြောက်နှစ်သားကို ကောက်ချီတော့ ဒီကောင်က သူ့အဖေကို မမှတ်မိလို့ အို့တို့အန်းတန်းနဲ့ ကြည့်နေတယ်။

ဒါ့ကြောင့် ကျွန်မက ဒီကောင် ၁၉၉၀ ပြည့်နှစ်က ထောင်ဆယ်နှစ် အချခံရတော့ သူ့ကိုပြောင်းချုပ်ထားတဲ့ သရက်ထောင်ကို သူရောက်တော့ သူ့ကလေးသုံးယောက်စလုံး ခေါ်ခေါ်သွားပြီး သုံးလတစ်ခါ၊ နှစ်လတစ်ခါ သွားတွေ့ခဲ့တယ်။ သွားရတာက မိုင် (၃၅၀) လောက် ကားခရီး၊ သူ့သမီးနှစ်ယောက်စလုံးက ကားတောက်တတ်လို့ အောင်လံမှာ တစ်ညအိပ်ပြီးမှ အမူးပြေကြတယ်။ ကရိကထများလိုက်ပုံများ မပြောပါနဲ့တော့။ ဒါပေမဲ့ အဖေထွက်လာရင် အဖေကလည်း မမှတ်မိ၊ ကလေးတွေကလည်း မမှတ်မိနဲ့၊ သူတို့အဖေဖြစ်တုန်းက ဖြစ်တာမျိုး ဖြစ်မှာစိုးလို့ အားလုံးခေါ်သွားတာပဲ။ အောင်လံက ပထစအမတ်ဟောင်း ဦးသန်းမြင့်တို့တိုက်မှာ တစ်ညအိပ်ပြီး နံနက်လင်း သရက်ကို မော်တော်နဲ့ကူးတော့မှ ကလေးနှစ်ယောက်က အမူးပြေကြတယ်။

ကလေးတွေက သူတို့အဖေကို မမှတ်မိဘူးဆိုတဲ့ ရင်ထုမနာအဖြစ်မျိုး ကြုံရမှာစိုးလို့ ဒုက္ခခံပြီး ခေါ်ခေါ်သွားတာလေ။

ပဥ္စမအကြိမ်တော့ ဦးလှအဖို့ မကြာလိုက်ပါဘူး၊ တော်ပါသေးတယ်။ လူက နေမကောင်းဘဲနဲ့ ခေါ်သွားတာမို့။ တစ်နေ့မှာ ဦးလှသူသိပ်နေမကောင်းဘူး။ လူကလည်း မူးနောက်နောက်နဲ့နေတယ်လို့ ပြောလို့ သမီးဆရာဝန်ကို အခေါ်လွှတ်ပြီး နင့်အဖေ စမ်းသပ်ကြည့်စမ်း၊ နေမကောင်းဘူးပြောတယ်လို့ ပြောတော့ သမီးက အစုံစမ်းသပ်ပါတယ်။ ပြီးတော့ အဖေ ဆီးချိုထနေလို့ဖြစ်တာ။ အဖေ့ကို အင်ဆူလင် ထိုးပေးမှ ဖြစ်တော့မယ်လို့ ပြောပါတယ်။ ဦးလှမှာ ဆီးချိုရောဂါရှိပါတယ်။ ဒါပေမဲ့ အစားကို ဂရုစိုက်စားပြီး ဆေးမှန်မှန်သောက်တာနဲ့ပဲ သူ့သမီးက ဆီးချိုကို ထိန်းထားပေးပါတယ်။ အင်ဆူလင်နေ့တိုင်းထိုးပေးရလောက်အောင် ဆိုးမလာပါဘူး။

အဲဒီနေ့က သူ့သမီးက တစ်လလောက် အင်ဆူလင် နေ့တိုင်း ထိုးပေးဦးမယ်လို့ပြောတော့ အင်ဆူလင်ထိုးရမယ်ဆိုတာက ဆီးချို သမားအဖို့ နောက်ဆုံးအဆင့်၊ နေ့တိုင်း တစ်နေ့နှစ်ကြိမ်ထိုးရမှာ၊ ကျွန်မက စိတ်ဆင်းရဲလိုက်တာ။ အဲဒီလို သမီးကပြောပြီး ပြန်သွားလို့မှ မကြာသေးဘူး၊ အိမ်ရှေ့မှာ ဧည့်သည်ရောက်တယ်ပြောလို့ ထွက်တွေ့ တော့ သူရယ်၊ ကျွန်မရယ်၊ သားဘိုညိုရယ် လိုက်ခဲ့ပါဦးဆိုပြီး လာဖမ်းပြန်လို့ သားအမိသားအဖ သုံးယောက်စလုံး လိုက်သွားကြရ တာပါ။

အဲဒီနေ့က ၁၉၇၈ စက်တင်ဘာ (၂၂) ရက်နေ့ပါ။

အိမ်မှာ မျက်စိသူငယ် နားသူငယ်နဲ့ ကျန်ရစ်ရှာတဲ့ သမီးပျို မတင်ဝင်းလေးအတွက်လည်း အမြဲသတိရပြီး စိတ်ဆင်းရဲမိတယ်။ နို့ပေမယ့် ဘယ်သူကျန်ကျန် မကျန်ကျန် သူတို့လာခေါ်ရင် လိုက်ရ တာပဲ မဟုတ်လား။ ခေါ်သွားပြီး ကျွန်မတို့ကို မန္တလေး အကျဉ်း ထောင်ကြီးထဲ ထည့်ထားတာပါ။ သူတို့သားအဖက တွဲဖက်ထောင်မှာ တဲ့။ ကျွန်မက အမျိုးသမီး တွဲဖက်ထောင်မှာပါ။ ကိုယ်အဖမ်းခံနေရ တာထက် ဦးလှအတွက် ကျွန်မမှာ ပူလိုက်ရတာ။ သူနေမကောင်းလို့ ဆေးနေ့တိုင်းထိုးရမယ့်ဆဲဆဲကို သိနေတော့ ကိုယ့်အတွက်ထက် သူ့ အတွက် ပူတာပေါ့။

ကျွန်မမှာ ဦးလှ နေ့တိုင်းအင်ဆူလင်ထိုးရမယ်လို့ သမီးပြောပြ တဲ့ အသံချည်း ကြားနေပြီး သူတို့က ဦးလှကို အင်ဆူလင်လည်း နေ့တိုင်းထိုးပေးမှာ မဟုတ်ဘူးဆိုပြီး စိတ်ဆင်းရဲနေတာ နေ့တိုင်းပါ။ ဦးလှက (၂၈) ရက်နဲ့ အိမ်ပြန်ရောက်သွားပါသတဲ့။ သားက (၇) လ ကျော်နဲ့ အိမ်ပြန်ရောက်ပါတယ်။ ကျွန်မ ဒီလိုကျန်ခဲ့တာကို ဦးလှက "ဒေါ်အမာက ကျွန်တော်သွားရာဆိုရင် နေရာတကာ လိုက်ချင်တတ်

တယ်။ ဟိုထဲသွားတာကိုတောင်မှ မဖြစ်မနေ လိုက်လာခဲ့သေးတယ်။ ခု ကျွန်တော်ပြန်ထွက်လာတော့ သူ, မလိုက်နိုင်ခဲ့ပြန်ဘူး” လို့ မိတ်ဆွေတွေနဲ့တွေ့ရင် ဟာသစကားလေးနဲ့ ပြောတတ်သတဲ့။

ကျွန်မကတော့ ဟိုထဲကျွန်မကျန်ရစ်ခဲ့တုန်းက လေးငါးခြောက် လလောက်နေတော့ ဝါဒါမကလေးတစ်ယောက်က “မနေ့က ရက်အားရလို့ ကျွန်မ မြို့ထဲထွက်တော့ ဦးလေးလှကို တွေ့ခဲ့တယ်” လို့ ကျွန်မကို တိုးတိုးကလေး လာပြောပါတယ်။ ကျွန်မက ဝမ်းသာအားရ “ဟုတ်လား၊ ဘယ်မှာတွေ့ခဲ့တာလဲ၊ မင်းကိုသိသလား၊ ဘာပြောလိုက်လဲ” လို့မေးတော့ ဦးလေးတို့တိုက်ရှေ့က ကျွန်မ ညနေသုံးနာရီလောက် ဖြတ်သွားခဲ့တာပါ။ တိုက်တံခါးကြီး ပိတ်ထားတယ်။ အဲဒီအထဲ ဦးလေးလမ်းလျှောက်ရင်း ပုတီးစိပ်နေတာကို မြင်ခဲ့တာပါ” တဲ့။ နေ့ခင်းကြီး တိုက်တံခါးကြီးပိတ်ပြီး လမ်းလျှောက် ပုတီးစိပ်နေသတဲ့ဆိုပြီး ကျွန်မမှာ မျက်ရည်ဝဲခဲ့ရတယ်။ ဒီအချိန် ဒီနေရာမျိုးမှာ သူ ပုတီးစိပ်လေ့ရှိတာမှ မဟုတ်ပါပဲကလား၊ ဇကန္တ သူ ကျွန်မ မလွတ်သေးလို့သာပေါ့ဆိုပြီး စိတ်မကောင်းရတာပါ။ ဒါဟာ သူ့အဖို့ နောက်ဆုံးအကြိမ်ပါပဲ။ ဒါပေမဲ့ ဦးလှက သားမယားအပေါ် အလွန်သံယောဇဉ်ကြီးရှာသူမို့ သားရောမယားရော တော်တော်နဲ့ မပြန်လာကြတော့ သူကိုယ်တိုင် နေခဲ့ရတာထက်ပိုပြီး စိတ်ဆင်းရဲရှာလိမ့်မယ်။ သူ့မိန်းမ ဒီလိုခံရမှာကို သူတစ်သက်လုံး ပူပန်ခဲ့ဖူးပေမယ့် တစ်ခါမှ ကိုယ်တွေ့မကြုံခဲ့ရဘူး။ ဒီတစ်ခါမှ ကိုယ်တွေ့ကြုံရှာတာကလား။

ကျွန်မဆီကို တစ်ပတ်တစ်ကြိမ် ထောင်ဝင်စာ စားစရာတွေ အိမ်က ပို့ပို့ပေးနေပါတယ်။ လူချင်းတော့ ဘယ်သူနဲ့မှ မတွေ့ရဘူး။ ဘယ်သူကပို့သလဲတော့ မသိဘူး။ ဘာသတင်းမှ ကျွန်မကို အသိမပေးပါဘူး။ ကျွန်မအဖမ်းခံရတာ တစ်နှစ်၊ တစ်လနဲ့ တစ်ရက်ရှိ

တော့ ၂၃-၁၀-၇၉ နေ့က ကျွန်မကို ထောင်ထဲလာခေါ်ပါတယ်။ ကျွန်မလိုက်သွားတော့ အပြင်မှာ ဦးလှရယ်၊ သမီးအကြီးကမွေးတဲ့ မြေးဦးမလေးကို ချီထားပြီး ရပ်နေကြတာတွေ့လို့ ဩော် သူတို့ ထောင်ဝင်စာတွေ့ခွင့်ရလို့ လာကြတာထင်ပါရဲ့လို့ အောက်မေ့ပြီး သူတို့ခေါ်တဲ့ ထောင်ရုံးခန်းထဲ လိုက်သွားရတယ်။ ပြီးတော့မှ ဒါ လွှတ်တာတဲ့လေ။ အဲဒီတော့မှ ကျွန်မ အိမ်ပြန်ရောက်တယ်။

အိမ်ရောက်တော့မှ တစ်ယောက်တည်း ထားခဲ့ရတဲ့ သမီးလေးနဲ့ ကျွန်မညီမ ဒေါ်တင်တင်က လာပြီးနေပေးရှာသတဲ့။ ထောင်ထဲမှာ နေရတုန်းကတော့ အဲဒီသတင်းမျိုး ဘာမှမကြားခဲ့ရဘူး။ သူမရှိဘဲ ကျွန်မတစ်ယောက်တည်း နေခဲ့ရတာကတော့ အကြိမ်ကြိမ်အခါခါမို့ ကျွန်မမှာ ကျင့်သားရသလောက် ရနေပြီလို့ပြောရင် ရနိုင်မလား မပြောတတ်ပါဘူး။ ဒါပေမဲ့ ကျွန်မမရှိဘဲ သူအိမ်မှာနေရတဲ့ ဆင်းရဲကိုတော့ သူက ၁၉၇၈၊ ၁၉၇၉ မှာမှ ခံရဖူးတာကလား။ ဒါ့ကြောင့် ထင်ပါရဲ့ သူမဆုံးခင် သုံးလေးလအလိုမှာ သူနဲ့ကျွန်မ အေးအေး ဆေးဆေး ခဏတဖြုတ်နားရချိန်မှာ သူက ဘာပြောသလဲဆိုတော့ "သေခြင်းသေရင် ငါ မင်းအရင် သေချင်တယ်" တဲ့။ ကျွန်မက "အရင်သေရတဲ့လူက ကံကောင်းတာပေါ့" လို့ ပြန်ပြောတော့၊ သူက "ငါက မင်းမရှိရင် မနေတတ်ဘူး" တဲ့။

သူတို့က တကယ်တော့ ကျွန်မကို ဖမ်းချင်လို့ဖမ်းတာနေမှာပါ။ ဒီအကြောင်းနဲ့ပတ်သက်ပြီး တတိယသားဖြစ်သူ မောင်ချစ်ခင် (ခေါ်) (ဦး) ဖိုးသံချောင်းက ကလောင်အမည် "ဖိုးသံ(လူထု)" နဲ့ "ကျွန်တော်မရေးနိုင်ခဲ့တဲ့ ကိစ္စတစ်ရပ်" လို့ ခေါင်းစဉ်တပ်ပြီး ဆောင်းပါးတစ်ပုဒ် ရေးခဲ့ပါတယ်။ သားငယ်ကတော့ ဒါ ပထမ အကြိမ်ပေါ့။ နောက် (၁၁) နှစ်ကြာမှ ၁၉၉၀ မှာ ဒုတိယအကြိမ်

အဖမ်းခံရပြီး ဆယ်နှစ်ချလိုက်တယ်လေ။ အဲဒီတော့ သူ့အဖေက မရှိတော့ဘူး။ ရှိရင် စိတ်ဆင်းရဲရှာမှာ။ အင်းစိန်မှာ တစ်နှစ်ထားပြီးတော့ သရက်ထောင်ကို ရွှေ့ထားတယ်။ အင်းစိန်တုန်းကတော့ ထောင်ဝင်စာကို သူ့မိန်းမ ဝင်းဝင်းပဲ သွားပါတယ်။ ကျွန်မ မလိုက်ပါဘူး။ ဘာလို့လဲဆိုတော့ အင်းစိန်ထောင်မှာ အကျဉ်းသားတွေကို ပေးတဲ့ ထောင်ဝင်စာတွေ့ရတဲ့ပုံစံက ဆိုးရွားလွန်းလို့။ သံဆန်ခါ အမြင့်ကြီးနှစ်ချပ် ကာထားတယ်။ တစ်ချပ်နဲ့တစ်ချပ်က သုံးပေလောက် ခြားထားတယ်။ သံဆန်ခါတစ်ချပ်နောက်က အကျဉ်းသားတွေ၊ မျက်နှာချင်းဆိုင် တစ်ချပ်နောက်က တွေ့ချင်တဲ့လူတွေအားလုံး တန်းစီနေကြရတယ်။ တွေ့တော့ဆိုတော့ တစ်ပြိုင်နက် မျက်နှာချင်းဆုံ စကားပြောကြတာ အသံတွေက ဝေါဝေါနဲ့ စကားလုံးကွဲအောင် ကြားကြရဲ့လား မသိပါဘူး။ အဲဒါ ဆယ်မိနစ်လောက် ဝေါဝေါဖြစ်ပြီး ပြန်ကြဆိုတော့ ပြန်ကြရတာ။ အဲဒါကို အင်းစိန်ထောင် တစ်ခါသွားတုန်းက မြင်ခဲ့ဖူးတယ်။

ရိုးရိုးအကျဉ်းသားတွေကို ဒီလိုအတွေ့ခံစေသလား၊ နိုင်ငံရေး အကျဉ်းသားတွေလည်း ဒီပုံစံပဲလား မသိခဲ့ဘူး။ နို့ပေမယ့် ဒီပုံစံမျိုးဆိုရင် ငါ့သားမတွေ့ရရင်လည်း နေပစေ၊ ငါမတွေ့ဘူးဆိုပြီး တစ်နှစ်လုံး နေတာပါ။ နောက် သူ့ကို သရက်ထောင် ပြောင်းသွားပြီကြားတော့ သရက်တော့ အင်းစိန်ကပုံစံမျိုး ဟုတ်မယ်မထင်ဘူးဆိုပြီး မြေးတွေခေါ်ကာ သရက်ထောင်ကို သွားတွေ့တာပါ။ ထင်တဲ့အတိုင်းပါပဲ၊ သရက်ထောင်ကတော့ လူတွေအများကြီးနဲ့ တစ်ပြိုင်တည်း မတွေ့ခဲ့ရပါဘူး။ သူနဲ့၊ ကိုယ်နဲ့၊ ထောက်လှမ်းရေးနဲ့ တွေ့ရတာပါ။

ကျွန်မ မန္တလေးဆောင်ကြီးထဲမှာ အချုပ်ခံရတုန်းကတော့ ထောင်ဝင်စာပစ္စည်းတော့ မှန်မှန်ရပါရဲ့၊ လူချင်းတွေ့ခွင့်တော့ တစ်ခါမှ မရခဲ့ပါဘူး။